
တက္ကသိုလ်
နေဂလင်းဝဧအောင်
အလွမ်းပင်လယ်
သိုင်းပြင်ကျယ်
တစဉ်(၄)
တတ်သိမ်း

တက္ကသိုလ်

နေလင်းအောင်


# အလွမ်းပင်လယ်သိုင်းပြင်ကျယ်

(စာစဉ်-၄-ဇာတ်သိမ်း)

(၁)

## ကျွန်းတိုက်ပွဲ

လီရှုရှုနှင့် ဝန်ဝေးစန်းတို့သည် သဲသောင်ပြင်ပေါ်၌ အိပ်ပျော်လျက်ရှိကြ၏။

သူတို့အိပ်ပျော်နေသည်မှာ အရေးမကြီး၊ အရေးကြီးသည်မှာ ကျွန်းသားများက ဓား၊ လှံ၊ လေး၊ မြားများကိုင်၍ သူတို့ကိုဝိုင်းကြည့်နေခြင်းဖြစ်သည်။

လီရှုရှု၏မျက်လုံး ပွင့်လာသည်။

"ဟင်"

သူမထိတ်လန့်သွားမိသည်။ သူမ ရုတ်ခနဲ ထထိုင်မိသည်။

မျက်လုံးပေါင်းများစွာ ဝိုင်းဝန်းကြည့်ရှုနေသည် မဟုတ်ပါလော။

လီရှုရှုသည် သူမ၏ဘေးသို့ကြည့်လိုက်သည်။ ဝန်ဝေးစန်းသည် အိပ်မောကျနေလေ၏။

"ဝန်ဝေးစန်း... ထ... ထပါဦး၊ ကျွန်မတို့ကို လူတွေဝိုင်းထားတယ်"

ဝန်ဝေးစန်းသည် လူးလဲထလေ၏။

"ဟင်"

သူသည် သူတို့အား ဝိုင်းကြည့်နေသည့် ကျွန်းသားများကို တစ်ချက်ကြည့်လိုက်သည်။

"ကျုပ်တို့ ဘယ်ရောက်နေသလဲဗျ"

"အနောက်ကျွန်း"

ဝန်ဝေးစန်းသည် လီရှုရှုကို လှမ်းကြည့်လိုက်သည်။ လီရှုရှုက ဟင်းခနဲ သက်ပြင်းချလိုက်၏။

အနောက်ကျွန်းသားတစ်ဦးက....

"ခင်ဗျားတို့ ဘယ်ကလာကြတာလဲ"

"ကျုပ်တို့ လှေဝမ်းပေါက်လို့ ရောက်လာတာပါ"

ဒေသခံကျွန်းသားများသည် သိုင်းပညာတတ်သူများ မဟုတ်ကြပါ။



သူတို့သည် သစ်ဝါးခုတ်ရင်း လီရှုရှုတို့ကိုမြင်သဖြင့် လာကြည့်ကြခြင်းဖြစ်သည်။

"ခင်ဗျားတို့တစ်တွေက ဓားပြတွေလား"

ကျွန်းသားတစ်ဦးက မေးခြင်းဖြစ်သည်။

"ဗျာ...."

ဝန်ဝေးစန်း ဗျာခနဲ ဖြစ်သွားသည်။

"မဟုတ်ပါဘူး၊ ကျုပ်တို့ ဓားပြတွေမဟုတ်ပါဘူး"

ထိုလူက လှေ့ဆီသို့ လက်ညှိုးထိုးပြသည်။

"အဲ့ဒီလှေက ဓားပြတွေ လှေပဲ"

ဝန်ဝေးစန်းက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ သူတို့သေကုန်ကြပြီ"

"ဘာ"

"ဘာဖြစ်လို့ သေတာလဲ"

"ကျုပ်တို့သတ်လို့ သေတာပါ"

"ဘာ"

"ဟုတ်တယ်၊ ကျုပ်တို့နဲ့ယှဉ်ပြိုင်ပြီး သေကြတာပါ၊ ဘယ်သူကမှ သူတို့ကို သူတို့က သတ်သလို မသတ်ပါဘူး"

"ဘာဖြစ်လို့ ခင်ဗျားတို့က သတ်ရတာလဲ"

"ကျုပ်တို့နွားသားရေအိတ်ကြီးကို သူတို့က...."

ဝန်ဝေးစန်းသည် စကားပြောရင်း နွားသားရေအိတ်ကြီးကို

သတိရလာသည်။

သူသည် နွားသားရေအိတ်ကြီးကို ကြည့်လိုက်သည်။ နွားသားရေအိတ်သည် မရှိတော့ပေ။ သူသည် ထိတ်လန့်သွား၏။

"ဟင်... နွားသားရေအိတ်ကြီး မရှိတော့ဘူး... လီရှုရှု"

လီရှုရှုလည်း ထိုအခါကျမှ နွားသားရေအိတ်ကြီးကို သတိရတော့သည်။

မျက်ကလဲဆန်ပျာ ရှာသော်လည်း မတွေ့တော့ပေ။ သူမသည် ကျွန်းသားများကို ကြည့်လိုက်သည်။

"ရှင်တို့... ကျွန်မတို့ အိတ်တစ်အိတ်ကို ယူထားသလား"

"အေး... ယူထားတယ်"

ကျွန်းသားကြီးတစ်ဦးက ဖြေသည်။ ထိုကျွန်းသားကြီးသည် နွားသားရေအိတ်ကို သူ့နောက်၌ဝှက်ထားကြောင်း လီရှုရှုတို့ သိလိုက်ရသည်။

"ကျွန်မတို့အိတ်ကို ပြန်ပေးပါ"

"ဟုတ်တယ်... ကျုပ်တို့အိတ်ကို ပြန်ပေးပါ"

လီရှုရှုနှင့် ဝန်ဝေးစန်းတို့က ပြန်တောင်းလိုက်၏။

ကျွန်းသားကြီးက....

"မပေးနိုင်ဘူး၊ မင်းတို့က ဓားပြလှေတွေက လူတွေပဲ၊ အဲဒီဓားပြလှေက ကျုပ်တို့ကို အမြဲတမ်းဒုက္ခပေးတယ်"

ဝန်ဝေးစန်းက....



"ခင်ဗျားတို့ကို ဒုက္ခပေးတာ ဓားပြတွေပါ၊ ကျုပ်တို့က ဒုက္ခပေးတာ မဟုတ်ပါဘူး၊ အခု ခင်ဗျားတို့ယူထားတဲ့ ပစ္စည်းဟာလဲ ကျုပ်တို့ပစ္စည်းပါ၊ ဓားပြတွေရဲ့ပစ္စည်းမဟုတ်ပါဘူး၊ ဒါကြောင့် ခင်ဗျားတို့ မယူသင့်ပါဘူး"

ဝန်ဝေးစန်းနှင့်လီရှုရှုတို့သည် သဲသောင်ပြင်ပေါ်၌ ထရပ်လိုက်ကြသည်။

ကျွန်းသားကြီးက....

"ဘယ်သူ့ပစ္စည်းဖြစ်ဖြစ် မပေးဘူးကွာ၊ ဓားပြလှေကပါတဲ့ ပစ္စည်းမှန်သမျှ ကျုပ်တို့အကုန်ပြန်ယူရမယ်၊ ဒါမှ တရားမျှတမယ်"

ဝန်ဝေးစန်းသည် ထိုကျွန်းသားကြီးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ဒီမှာ မိတ်ဆွေ ခင်ဗျားတို့တစ်တွေဟာ ရိုးသားတဲ့ကျွန်းသူကျွန်းသားတွေပါ၊ ဒါကြောင့်မို့ ခင်ဗျားတို့ပြောသလို ဓားပြတွေရဲ့အတိုက်အခိုက်ကို ခံခဲ့ရကောင်း ခံခဲ့ရပါ့မယ်၊ ဓားပြတွေရဲ့အနှိပ်စက်ကို ခံခဲ့ရကောင်း ခံခဲ့ရပါ့မယ်၊ ဒါပေမယ့် ကျုပ်တို့က ကျွန်းသူကျွန်းသားတွေကို မနှိပ်စက်ခဲ့ပါဘူး၊ ဒါကြောင့် ကျုပ်တို့ကို ဓားပြတွေနဲ့ တစ်တန်းတစ်စားတည်း မသတ်မှတ်သင့်ပါဘူး"

ဝန်ဝေးစန်းက ဆက်ပြောသည်။

"ကျုပ်တို့က ခင်ဗျားတို့ကို နှိပ်စက်ခဲ့တဲ့ဓားပြတွေကို အသေသတ်ခဲ့ပြီးပြီ၊ မျိုးဖြုတ်ခဲ့ပြီးပြီ၊ ခင်ဗျားတို့တွေကိုလဲ ဓားပြတွေ

နဲ့ တစ်တန်းတစ်စားတည်းထားပြီး ကျုပ်တို့က မဆက်ဆံပါဘူးဗျာ၊ ခင်ဗျား တို့ကို ဒုက္ခရာမရစေချင်ဘူး၊ ဒါက ကျုပ်တို့ရဲ့စေတနာပါဗျာ"

"ဟား... ဟား... ဟား"

ကျွန်းသားများသည် တဟားဟား ရယ်မောကြလေတော့သည်။

ဝန်ဝေးစန်း ဒေါသထွက်သွားသည်။

"မရယ်ပါနဲ့၊ ဘာဖြစ်လို့ ခင်ဗျားတို့ ရယ်ကြတာလဲ၊ ခင်ဗျားတို့ကို ကျုပ်တို့က ညာနေတယ်လို့ အောက်မေ့နေသလား"

ကျွန်းသားများသည် ရယ်မောမြဲ ရယ်မောနေကြ၏။

"ကောင်းပြီ၊ ခင်ဗျားတို့ထဲက ကြိုက်တဲ့လူထွက်၊ ခင်ဗျားတို့ကိုင်ထားတဲ့လက်နက်နဲ့ ကျုပ်တို့ကို ထိခိုက်ရှနာအောင် မလုပ်နိုင်ရင် ကျုပ်တို့ပစ္စည်းကို ပြန်ပေး၊ ဘယ့်နှယ်လဲ... သူ့ကိုလဲ မိန်းကလေးဆိုပြီး ညှာနေဖို့မလိုဘူး၊ ထိခိုက်ရှနာအောင် တိုက်နိုင်တယ်"

ထိုအခါ ကျွန်းသားကြီးက တဟားဟား ရယ်မောရင်း ပြောလာလေသည်။

"အနောက်ကျွန်းကျားကြီးကိုများ တစ်ယောက်ချင်းတိုက်မယ်လို့ မင်းက ပြောရဲသေးတယ်၊ ကျုပ်ကို ဒီကျွန်းမှာ ဘယ်သူမှမလှန်ရဲဘူး၊ မင်းတို့နှစ်ယောက်လုံးကို ကျုပ်တစ်ယောက်တည်း တိုက်နိုင်တယ်ကွ"

ဝန်ဝေးစန်းက....



"အနောက်ကျွန်းကျားကြီးတဲ့လား"

"ဟုတ်တယ်... ကျုပ်နာမည် အနောက်ကျွန်းကျားကြီးတဲ့"

"နှစ်ယောက်တစ်ယောက် မတိုက်ပါနဲ့ ကျုပ်နဲ့တစ်ယောက်ချင်းပဲ တိုက်ပါ"

လီရှုရှုသည် ရယ်မောနေလေသည်။

အနောက်ကျွန်းကျားကြီးက....

"ဟေ့ကောင်... မင်းဟာ အတော်လျှာရှည်တဲ့ကောင်ပဲ၊ မင်းတစ်ယောက်တည်းဆိုရင် ငါ့ဓားကြီးတောင် မလိုဘူးကွ၊ ငါ့လက်သီးတစ်ချက်တည်းနဲ့ မင်းသေသွားလိမ့်မယ်"

သူသည် သူ၏ဓားကြီးအား သဲသောင်ပြင်ပေါ်သို့ ပစ်ချလိုက်သည်။

ထို့နောက် နွားသားရေအိတ်ကြီးကိုလည်း ပစ်ချလိုက်ပြန်သည်။

လီရှုရှုက နွားသားရေအိတ်ကြီးကို သတိထားကြည့်၏။ နွားသားရေအိတ်ကြီးမှာ အနေအထား မပျက်သေးပေ။

သူမသည် အထဲမှ ကျွန်းသေတ္တာပျောက်သွားမည်ကို စိုးရိမ်နေသည်။

သို့သော် အနေအထားမပျက်သဖြင့် ကျွန်းသေတ္တာကိုစိုးရိမ်ရန်လည်း မလိုတော့ပါ။

သဲသောင်ပြင်ပေါ်၌ အနောက်ကျွန်းကျားကြီးနှင့်ဝန်ဝေး

စန်းတို့ ရင်ဆိုင်လျက် ရှိကြပေပြီ။

သူတို့နှစ်ယောက်မှာ ဆင်နှင့်ဆိတ် လို ဖြစ်နေသည်။

ဝန်ဝေးစန်း၏ခန္ဓာကိုယ်မှာ မသေးငယ်သော်လည်း အနောက်ကျွန်းကျားကြီးမှာ ကြီးမားကြံ့ခိုင်လွန်းလှသည်။

ဝန်ဝေးစန်းထက်လည်း ခေါင်းတစ်လုံးခန့် ပိုမြင့်နေသည်။

သို့သော် လီရှုရှုကတော့ ဝန်ဝေးစန်း၏သိုင်းပညာစွမ်းအားကို ယုံကြည်ထားပြီးဖြစ်သည်။

ဝန်ဝေးစန်း၏တိုက်ကွက်များကို သိမြင်ထားပြီးဖြစ်၍ ဘာမှမပူပင်ပေ။

ကျွန်းသားများသည် အနောက်ကျွန်းကျားကြီးအား အော်ဟစ်အားပေးနေသည်။

ကျားကြီးသည် ဝန်ဝေးစန်းအား လှည့်ပတ်ချောင်းမြောင်းနေသည်။

သူသည် တစ်လှမ်းချင်း ရှေ့တက်လာ၏။ ဝန်ဝေးစန်းကမူ ရပ်ကြည့်နေသည်။

သူသည် ဝန်ဝေးစန်းအား လက်သီးဖြင့် ထိုးလိုက်လေ၏။

"ဝိုး"

"ဖတ်"

ဝန်ဝေးစန်းသည် သူ့မျက်နှာဆီ ပြေးဝင်လာသောလက်သီးကို ဖမ်းဆုပ်လိုက်၏။



လက်သီးမှာ ဝန်ဝေးစန်း၏လက်တွင်း၌ ဖမ်းမိသွားသည်။

ကျားကြီးသည် သူ့လက်သီးကိုပြန်လည် ဆွဲနုတ်ယူလိုက်၏။ ထိုအခါ ဆွဲနုတ်၍ မရတော့ပေ။

အဘယ်ကြောင့်ဆိုသော် ကျားကြီး၏လက်သီးအား ဝန်ဝေးစန်းက အတွင်းအားထုတ်၍ ဖမ်းဆုပ်ထားသောကြောင့်ပေတည်း။

ဝန်ဝေးစန်း၏မျက်နှာမှာ ပြုံးပြုံးလေးဖြစ်သည်။ မျက်နှာကြောကြီးတင်းနေပြီးမှ လက်သီးကိုဖမ်းဆုပ်ထားခြင်း မဟုတ်ပေ။

ကျားကြီးမှာ အလွန်စိတ်ဆိုးလာသည်။ မျက်နှာကြီး နီရဲနေသည်။

ထို့ကြောင့် ဘယ်လက်ဖြင့် ထပ်မံ ထိုးချလိုက်ပြန်သည်။

"ဝိုး"

"ဖတ်"

သူ၏ဘယ်လက်သီးကိုလည်း ဝန်ဝေးစန်းက ဖမ်းဆုပ်လိုက်ပြန်၏။

ကျားကြီးသည် သူ၏လက်သီးကို ဆွဲနုတ်၏။ မရပြန်ပေ။

ကျားကြီး၏တစ်ကိုယ်လုံးမှ အကြောအခြင်များ အမြောင်းမြောင်းထလာ၏။

သူ၏လက်နှစ်ဖက်ကို အတင်းဆွဲသည်။ ဝန်ဝေးစန်းက လုံးဝ ဖမ်းချုပ်ကိုင်ထားသည်။

ဝန်ဝေးစန်း၏အမူအရာမှာ အေးဆေးသက်သာရှိနေသည်။

ဝိုင်းဝန်းကြည့်ရှုနေသော ကျွန်းသားများမှ မြင်ကွင်းကို အလွန်အံ့သြနေကြလေ၏။

တစ်ဦး၏မျက်နှာမှာ ပြုံးချိုနေပြီး တစ်ဦး၏မျက်နှာမှာ ဒေါသဖြင့် မာကြမ်းနေသည်။

မာကြမ်းနေသူမှာ သူတို့ ဘက်တော်သား အနောက်ကျွန်းကျားကြီးဖြစ်လေ၏။

ကျားကြီးမှာ သူ့ကျွန်းသားရှေ့၌ အရှက်ကွဲရသဖြင့် ပိုဒေါသဖြစ်နေသည်။

ထို့ကြောင့် သူသည် ခြေထောက်တစ်ဖက်ဖြင့် လှမ်းကန်လိုက်၏။

"ဝိုး"

"ဖြန်း"

ဝန်ဝေးစန်းက သူ၏ခြေထောက်တစ်ဖက်ဖြင့် လှမ်းကန်လိုက်ရာ ကျားကြီးမှာ မခံမရပ်နိုင် နာကျင်သွားပြီး ထော့နဲ့ထော့နဲ့ဖြစ်သွားလေ၏။

"မင်း... မင်း... မင်း"

ကျားကြီးသည် တိုက်ခိုက်စရာမရှိတော့သည့်အဆုံး၌ သူ၏ဦးခေါင်းဖြင့် ဝန်ဝေးစန်းအား ငုံ့တိုက်လိုက်သည်။

"ဝိုး"

"ဝုန်း"



ဝန်ဝေးစန်းသည် သူ့ဦးခေါင်းနှင့်ခံပေးလိုက်ရာ ဝုန်းခနဲမြည်သွားပြီး ကျားကြီး၏ဦးခေါင်းမှ သွေးများဖြာကျလာသည်။

"ဟာ... သွေးတွေ သွေးတွေ"

ကျွန်းသားများက အော်ဟစ်ကြ၏။

ကျားကြီးမှာ လက်နှစ်ဖက်လည်း ဖမ်းဆုပ်ခံထားရသည်။ ဦးခေါင်းမှသွေးများလည်း ဖြာကျလာသည်။ အားလုံးအရှုံးချည်းပင်။

"ကျားကြီး... ကျားကြီး၊ ပြန်ချ... ပြန်ချ"

ကျွန်းသားများက အော်ဟစ်အားပေးကြ၏။

ဝန်ဝေးစန်းက ထိုအသံများကို ကြားလိုက်ရသောအခါ မျက်နှာထားပြုံးချိုသွားသည်။

ယခုပင်လျှင် ကျားကြီးသည် သူ့လက်ထဲ၌ ကြွက်ကလေးဖြစ်နေပြီ မဟုတ်ပါလော။

ကျားကြီးမှာ ဝန်ဝေးစန်း၏လက်ထဲ၌ ရုပ်သေးရုပ်ကလေးတစ်ရုပ် ဖြစ်နေပေပြီ။

လီရှုရှုက....

"ရှင်တို့က ရှင်တို့လူကို ပြန်ချ... ပြန်ချလို့ အော်နေကြတယ်၊ ကဲ... ရှင်တို့လူကို ကြည့်စမ်းပါဦး၊ ဟိုမှာမျက်နှာကြီး ရှုံ့မဲ့နေပြီ၊ နာလွန်းလို့ ဖြစ်နေတာ၊ ဒါကို ရှင်တို့က ချိုင်းနေလို့ရမလား၊ ရှင်တို့ထဲမှာ ဝင်တိုက်ချင်တဲ့လူရှိရင် ထွက်ခဲ့၊ အဲဒီလိုတော့ မြှောက်ပေးမနေနဲ့"

ကျွန်းသားများသည် ဆူဆူညံညံဖြစ်သွား၏။ ဝင်တိုက်ရန် တစ်ယောက်တစ်ပေါက် လှုံ့ဆော်နေခြင်းဖြစ်သည်။

"ဝင်ချကွာ"

"အရမ်းမလုပ်နဲ့ ကျားကြီးတောင် ခံနေရတာ"

"ဟေ့… ကြောက်ရင်နေခဲ့၊ တို့တော့ ဝင်တိုက်မယ်"

ထိုသို့ ဝရုန်းသုန်းကား ဖြစ်နေစဉ် ဝန်ဝေးစန်းသည် ဖမ်းဆုပ်ထားသည့် ကျားကြီး၏လက်ကို ဆုပ်ခြေဖျစ်ညှစ်လိုက်၏။

"ဖြွတ်… ဖြွတ်… ဖြွတ်"

"အား… ဖြွတ်… ဖြွတ်… ဖြွတ်"

ကျားကြီးသည် နာကြည်းစွာ အော်ဟစ်လိုက်သည်။

ဝန်ဝေးစန်းက ကျားကြီး၏လက်များကို ချိုးပစ်လိုက်ခြင်း ဖြစ်ပေသည်။

သူသည် ရှုံ့မဲ့အော်ဟစ်လိုက်ရာ ချွေးများစီးကျနေသော မျက်နှာမှာ ပို၍ ကြောက်ရွံ့စရာဖြစ်သွားလေသည်။

သူသည် လက်နှစ်ခုစလုံး ကျိုးကြေသွားပြီဖြစ်၍ သူ၏ဓားမကြီးကိုလည်း မကိုင်နိုင်တော့ချေ။

နွားသားရေအိတ်ကိုလည်း မကိုင်နိုင်တော့ချေ။

သူသည် ကျားကြီးကို တွန်းလွှတ်လိုက်သည်။ ကျားကြီးမှာ နောက်သို့ ဒယီးဒယိုင်ဆုတ်သွားသည်။

"ကဲ… မှတ်ပြီလား၊ ကျုပ်နဲ့တိုက်ချင်သူရှိရင် ထွက်ခဲ့၊ ကျုပ်



နဲ့မတိုက်ချင်လို့ ဟောဒီမိန်းကလေးနဲ့ တိုက်ချင်တယ်ဆိုရင်လဲ ထွက်ခဲ့၊ ဘယ်သူနဲ့မဆို တိုက်လို့ရတယ်"

ထိုစဉ် ကျွန်းသားထဲမှ လှံကိုင်ကျွန်းသားတစ်ဦးသည် ထွက်လာလေသည်။

လီရှူရှူက….

"ရှင်တစ်ယောက်တည်းလား မလုပ်ပါနဲ့၊ ရှင်တစ်ယောက်တည်းဆို ကြည့်မကောင်းပါဘူး၊ အဖော်တွေ ခေါ်လိုက်ပါဦး၊ ဒါမှ ပျော်ပျော်ပါးပါး တိုက်ရတာပေါ့"

လီရှူရှူသည် ထိုလူများကို ထပ်မံစိန်ခေါ်လိုက်သည်။

ထိုအခါ ကျွန်းသားသည် နောက်လူများအား လှည့်ခေါ်လိုက်သည်။

"ဟေ့ကောင်တွေ လာကြ၊ သူက မိန်းကလေးပဲ၊ မိန်းကလေးက စိန်ခေါ်နေတာ ငါတို့ ဘယ်ရှောင်လွှဲလို့ဖြစ်မလဲ၊ လာကြ ဝိုင်းတိုက်ကြ"

ထိုအခါ ကျွန်းသားငါးဦး ထွက်လာသည်။ ပထမလှံ့ဆော်သူနှင့် ပေါင်းခြောက်ဦး ဖြစ်သည်။

လှံကိုင်ထားသူ ပထမဦးဆုံးကျွန်းသားက စတင်တိုက်ခိုက်လေသည်။

ထိုသူသည် လီရှူရှူအား လှံဖြင့် ထိုးသွင်းလိုက်သည်။

လီရှူရှူသည် ရင်ဝသို့ထိုးဝင်လာသောလှံကို ကစ်လက်မခန့်

အလိုတွင် ဆတ်ခနဲ ဆီးဖမ်းလိုက်သည်။

လုံသည် သူမ၏လက်တွင် ကျောက်သား ကျောက်စိုင်အလား နိုင်နိုင်မြဲမြဲ ဖမ်းဆီးရမိနေ၏။

ထိုကျွန်းသားသည် လုံကိုဆွဲနုတ်၏။ နုတ်၍ မရပေ။ ထိုအခါ ထိုးသွင်းပြန်သည်။

ထိုးသွင်း၍လည်း မရချေ။ ထိုကျွန်းသားမှာ ချွေးများပြန်လာသည်။

လီရှုရှုက....

"ရအောင် ဆွဲစမ်းပါရှင့်"

ထိုကျွန်းသားသည် မျက်နှာအပျက်ပျက်နှင့်ခြေစုံကန်၍ လုံကိုဆွဲတော့သည်။ လုံကား လုံးဝမရွေ့လျားချေ။

"မရဘူးလား၊ ဒါဆိုရင် ရှင်တစ်ဝက် ကျွန်မတစ်ဝက် လုပ်လိုက်မယ် ဖြစ်မလား"

ကျွန်းသားကား စကားပြန်မရချေ။ သူ့လုံကိုသာ အသေအကျေဆွဲနေသည်။

လုံကလည်း လုံးဝ ပြန်ထွက်မလာချေ။

လီရှုရှုသည် လုံအလယ်ကို လက်ဝါးစောင်းနှင့် ခုတ်လိုက်သည်။

"ဖြောင်း"

"ဟာ"



လုံသည် ကျိုးထွက်သွားပြီး ကျွန်းသားသည် ဖင်ထိုင်လဲကျသွားလေ၏။

✣✣✣

(၂)

## ပြေလည်သည့်ခရီး

လီရှုရှု၏လက်ထဲ၌ လှံသွားကျန်ခဲ့သဖြင့် လီရှုရှုသာ လှံသွားဖြင့် ပစ်ခတ်လိုက်လျှင် ထိုကျွန်းသားမှာ သေဖွယ်ရာသာရှိတော့သည်။

သို့သော် လီရှုရှုမှာ လူသတ်သမားမဟုတ်ပါ။

သူမသည် လှံကိုပင်လယ်ပြင်ထဲသို့ ပစ်လွှတ်လိုက်၏။ လှံသည် အလွန်ဝေးကွာသည့်အရပ်သို့ ပျံထွက်သွားသည်။

မှိန်းကိုင်သောကျွန်းသားသည် ပြေးဝင်လာပြန်၏။



မှိန်းတံသည် လီရှုရှု၏ရင်ထဲသို့ တန်းဝင်လာ၏။

လီရှုရှုက ရှောင်တိမ်းပြီး ခြေထောက်ဖြင့် ကန်လိုက်ရာ ထိုလူမှာ ဝှန်းခနဲ လွင့်စဉ်သွားလေ၏။

"ဝှန်း"

"အား"

လေးသမားကျွန်းသားသည် ဒူးထောက်လိုက်ပြီး လေးကို တင်လိုက်၏။

"ကဲ… ဒီလောက်တော်တဲ့မိန်းမ၊ ကျုပ်မြားကို ရှောင်နိုင်ရင် ရှောင်စမ်း"

သူသည် ပြောပြောဆိုဆို လေးနှင့်ပစ်လိုက်၏။

"ဝှစ်"

လီရှုရှုသည် မြားတံကို လက်နှင့်ဖမ်းဆုပ်ထားလေ၏။

ထိုအခါ လေးသမားမှာ ပါးစပ်အဟောင်းသားဖြစ်သွားတော့သည်။

သူ့မြားတံသည် လီရှုရှု၏လက်ထဲ၌ရောက်နေသည် မဟုတ်ပါလော။

"ဒီမြားတံကို ဘာလုပ်ရမလဲ"

သူမသည် မြားတံကို ပင်လယ်ဘက်သို့ ပစ်လွှတ်လိုက်ပြန်သည်။

မြားတံသည် ပင်လယ်ထဲသို့ ဝိုးခနဲထွက်သွား၏။

လေးသမားသည် သူ၏လေးနှင့်မပစ်ခတ်ရဲတော့ချေ။

ထိုစဉ် ပုဆိန်သမားသည် ပုဆိန်ကြီးကို ဝှေ့ယမ်းရင်း ဝင်လာသည်။

သူဝှေ့ယမ်းဝင်လာပုံမှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ဝှေ့ယမ်းဝင်လာမှန်း သိသာသည်။

"ရှင့်ပုဆိန်ကို မြဲမြဲကိုင်ထားနော်၊ မလွှတ်လိုက်နဲ့… လက်ထဲက လွတ်ကျမသွားစေနဲ့"

လီရှုရှုက ထိုသူကြောက်နေမှန်းသိ၍ လှောင်ပြောင်သရော်လိုက်ခြင်း ဖြစ်သည်။

ပုဆိန်သမားသည် ရှက်ရမ်းရမ်းပြီး လီရှုရှုအား ပုဆိန်ဖြင့် လွှဲခုတ်လိုက်၏။

လီရှုရှုက ရှောင်လိုက်သည်။

"ဗိုး"

"ဗိုး"

ပုဆိန်သမားသည် ဘယ်ပြန်ညာပြန်ခုတ်လေတော့၏။

လီရှုရှုသည် ရှောင်ရင်း နောက်ဆုတ်ပေးသည်။

ထိုအခါ ပုဆိန်သမားသည် ရဲတင်းလာ၏။ သူသည် ရှေ့တိုးပြီး ရဲရဲတင်းတင်း ခုတ်လာသည်။

လီရှုရှုသည် ထပ်မဆုတ်တော့ပေ။ ခေါင်းပဲရှောင်ကာ လက်ကိုဖမ်းဆုပ်လိုက်သည်။



ထို့နောက် ပခုံးစောင်းတင်၍ ပေါက်ချလိုက်ရာ ပုဆိန်သမားသည် ပုဆိတ်လွတ်ကျသွားပြီး ခွေးကျ့ကျသွားလေ၏။

"ဝုန်း"

"အား"

ကျွန်းသားများမှာ လက်နက်အမျိုးမျိုးနှင့် တိုက်ခိုက်သော်လည်း တိုက်ခိုက်၍မနိုင်သည့်မိန်းကလေးကို လန့်သွားလေ၏။ သူတို့သည် နောက်ဆုတ်ပြေးကြတော့သည်။

"ဟား… ဟား… ဟား… လာကြလေ လာကြပါဦး၊ ကျုပ်တို့ကို လာတိုက်ပါဦး'

ဝန်ဝေးစန်းက ခေါ်လိုက်၏။

အတန်ကြာမှ အနောက်ကျွန်းကျားကြီးမှာ မင့်တင့်ဖြင့် ချဉ်းကပ်လာလေ၏။

"ဆရာ… ဆရာ၊ ဆရာတို့ပစ္စည်းလေး"

အနောက်ကျွန်းကျားကြီးသည် နွားသားရေအိတ်ကြီးကို တံတောင်ဆစ်၌လွယ်လျက် လာရောက်ပေးအပ်လေ၏။

"အဲဒီလိုမှပေါ့"

"ကျုပ်တို့ဟာ ဆရာတို့ကို ဓားပြတွေနဲ့ အပေါင်းအပါတွေလို့ မှတ်လို့ပါဗျာ၊ ဆရာတို့ သီးခြားသာသိရင် မတိုက်ပါဘူး"

"ကျုပ်တို့ကလဲ မဟုတ်ပါဘူးလို့ ပြောရုံ ကလွဲလို့ တခြားဘာသက်သေမှမရှိဘဲဗျာ၊ ကျုပ်တို့ ဓားပြတွေမဟုတ်ပါဘူးလို့ ပြော

ခဲ့သားပဲ"

"အခုတော့ ယုံပါပြီဗျာ"

"ယုံရမှာပေါ့၊ ကျုပ်တို့ဟာ ဓားပြတွေမှမဟုတ်ဘဲ၊ ဓားပြတွေကိုတောင် သတ်ခဲ့တဲ့လူတွေပါ၊ ခင်ဗျားတို့ ကျွန်းသားတွေဟာ အပြစ်မဲ့တဲ့ လူတွေဆိုတာသိလို့ ကျုပ်တို့တစ်ယောက်မှ မသတ်တာပေါ့၊ နည်းနည်းပါးပါး ဒဏ်ရာရအောင်ပဲ ကျုပ်တို့လုပ်ခဲ့တယ်"

"ဟုတ်ပါတယ်ဗျာ၊ ဆရာတို့ အထင်လွဲပြီး မချေမငံဆက်ဆံမိတာကို ခွင့်လွှတ်ပါ ဆရာ"

"ဟာ... ခွင့်လွှတ်ပါတယ် ခွင့်လွှတ်ပါတယ်၊ တကယ်တော့ ကျုပ်တို့လဲ ဒုက္ခရောက်နေတဲ့လူတွေပါပဲ၊ ကျုပ်တို့ ခင်ဗျားတို့ကို မနှိပ်စက်တာဟာ ခင်ဗျားတို့က ကျုပ်တို့ကို မနှိပ်စက်အောင်လို့ပါ၊ ကျုပ်တို့ ခင်ဗျားတို့ကိုသတ်မယ်ဆိုရင်ရတယ်၊ ဒါပေမယ့် သေသွားတဲ့လူဟာ ကျုပ်တို့နဲ့ပူးပေါင်းဆောင်ရွက်နိုင်မှာ မဟုတ်တော့ပါဘူး"

အနောက်ကျွန်းကျားကြီးသည် ဝမ်းသာသွား၏။ မျက်နှာကြီး ဝင်းထိန်သွားသည်။

"ဟာ... ဝမ်းသာလိုက်တာ ဆရာရယ်... ဆရာတို့နှစ်ယောက်ရဲ့ သိုင်းပညာစွမ်းကိုတွေ့ရတော့ ကျုပ်တို့ အရမ်းအားကျမိပါတယ်၊ ကျုပ်တို့အသုံးမကျတာတွေကိုလဲ ရှက်မိပါတယ်၊ ဆရာတို့ ကျုပ်တို့ကိုမသတ်ဘဲ အသက်ချမ်းသာပေးတာကိုလဲ ကျုပ်တို့သဘောပေါက်ကြပါတယ်၊ ကျုပ်တို့တောင်းပန်ချင်တာ တစ်ခုရှိပါ



တယ်"

"ဘာများ တောင်းပန်ချင်လို့လဲ"

"ကျုပ်တို့ကျွန်းသားတွေကို သိုင်းပညာနည်းနည်းပါးပါး သင်ပေးခဲ့ပါလို့ ကျုပ် တောင်းပန်ချင်တာပါ၊ ကျုပ်အတွက် မဟုတ်ပါဘူး၊ ကျုပ်လက်ချောင်းတွ ကျုပ်အပြစ်နဲ့ကျုပ်ကြေကုန်ပြီပဲ၊ ကျွန်းသားတွေအတွက်ပါ၊ နောင် ဓားပြတွေ ဘာတွေလာတဲ့အခါ သူတို့ကို ခုခံနိုင်အောင်လို့ပါ"

ကျားကြီး၏စကားများကို ဝန်ဝေးစန်းနှင့် လီရှူရှူတို့နားထောင်နေကြ၏။

ဝန်ဝေးစန်းက....

"သင်ပေးရတာပေါ့ဗျာ၊ သိုင်းပညာဆိုတာ သူတစ်ပါးကို အနိုင်ကျင့်ဖို့ပညာ မဟုတ်ပါဘူး၊ ကိုယ့်ကိုစော်ကားလာရင် ပြန်ခုခံဖို့ပါ၊ ခင်ဗျားတို့ ကျွန်းသားတွေကိုစုထားပါ၊ သိုင်းပညာကို ကျုပ်တို့ခွဲဝေသွားပါ့မယ်"

ဝန်ဝေးစန်းက....

"ခင်ဗျားလက်ချောင်းတွေကို အားလုံးကြေမွကုန်အောင် ကျုပ် ညှစ်လိုက်တာမဟုတ်ပါဘူး၊ ကျုပ် ကြည့်ပါရစေ"

အနောက်ကျွန်းကျားကြီးသည် လက်နှစ်ဖက်ကို ရှေ့သို့ထိုးပြလေ၏။

ဝန်ဝေးစန်းသည် လက်ကိုဆွဲယူပြီး အဆစ်တစ်ဆစ်ကို ကိုင်

တွယ်ပြုပြင်ပေးသည်။ ထို့နောက် လက်နှစ်ဖက်စလုံးကို ခါချပစ်လိုက်သည်။

"ကဲ... ခင်ဗျား လက်ကိုဖြန့်ကြည့်ပါဦး၊ ကျုပ် အဆစ်တွေကို ပြန်ပြုပြင်ပေးလိုက်ပါပြီ"

အနောက်ကျွန်းကျားကြီးသည် သူ့လက်ကိုခါယမ်းကြည့်လေ၏။ လက်သည် အကောင်းပကတိဖြစ်သွားလေပြီ။

"အကောင်းပကတိတော့ ဖြစ်သွားပြီ၊ တစ်ရက်လောက် အဝတ်နဲ့စည်းထားရင် ပိုကောင်းတယ်"

"ဟုတ်ကဲ့ဆရာ"

အနောက်ကျွန်းကျားကြီးသည် ဝန်ဝေးစန်းအား လွန်စွာကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်နေလေ၏။

ထိုအခါ နောက်သို့ဆုတ်ပြေးသွားသော ကျွန်းသူကျွန်းသားများလည်း ရှေ့သို့ဝိုင်းအုံလာကြသည်။

သူတို့ခေါင်းဆောင် အနောက်ကျွန်းကျားကြီးနှင့် သိုင်းသမားတို့ပြေလည်မှုရရှိသွားကြပြီ မဟုတ်လော။

ဤကျွန်းသားထဲများ၌ ဒဏ်ရာရသူဆို၍ ကျားကြီးတစ်ယောက်သာရှိရာ ဝန်ဝေးစန်းအတွက် ကျန်လူများမှာ ဒုက္ခမပေးတော့ချေ။

ကျားကြီးက....

"ကျုပ်တို့ရွာသားတွေမှာ ဓား၊ လှံ၊ လေး၊ မြားတွေ ရှိပါတယ်၊ မိုန်းတွေရှိပါတယ်၊ ဒါပေမယ့် ဒီကျွန်းကိုကပ်လာတဲ့ဓားပြတွေကိုတော့ ကျုပ်တို့မနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က သိုင်းပညာ တတ်တာကိုး"

ရွာသားတစ်ယောက်တည်း ထောက်ခံသည်။

"ဟုတ်ပါတယ် ဆရာ၊ ကျုပ်တို့ဟာ ဓားပြတွေကိုတော့ လုံးဝမယှဉ်နိုင်ပါဘူး၊ သူတို့ကလဲ ကျုပ်တို့ဆို ခွေးနိုင်နွားနိုင်နိုင်တာပါပဲ"

ဝန်ဝေးစန်းက....

"အဲဒီအတွက်တော့ မပူပါနဲ့ဗျာ၊ ကျုပ် ခင်ဗျားတို့အတွက် တစ်ခုခုစီစဉ်ပေးပါ့မယ်၊ ကဲ... အခု ကျုပ်တို့နားဖို့ လိုသေးတယ်ဗျာ၊ ကျုပ်တို့နားဖို့ တဲကနားတစ်ခုခု စီစဉ်ပေးပါဦး"

ကျားကြီးက....

"ဟာ... စိတ်ချပါဆရာ ကျုပ်စီစဉ်ပေးပါ့မယ်၊ ဒီကျွန်းပေါ်မှာ ဆရာတို့ စိတ်ချမ်းသာသလောက် နေပါဆရာ"

ကျားကြီးသည် သူ၏ကျွန်းသားများနှင့်သွားရောက် တိုင်ပင်လိုက်၏။

ထို့နောက် ဝန်ဝေးစန်းတို့ဘက်သို့ ပြန်လှည့်လာသည်။

"မပူနဲ့ဆရာ၊ ကျွန်တော်တို့ ဆရာ့အတွက် အကောင်းဆုံးနေရာကို ခေါ်သွားပေးပါ့မယ်"

ကျားကြီးသည် သူ့လူများအား အော်ပြောလိုက်၏။

"ကဲ... ငါတို့ ဆရာတို့ကို ဥဒေါင်းမောင်နှံတောင်ဆီ ခေါ်

သွားမယ်၊ မင်းတို့ထဲက တစ်ဝက်က ဆရာတို့စားဖို့သောက်ဖို့ အစီအစဉ်လုပ်ကြ၊ နောက်ပြီး ဥဒေါင်းမောင်နံ့တောင်ဆီ လိုက်ခဲ့ကြ"

အချို့တစ်ဝက်သည် တောတွင်းသို့ဝင်သွားကြ၏။ အချို့တစ်ဝက်က ဝန်ဝေးစန်းတို့နှင့်အတူ ဥဒေါင်းမောင်နံ့တောင်ဆီသို့ လိုက်ကြသည်။

လီရှူရှူသည် နွားသားရေအိတ်ကြီးကို ပခုံးပေါ်သို့ထမ်းတင်လိုက်၏။

ကျွန်းသားတစ်ဦးသည် ကပျာကယာ အပြင်သို့ထွက်လာသည်။

"အစ်မလေး... ဒီအိတ်ကြီးကို ကျုပ်ထမ်းပါရစေ၊ အစ်မလေး မထမ်းပါနဲ့"

လီရှူရှူသည် ပြုံးလိုက်လေ၏။

သူတို့နှင့် ကျွန်းသားများ ပြေလည်သွားကြလေပြီ။

"နေပါစေရှင်၊ ကျွန်မအိတ်က မလေးပါလှဘူး၊ ကျွန်မ သယ်နိုင်ပါတယ်၊ ခရီးအဝေးကြီးတောင် ကျွန်မ သယ်လာခဲ့ပြီးပြီပဲရှင်၊ ဒီခရီးတော့ အပျော့ပေါ့"

ကျွန်းသားသည် ခေါင်းညိတ်ပြီး နောက်ပြန်ဆုတ်သွားလေ၏။

**ရှေ့ဆုံးမှ အနောက်ကျွန်းကျားကြီးက ဦးဆောင်ပြီး ခေါ်သွားသည်။**



ဝန်ဝေးစန်းနှင့် လီရှူရှူတို့က နောက်မှလိုက်ကြလေ၏။ သူတို့နောက်မှ ကျွန်းသားများ လိုက်ကြရသည်။

ဥဒေါင်းမောင်နံ့တောင်သို့ သူတို့သည် နေ့ဝက်ခရီးမျှ သွားကြရသည်။

ခရီးလမ်းမှ ချောမွေ့သဖြင့် အခက်အခဲမရှိပေ။ သူတို့သည် နေ့ဝက်ခရီးနှင့် ဥဒေါင်းမောင်နံ့တောင်သို့ ရောက်ရှိသွားကြလေ၏။

(၃)

## အနောက်ကျွန်းဟူသည်

ဥဒေါင်းမောင်နှံမှာ ကျွန်း၏အလယ်လောက်၌ ရှိသည်။

စိမ်းလန်းစိုပြည်သော သစ်တော၊ ဝါးတောရှိသောတောင်ဖြစ်သည်။

သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်ဆတ် စသည့်တိရစ္ဆာန်များလည်း ပေါသည်။

ထိုတိရစ္ဆာန်များ မည်သည့်နေရာက ရောက်လာသည်ကို မည်သူမျှမသိကြချေ။



သစ်ကြီးဝါးကြီးများ ပေါက်သည့် တောင်ဖြစ်နေ၍ တိရစ္ဆာန်များ ပေါက်ပွားနေသည်လားတော့ မသိပေ။

တောင်ထွတ်ပိုင်းတွင်မူ သစ်ပင်ကြီးများ မပေါက်သေး။ အပင်ပုအပင်သေးကလေးများသာ ပေါက်သည်။

တောင်ထိပ်မှကြည့်လျှင် အရပ်လေးမျက်နှာသို့ မြင်နိုင်သဖြင့် မည်သည့်အရပ်မျက်နှာသို့ ဆင်းဆင်း တောင်ထိပ်မှဆင်းနိုင်သဖြင့် အဆင်ပြေလှသည်။

အရှေ့ဘက်သို့ မျှော်ကြည့်လိုက်သောအခါ သစ်ပင်များကိုကျော်၍ လီရှုရှုနှင့် ဝန်ဝေးစန်းတို့တက်ရောက်ခဲ့သည့် သဲသောင်ပြင်ကြီးကို မြင်ရသည်။

ကျားကြီးတို့လူစုနှင့်တိုက်ခိုက်ခဲ့ကြရသော သဲသောင်ပြင်ကြီးပင်။

ထိုသဲသောင်ပြင်ကြီးမှာ ဆိပ်ခံတံတားကဲ့သို့ ဖြစ်နေသည်။

လှေများဆိုက်ကပ်လာမည်ဆိုလျှင် ဤသဲသောင်ပြင်၌သာ ဆိုက်ကပ်နိုင်ပေသည်။

အနောက်ဘက်သို့ကြည့်လျှင် တောတန်း တောင်တန်းနှင့် ပင်လယ်ကမ်းစပ်မှ ကျောက်တန်းများကို မြင်တွေ့ရသည်။

တောင်ဘက်နှင့်မြောက်ဘက်မှာလည်း ထိုနည်းလည်းကောင်းပင်၊ သစ်ပင်တောအုပ်များ ရှိသော်လည်း ပင်လယ်ကမ်းစပ်၌ကျောက်တန်းများသာ ရှိသဖြင့် လှေသမ္ဗာန်များ ဆိုက်ကပ်ရန်ခက်

သောနေရာ ဖြစ်ပေသည်။

ကျားကြီးက....

"ကဲ... ဆရာတို့ကြည့်ကြပါ၊ ဂူတွေက အများကြီးပဲ၊ ဆရာတို့ ကြိုက်တဲ့ဂူထဲမှာ နေနိုင်ပါတယ်"

ကျားကြီးက တောင်ထိပ်ရှိဂူများကို ပြသည်။

ဂူများရှေ့၌လည်း ပြန့်ပြူးသော မြေအနေအထားရှိသဖြင့် သိုင်းလေ့ကျင့်မည်ဆိုက အဆင်ပြေလှသည်။

ဝန်ဝေးစန်းသည် ဂူတစ်ဂူ၌နေပြီး လီရှုရှုက ဂူတစ်ဂူ၌နေ သည်။

အနောက်ကျွန်းကျားကြီးနှင့် ကျွန်းသားသုံးယောက်သည် အခြားဂူတစ်ဂူ၌ နေကြသည်။

ကျားကြီးမှာ ဝန်ဝေးစန်းနှင့် လီရှုရှုတို့ကို အလွန်လေးစားသဖြင့် ဤသို့လာရောက် အတူတကွနေခြင်းဖြစ်သည်။

သူလေးစားမည်ဆိုလည်း လေးစားထိုက်သည်။

ဝန်ဝေးစန်းသည် သူတို့ဓားပြများမဟုတ်ကြောင်း ရှင်းပြ သည်။

ဝန်ဝေးစန်းလုပ်လိုက်သဖြင့် သူလက်ချောင်းများ ဒဏ်ရာရ သည်။

လီရှုရှုကတော့ သူနှင့်တိုက်ခိုက်သမျှ ကျွန်းသားများအား ဒဏ်ရာရအောင်မလုပ်။



ပြီးတော့ ဝန်ဝေးစန်းနှင့် ကျွန်းသားများ အဆင်ပြေသွားကြသည်။

ထိုအခါ သူလက်ချောင်းမှ ဒဏ်ရာများကို ပြန်လည်ကုသပေးသည်။

ထို့ကြောင့် သူသည် ဝန်ဝေးစန်းနှင့် လီရှုရှုတို့အား လေးစားသွားခြင်းဖြစ်ပေသည်။

မကြာမီ ခွဲထွက်သွားသည့် ကျွန်းသားများသည် စားနပ်ရိက္ခာများနှင့်ရောက်ရှိလာသည်။

သူတို့ယူလာသည့်ပစ္စည်းများမှာ များပြားသည်။ သစ်သီးဝလံများနှင့် အသားခြောက်များ ဖြစ်သည်။

ကျွန်းသားများမှာ ရောက်သည်နှင့်ချက်ပြုတ်သင့်သည့်အရာများကို ချက်ပြုတ်ပြီး ကင်သင့်သည့်အသားခြောက်များကိုကင်ပြီး ဝန်ဝေးစန်းနှင့် လီရှုရှုတို့စားသောက်ရန် ဖွယ်ဖွယ်ရာရာ ပြင်ဆင်ပေးကြသည်။

ဝန်ဝေးစန်းနှင့် လီရှုရှုတို့သည် စားသောက်ပြီးသည်နှင့် အနားယူကြသည်။

ဝန်ဝေးစန်းက....

"ကျုပ်တို့ ဒီကျွန်းပေါ်မှာ သိုင်းလေ့ကျင့်စရာရှိတယ်၊ အဲဒီတော့ ဂူရှေ့က ကွက်လပ်မှာ ကျုပ်တို့သိုင်းလေ့ကျင့်ကြမယ်၊ အဲဒီအခါမှာ သိုင်းပညာသင်ချင်တဲ့ ခင်ဗျားရဲ့အဖွဲ့ဝင်တွေကိုလဲ ကြည့်ပါစေ၊

သူတို့လဲ နားမျက်စိအလေ့အကျင့်ရသွားအောင်လို့ပါ"

"စိတ်ချပါဆရာ၊ ကျွန်တော့်အဖွဲ့ဝင်တွေ ကြည့်ပါမယ်၊ သူတို့ကို အနောက်ဘက်က ဂူထဲမှာ စခန်းချဖို့ သွားပြောလိုက်ပါဦးမယ်"

"ကောင်းတယ်"

"သြော်... ဒါထက် ဆရာတို့ သိုင်းလေ့ကျင့်မယ်အချိန်က"

"နက်ဖြန် မနက်မှပါ၊ ဒီညတော့ ကျုပ်တို့ စောစောအိပ်ရမယ်၊ သိပ်ပင်ပန်းနေပြီ"

"နားပါဆရာ... နားပါ"

ကျားကြီးသည် သူ့လူများကိုခေါ်၍ အနောက်ဘက်ရှိဂူများ၌ နေရာချထားပေးလိုက်သည်။ ထိုလူများမှာ ရိက္ခာယူလာသောလူစုဖြစ်သည်။

ဝန်ဝေးစန်းက လီရှုရှုအား ပြောလိုက်သည်။

"ကဲ... လီရှုရှု၊ စားပြီးသောက်ပြီးပြီ အနားယူဖို့ပဲ ကျန်တော့တယ်၊ နက်ဖြန်မနက်ကျရင် ဗွယ်စုံသိုင်းကျမ်းထဲက သိုင်းပညာတွေကို လေ့ကျင့်ကြတာပေါ့ ဟုတ်လား"

လီရှုရှုသည် သူမအတွက် သတ်မှတ်ထားသောဂူရှိရာသို့ သွားသည်။ အနားယူအိပ်စက်တော့သည်။

အနောက်ကျွန်းကျားကြီးကား ဝန်ဝေးစန်းနှင့်လီရှုရှုတို့အတွက် အလွန်လိုအပ်သောအဖော်မွန် ဖြစ်ခဲ့သည်။

သူတို့လိုအပ်ချက် မှန်သမျှကို ကျားကြီးက ဖြည့်စွမ်းခဲ့



သည်။

ကျားကြီးက....

"ဆရာတို့ကို ကျုပ်ကူညီပါရစေ၊ လိုအပ်တာရှိတာကိုလဲ ပြောပါ၊ ကျုပ်ကိုလဲ သိုင်းပညာသင်ပေးပါ"

ကျားကြီးမှာ သိုင်းပညာကို တကယ်သင်ယူလိုသူဖြစ်သည်။

အခြားအဖော်မှာ တတိတတိဖြင့် တောင်ထိပ်မှ ထွက်ခွာသွားကြသည်။

ကျားကြီးတစ်ယောက်သာ ကျန်ရစ်တော့သည်။

ကျားကြီးသည် ဝန်ဝေးစန်းနှင့် လီရှုရှုတို့သိုင်းပညာလေ့ကျင့်နေသည်ကိုကြည့်ပြီး တစ်စုံတစ်ခုကို သဘောပေါက်လာလေ၏။

ဤသည်မှာ ဆရာသည်တပည့်မဖြစ်ဘဲ သိုင်းပညာကိုပြီးမြောက်အောင် သင်မပေးနိုင်ခြင်းကိုတည်း။

သိုင်းပညာအခြေခံမှစ၍ ပြည့်ပြည့်စုံစုံ သင်ယူနိုင်ရန် ဝန်ဝေးစန်းကို ဆရာတင်မှ ဖြစ်မည့်အခြေအနေကို ကျားကြီးသိရှိသွားသည်။

ထို့ကြောင့် ကျွန်းသားများ တတိတတိ ဆုတ်ခွာသွားသည့်တိုင် သူက ရှောင်ခွာမသွားဘဲ ဝန်ဝေးစန်းတို့နှင့်အတူ နေခဲ့ခြင်းဖြစ်သည်။

ဝန်ဝေးစန်းတို့၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးနေခဲ့သည်။

လီရှူရှူကလည်း ကျားကြီးအား ခင်မင်ပါသည်။ ကျားကြီးသည် အလွန်ဖင်ပေါ့သူ မဟုတ်ပါလော။

ယမန်နေ့ကလည်း သစ်လုံးများနှင့် ဝါးလုံးများကို လီရှူရှူ လေ့ကျင့်ရန် သူ ခုတ်ပေးခဲ့ရသေးသည် မဟုတ်ပါလော။

သစ်လုံးများကို ခုတ်ပေးရခြင်းမှာ အကြောင်းရှိသည်။ ထိုသစ်လုံးများကို မြေတွင် စိုက်ပေးရခြင်းဖြစ်သည်။

ဒူးဆစ်အရွယ်မှ လူနှစ်ရပ်အမြင့်အထိ သစ်လုံးများကို စိုက်ပေးရသည်။

အကွာအဝေး မှာလည်း မတူပေ။ အချို့က တစ်တောင်၊ နှစ်တောင်၊ တစ်လံအထိ ကွာခြားပေသည်။

လီရှူရှူအတွက် ထိုတိုင်မြင့်များမှာ လိုအပ်ပေသည်။ သူမသည် ထိုတိုင်များကိုနင်း၍ သိုင်းကွက်လေ့ကျင့်ရခြင်းဖြစ်သည်။

ထို့ပြင်၊ အမြင့်မှခုန်ချခြင်း၊ အမြင့်သို့ ခုန်တက်ခြင်း၊ ဓားရေးလေ့ကျင့်ခြင်း၊ ကိုယ်ဖော့ပညာနှင့်ပတ်သက်သည့် လေ့ကျင့်ခန်းများကိုလည်း အကြိမ်ကြိမ် ပြုလုပ်ရသည်။

တောင်ကမ်းပါးယံမှ ချောက်ထဲသို့ ခုန်ချခြင်းမျိုးကိုလည်း လေ့ကျင့်ရသည်။

ဥဒေါင်းမောင်နံ့တောင်တစ်ဘက်တွင် ရေတံခွန်တစ်ခုရှိသည်။

ထိုနေရာ၌လည်း သွားရောက်လေ့ကျင့်ရသည်။ ရေလုံးကို



ဦးထိပ်(ငယ်ထိပ်)ဖြင့် ခံယူလေ့ကျင့်ရသည်။

ထိုရေလုံးကြီးအောက်တွင် အတွင်းအားထုတ်ပြီး ခံနိုင်ရည်ရှိအောင် လေ့ကျင့်ရသည်။

လီရှူရှူ ရေတံခွန်အောက် ဝင်ရောက်နေသည့်အခါ ဝန်ဝေးစန်းနှင့် အနောက်ကျွန်းကျားကြီးတို့သည် လီရှူရှူ၏ ခံနိုင်ရည်ကို စောင့်ကြည့်နေခဲ့ကြရ၏။

ကျားကြီးက....

"ကျုပ် သဘောမပေါက်ဘူးဆရာ၊ ဒီရေလုံးဒဏ်ဝင်ခံလို့ အစ်မလေး ဘယ်လိုအကျိုးရှိမှာလဲ"

ဝန်ဝေးစန်းက ရယ်လိုက်၏။

"အကျိုးရှိတာပေါ့ ကျားကြီးရယ်၊ အကျိုးမရှိတဲ့အလုပ်ကို ကျုပ်တို့က လုပ်ပါ့မလား၊ ကျုပ်တို့လက်ထဲမှာ စွယ်စုံသိုင်းကျမ်းကြီးရှိတယ်၊ အဲဒီထဲကနည်းတွေနဲ့ ကျုပ်တို့ဆောင်ရွက်နေတာပါ၊ ခင်ဗျားကိုတော့ အကျယ်ရှင်းမပြနိုင်ဘူး၊ ရှင်းပြလဲ ခင်ဗျာသဘောပေါက်မှာမဟုတ်ဘူး၊ ခင်ဗျားအကျဉ်းချုပ်မှတ်ထားဖို့က ဒီလေ့ကျင့်နည်းဟာ လီရှူရှူအတွက် အကျိုးရှိတယ်ဆိုတာကိုပါပဲ"

"ဟုတ်ကဲ့ပါ ဆရာ"

"သစ်လုံးဝါးလုံးတွေနဲ့ လေ့ကျင့်တာလဲ ဒီအတိုင်းပဲ၊ ခင်ဗျားက သိုင်းပညာ အခုမှစသင်ရတော့ ကြီးမားတဲ့လေ့ကျင့်ခန်းတွေကို ကျုပ်က ပြောမပြတာပါ"

"ဟုတ်ကဲ့ပါ ဆရာ"

"ကျားကြီး... ဒီတောင်က သစ်ကြီးဝါးကြီးတွေနဲ့ တကယ့် မြိုင်မြိုင်ဆိုင်ဆိုင် ရှိတာပဲ၊ ဒီတောင်ထိပ်ကလဲ အမြင့်ကြီးမဟုတ်ဘူး၊ ကျွန်းရဲ့မျှော်စင်လို ဖြစ်နေတယ်၊ တော်တော်ကြည့်လို့ကောင်းတယ်"

"ဟုတ်တယ်ဆရာ၊ ဒီတောင်မှာ ရေတံခွန်ဖြစ်နေတာကို ကြည့်၊ ပင်လယ်ထဲက ကျွန်းနော်... ဒီထက်မြင့်တဲ့တောင်လဲ မရှိဘူး၊ အဲဒီပေါ်ကကျနေတဲ့ ရေလုံးတွေဟာ ကျုပ်စိတ်ထင်ရေအောက် မြေအောက်က တက်လာတဲ့ရေတွေပဲ ဖြစ်လိမ့်မယ်"

"ဟုတ်တယ်... ကျုပ်လဲ အဲဒါကို စဉ်းစားနေတာ၊ ဒီထက် မြင့်တဲ့တောင်လဲ ရှိမယ်၊ သစ်တောဝါးတောကြီးလဲ ရှိမယ်ဆိုရင်တော့ တစ်မျိုးပေါ့၊ အင်း... ခင်ဗျားပြောသလို မြေအောက်ရေတွေပဲ ပြန် တက်လာတာဖြစ်နိုင်ပါတယ်"

ထိုစဉ် လီရှုရှုသည် ရေတံခွန်ရေလုံးအောက်မှ ထွက်လာသည်။

လီရှုရှုသည် ရေလုံးဒဏ်ကို အတော်ခံနိုင်သည်။ ယခင်နှစ် ရက်ကထက် ပိုခံနိုင်သည်။

ဝန်ဝေးစန်းက....

"လီရှုရှု... မင်း ရေလုံးဒဏ်ကို တော်တော်ခံနိုင်လာပြီ၊ အ ရင်ရက်တွေထက်ကို ပိုခံနိုင်တယ်၊ ဒီလိုသာ လေ့ကျင့်သွားရင်တော့ မင်းဟာ မကြာခင်မှာ ထိပ်သီးသိုင်းသမား တစ်ယောက်ဖြစ်လာမှာ



ပဲ"

လီရှုရှုက ပြုံးရယ်၍ ပြောသည်။

"အဲဒါ ရှင့်ကျေးဇူးတွေပါပဲ၊ ရှင်သာမကူညီရင် ကျွန်မ ဒီအ ခြေအနေထိ မရောက်နိုင်ပါဘူး၊ ဒီက အနောက်ကျွန်းကျားကြီးကိုလဲ ကျေးဇူးတင်ပါတယ်၊ ရှင်မကူညီရင်လဲ ကျွန်မတို့ ဒီထက် ပိုပင်ပန်း ရမှာပါ"

ကျားကြီးက....

"အစ်မလေးတို့ကိုကူညီရတာ မပင်ပန်းပါဘူးဗျာ၊ ကျုပ် ဒီ ကျွန်းမှာနေနေတာ ဒီလောက်ကတော့ အမြဲ အလုပ်လုပ်နေရတာပါ ပဲ"

လီရှုရှုသည် ကျားကြီးအား ပြုံးကြည့်နေ၏။

ဝန်ဝေးစန်းက....

"တို့က ဒီတောင်နဲ့ ရေတံခွန်အကြောင်း မေးနေတာ ကျား ကြီးကလဲ ရှင်းပြတာ"

လီရှုရှုက....

"ဟုတ်တယ် ကျားကြီး၊ ဒီဥဒေါင်းမောင်နှံတောင်အကြောင်း ရှင်မသိဘူးလားဟင်၊ သိရင်ပြောပြပါလား"

"ကျုပ်လဲ တခြားကျွန်းသားတွေ သိသလောက်ပဲ သိပါ တယ်၊ ကျုပ်က ပိုမသိပါဘူးဗျာ"

"အို... အဲဒီသိတာကိုပဲ ကျွန်မတို့ကိုပြောပြပေါ့၊ ကျွန်မတို့လဲ

ဒီကျွန်းမှာနေနေတော့ ဒီအကြောင်းကို သိသင့်တာပေါ့"

ကျားကြီးက....

"ကျုပ်ကတော့ ပြောချင်ပါတယ်၊ ဒါပေမယ့် ဒီကျွန်းရဲ့ကျွန်းစောင့်နတ် တောင်စောင့်နတ်တွေက မကြိုက်ရင် ကျုပ်ကိုအပြစ်ပေးပါလိမ့်မယ်"

ဝန်ဝေးစန်းက....

"ဘာဖြစ်သလဲဗျာ၊ ကျုပ်တို့လဲ ဒီကျွန်းပေါ်က ရေကိုသောက် ဒီကျွန်းပေါ်က အစားတွေကိုစားနေကြပြီပဲ၊ ဒီကျွန်းသားတွေဖြစ်နေပါပြီဗျာ၊ ခင်ဗျားရဲ့ကျွန်းစောင့်နတ်နဲ့တောင်စောင့်နတ်က မကြိုက်မရှိတော့ပါဘူး"

"ဆရာတို့က ရေခြားမြေခြားကလာတဲ့လူတွေ မဟုတ်လား၊ ဒါကြောင့်မို့ပါ"

"အလျင်ကတော့ ရေခြားမြေခြားကပေါ့၊ အခုတော့ ကျွန်းသားဖြစ်နေပါပြီ၊ မကြောက်ပါနဲ့ ပြောပါဗျာ"

"ဒီလိုဆိုရင် ခဏလောက်နေပါဦးဗျာ"

ကျားကြီးသည် မျက်စိမှိတ်၍ တတွတ်တွတ် ရွတ်ဆိုနေ၏။ အတန်ကြာမှ မျက်စိပြန်ဖွင့်လာသည်။

"ကျုပ်က ကျွန်းစောင့်နတ်နဲ့တောင်စောင့်နတ်တွေဆီ ခွင့်တောင်းနေတာပါ၊ ဆရာတို့ကိုပြောပြတဲ့အတွက် ကျုပ်ကို အပြစ်မယူပါနဲ့လို့"



ဝန်ဝေးစန်သည် ကျားကြီး၏ရိုးသားမှုကို ပြုံးမိလေ၏။

သူက....

"သူတို့ကိုခွင့်တောင်းပြီးမှပြောတော့ ပိုကောင်းတာပေါ့၊ စိတ်သန့်တာပေါ့၊ ကဲ... ပြောပေတော့ဗျာ"

ဤသို့ဖြင့် အနောက်ကျွန်းကျားကြီးသည် ဉဒေါင်းမောင်နှံတောင်၏ဒဏ္ဍာရီကို ပြောပြလေတော့၏။

+:+:+

(၄)

**လွမ်းဆွတ်ဖွယ်ဇာတ်လမ်း**

အနောက်ကျွန်း....။

အနောက်ကျွန်းသည် ပင်လယ်ပြင်ထဲ၌ တစ်ခုတည်းရှိသော ကျွန်းကြီးဖြစ်သည်။

ဤကျွန်းသို့ လူသူအရောက်အပေါက် မရှိသလောက် ဖြစ်သည်။

သစ်ကြီးဝါးကြီးများ ထူထပ်စွာ ပေါက်ရောက်သဖြင့် သားရဲတိရစ္ဆာန်များလည်း များစွာရှိသည့်ကျွန်းဖြစ်သည်။



တစ်ခါတစ်ရံ၌ မုန်တိုင်းမိ၍ လှေသင်္ဘောများ ပျက်စီးသောအခါ လူများသည် အနောက်ကျွန်း၌ လာရောက်သောင်တင်တတ်၏။

ထိုသောင်တင်သောလူများမှာ ရေနစ်၍မသေ၊ သားရဲတိရစ္ဆာန်ကိုက်၍ သေကျေရသည်။

ထို့ကြောင့် ထိုကျွန်းသို့ရောက်ရှိသမျှ လူသားများမှာ ပြည်မနှင့် အခြားဒေသများသို့ ပြန်လည်မရောက်ရှိတော့ဘဲ အားလုံးသေဆုံးကုန်ကြသည်။

ဤအနောက်ဘက်၌ ကျွန်းကြီးတစ်ကျွန်းရှိကြောင်းကိုလည်း မည်သူမျှ သိခွင့်မရကြတော့ချေ။

ဤကျွန်းသည် လူ့ဂှက်ချက်မရှိဘဲနှင့် အလိုအလျောက် လျှို့ဝှက်တိမ်မြုပ်နေလေ၏။

အနောက်ကျွန်းကို မှီတင်းနေထိုင်သော တိရစ္ဆာန်များမှာ များပြားစွာရှိသည်။

ထိုတိရစ္ဆာန်များအနက် ဥဒေါင်းမျိုးမှာ တန်ခိုးရှိသော တိရစ္ဆာန်မျိုးနွယ်များဖြစ်သည်။

ဥဒေါင်းများမှာ အခြားတိရစ္ဆာန်များနှင့် မတူ။ လုပခြင်း၊ သိမ်မွေ့ခြင်း၊ ယဉ်ကျေးခြင်းတို့ရှိပေသည်။

အမွေးအတောင်များမှာ လွန်စွာ လှပသကဲ့သို့ သွားလာလှုပ်ရှားမှုမှာလည်း ကြန့်ငြာရသည်။

လူယောင်ဖန်ဆင်းနိုင်သော တိရစ္ဆာန် များဖြစ်သောကြောင့်

အခြားတိရစ္ဆာန်များထက် အသိဉာဏ်ရှိသည်ဟု ပြောနိုင်သည်။

သို့သော် အနောက်ကျွန်းတစ်ခုလုံး၌ ထိုသို့လူယောင်ဖန်ဆင်းနိုင်သော ဥဒေါင်းမျိုးမှာ လွန်စွာနည်းပါးပါသည်။

ထိုဥဒေါင်းမျိုးကို 'တောက်'ဥဒေါင်းမျိုးဟု ခေါ်သည်။

ထိုအချိန်၌ 'ရိရှာ'ဆိုသော ဥဒေါင်းဖိုနှင့် 'မေလျှံ'ဆိုသော ဥဒေါင်းမတို့ချစ်ကြိုက် ချစ်ကျွမ်းဝင်လျက်ရှိသည်။

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး မမြင်ရမနေနိုင်ဖြစ်နေကြသည်။

ကျွန်း၏အလယ်ဗဟို၌ တောင်ရှိပြီး ထိုတောင်မှာလည်း သစ်ကြီးဝါးကြီးများဖြင့် စိမ်းညို့နေသည်။

ရေတံခွန်ကြီး၌ ရေများကလည်း ရှိသည်။ အလွန်သာယာသည်။ ထိုရေတံခွန်ကြီး၌ ချစ်သူနှစ်ဦးချစ်တင်းနှီးနှောလေ့ရှိသည်။

ထိုအချိန်တွင် ချစ်သူနှစ်ဦး ကွေကွင်းရန် ကြမ္မာဆိုးဝင်ရောက်လာခဲ့သည်။

ထိုကြမ္မာကား အနောက်ကျွန်းသို့မုန်တိုင်းဝင် ရောက်ခဲ့ခြင်းတည်း။

သူတို့သည် မကွဲကွာသွားစေရန် တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ပွေ့ဖက်ထားကြလေ၏။

သူတို့နှစ်ဦး၏ တစ်သက်၌ ဤကဲ့သို့ဆိုးရွားသော ရာသီဥတုမျိုးကို မဆုံဘူးခဲ့ကြပေ။



"အင်မတန် ကြောက်စရာကောင်းတဲ့မုန်တိုင်းပဲနော် ရိရှာ"

"ဟုတ်တယ်... ငါလဲ ဒီလိုမုန်တိုင်းမျိုးကို တစ်ခါမှမတွေ့ခဲ့ဖူးဘူး မေလျှံ"

ရိရှာသည် မေလျှံအား ပွေ့ဖက်ထားရင် ပြောလိုက်သည်။

"ခုနေ မုန်တိုင်းကြားမှာ မေလျှံ သေသွားရင် ရိရှာ ဘယ်လိုလုပ်နေရစ်မလဲဟင်"

"ဟို... မဟုတ်မဟပ်တွေ မပြောပါနဲ့ မေလျှံရယ်"

"မေလျှံ... မေးတာကိုသာ ပြောပါ ရိရှာ၊ အဲဒီအခါကျရင် ရိရှာ ဘာလုပ်မလဲဟင်"

မေလျှံ၏အမေးစကားကို ရိရှာ မဖြေချင်ပါ။ ချစ်သူ၏စကားကိုကြားပြီး ရိရှာ ညှိုးရိပ်သမ်းသွားပါသည်။

မေလျှံနှင့်သေကွဲကွဲရမည် ဆိုသောစကားကို လုံးဝမကြားချင်ပါ။

ချစ်သူက သေစကားပြောသည်ကို ကြားလျှင်ကြားချင်း ရင်ထဲဆို့သွားပါသည်။

တကယ်ဖြစ်ခဲ့လျှင် သူခံနိုင်မည်မဟုတ်ပါ။ သူလည်း ရင်ကွဲနာကျ၍ သေဆုံးမည်ဖြစ်ပါသည်။

"ဖြေလေ... ရိရှာ"

မေလျှံက ထပ်မံမေးမြန်းလေ၏။

"ရိရှာလဲ လိုက်သေမှာပေါ့ မေလျှံရယ်"

မေလျှံက ရိရှာအား ချစ်ရည်ရွှန်းလဲ့သော မျက်လုံးများဖြင့် မော့ကြည့်၏။

ရိရှာကလည်း ချစ်သူအား မွေးကြူလိုက်၏။

"မေလျှံလဲ အဲဒီလိုပါပဲ ရိရှာရယ်၊ ရိရှာသာ မရှိရင် မေလျှံ ဒီလောကထဲမှာ မနေတော့ပါဘူး ရိရှာရယ်"

မေလျှံသည် ချစ်သူရင်ခွင်ထဲ ကြည်နူးစွာ တိုးဝင်လိုက်သည်။

ရိရှာက....

"နေလဲ အတူတူ သေလဲအတူတူ တို့မခွဲဘူးနော် မေလျှံ"

မုန်တိုင်းသည် ငြိမ်သက်သွား၏။ ရာသီဥတု ပြန်လည်သာယာခဲ့လေပြီ။

"နက်ဖြန် လာဦးမှာလား မေလျှံ"

ရိရှာက မေးမြန်းလိုက်၏။

မေလျှံက....

"ရိရှာက တွေ့ချင်လို့လားကွယ်"

"ဘယ်လိုပြောလိုက်တာလဲ မေလျှံရယ်၊ နေ့တိုင်းပဲ တွေ့ချင်တာပေါ့ မေလျှံ"

ရိရှာက မေလျှံ၏လက်ဖဝါးကလေးအား ဖျစ်ညှစ်လိုက်၏။

"ဒါဆိုရင်လဲ လာခဲ့မယ် ရိရှာ"

မေလျှံသည် ချစ်သူ၏လိုအင်ကို ဖြည့်စွမ်းချင်သူဖြစ်၏။ ချစ်



သူ့မျက်နှာညှိုးသည်ကို ခံလိုသူမဟုတ်ချေ။

"ဆက်ဆက်လာခဲ့ကွယ်"

ရိရှာက မေလျှံအား နှုတ်ဆက်လိုက်၏။

မေလျှံက ခေါင်းညိတ်လိုက်လေ၏။

သူမ ရိရှာအား ကျောခိုင်းလိုက်သည့်ခဏ၌ အရောင်အသွေး အမွေးအမှင်များ လွန်စွာ လှပသည့်ဒေါင်းပျိုမလေး တစ်ကောင်အဖြစ်သို့ပြောင်းလဲသွားတော့၏။

ဒေါင်းမလေးသည် နောက်သို့လှည့်ကြည့်လိုက်၏။

ရိရှာလည်း အမွေးဖွားဖွားနှင့် အရောင်တောက်ပသည့် ဒေါင်းဖိုတစ်ကောင် ဖြစ်နေသည်ကို တွေ့ရှိရသည်။

ဒေါင်းနှစ်ကောင်သည် တဒင်္ဂခွဲခွာကြလေ၏။

ထိုအချိန်တွင် အနောက်ကျွန်း၏သဲသောင်ပြင်ထက်၌ လူရွယ်တစ်ဦး မှောက်လျက်သား လဲလျောင်းနေ၏။

သူ၏ပတ်ဝန်းကျင်တွင် လှေပျက်မှ သစ်သားစများ၊ စည်ပျက်မှသစ်သားစများ၊ ရွက်ဖျင်အစုတ်များ၊ ကြိုးများ စသဖြင့် ပွံ့နှံ့နေ၏။

သေချာသည်မှာ ထိုလူရွယ်သည် မုန်တိုင်းမိပြီး လှေပျက်လာခြင်းတည်း။

မုန်တိုင်းကြောင့် သဲသောင်ပြင်၌ ပစ္စည်းအစုတ်အပြတ်များ ပြည့်လျှမ်းနေခြင်းဖြစ်တော့သည်။

မကြာမီ လဲလျောင်းနေသည့်လူငယ်သည် သတိရလာ၏။

သူသည် သတိရလျှင်ရချင်း ဓါးမှတားကို စမ်းသည်။ ဓားသည် 'သူ့ကိုယ်နှင့်မကွဲမကွာ ရှိနေသည်။

ထိုဓားမှ တစ်ပါး တခြားပစ္စည်းများ လုံးဝမရှိတော့ချေ။

သူသည် ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ သက်ရှိလူတစ်ဦးမျှ မရှိချေ။

အသက်ကိုပြင်းပြင်းရှူပြီး ထရပ်လိုက်လေ၏။ သူသည် သေကံမရောက်သေးသဖြင့် အသက်မပျောက်သေးချေ။

သည်ကျွန်း၌ သူတစ်ဦးတည်းသာ အသက်ရှင်ရောက်ရှိခဲ့ခြင်း ဖြစ်ပုံရလေသည်။

သူသည် စိတ်ထဲမှ တွေးလိုက်၏။

"ဒီလောက်ကျယ်တဲ့ ပင်လယ်ကြီးကိုတောင် ငါကျော်ဖြတ်နိုင်ခဲ့သေးတာ၊ ဒီကျွန်းလောက်တော့ ငါ ဘာမှုမလဲ"

သူသည် ဓါးမှတားကို ဆွဲထုတ်လိုက်ပြီး ကျွန်းပေါ်သို့ အားမာန်အပြည့်နှင့်တက်ခဲ့တော့၏။

တကယ်တော့ ထိုလူရွယ်မှာ ပြည်မမှာ ရာဇဝတ်ဒဏ်သင့်လာသူတစ်ဦး ဖြစ်ပေသည်။

သူ့အား ကျွန်းဒဏ်အပြစ်ပေးလိုက်ခြင်း ဖြစ်သည်။

တောင်ကျွန်း၌ ချထားအပြစ်ပေးရန် အကျဉ်းကျလှေဖြင့်ထွက်လာခဲ့သော်လည်း မုန်တိုင်းဒဏ်သင့်၍ လှေပျက်စီးခဲ့ရသည်။



သူတစ်ယောက်တည်း မဟုတ်ပေ။ အကျဉ်းကျသူ ဆယ်ဦးပါလာခဲ့သည်။ အစောင့်စစ်သည်ရဲမက်များလည်း ပါလာသည်။

သို့သော် အကျဉ်းသားကိုးဦးနှင့် စစ်သည်ရဲမက်များ အားလုံး ပင်လယ်ထဲရေနစ်၍ သေဆုံးကုန်သည်။

သူတစ်ဦးတည်း အသက်ရှင်လွတ်မြောက်လာခြင်း ဖြစ်သည်။

သူ့အမည်ကား 'မာရီစန်' တည်း။

သူသည် ထင်ရာလုပ်တတ်သူဖြစ်၏။ လုပ်သည့်အလုပ်များမှာလည်း မကောင်းချေ။

တဖောက်ကန်း တစ်ဇွတ်ထိုးလုပ်တတ်သဖြင့် တဖောက်ကန်း မာရီစန်ဟု ပြည်မသိုင်းလောက၌ ခေါ်ဆိုကြသည်။

သူမည်မျှ မကောင်းမှုများကို လုပ်သော်လည်း ကြီးမားသောအပြစ်ဒဏ် မခံရချေ။

ယခုလည်း ဆန်ခိုးမမိ ဖွဲခိုးမိပြီး အဖမ်းခံရခြင်းဖြစ်သည်။

သူ့အား ဖမ်းဆီးသည့်စစ်သည်ရဲမက်များကို ခုခံသဖြင့်နောက်ဆုံး မြို့စားက သူ့အား ကျွန်းပို့အပြစ်ဒဏ်ပေးလိုက်ခြင်းဖြစ်သည်။

ငရဲကလူ ပြာပူမကြောက်ဆိုသကဲ့သို့ မာရီစန်ကတော့ ဘယ်ပို့ပို့ ဂရုစိုက်သူမဟုတ်ချေ။

ပင်လယ်ထဲ၌ မုန်တိုင်းမိသောအခါ အချို့အကျဉ်းသားများ

သည် အချုပ်အနှောင်များမှ လွတ်မြောက်သွားကြသည်။ ထိုအထဲတွင် မာရီစန်လည်း ပါသည်။

မာရီစန်သည် စစ်သည်ရဲမက်များ မုန်တိုင်းမိ၍ ဒုက္ခရောက်နေစဉ် ထိုးခုတ်တိုက်ခိုက်ခဲ့သည်။

တစ်ဘက်က မုန်တိုင်းဒဏ်၊ တစ်ဘက်က မာရီစန်၏ဒဏ်ကို ခံရသော စစ်သည်ရဲမက်များမှာ သေကြေပျက်စီးကြရတော့သည်။

သူသည် စစ်သည်ရဲမက်များအား ထိုးခုတ်သတ်ဖြတ်ပြီး ပျဉ်တစ်ချပ်ကိုဆွဲကာ ရေထဲသို့ခုန်ချခဲ့လေတော့၏။ ပျဉ်တစ်ချပ်ဖြင့် သူသည် ရေထဲမျှောခဲ့ခြင်းဖြစ်သည်။

ယခုတော့ သူ့ကံကြမ္မာကား သူ့ကိုအသက်ရှင်သန်ခွင့်ပေးခဲ့လေပြီ။

တခေါက်ကန်း မာရီစန်သည် ကျွန်းကိုလှည့်ပတ်ကြည့်ရှုပြီးနောက် ကျွန်း၏အလယ်ဗဟိုတောင်ထွတ်၌ နားခိုခြင်းသာ အသင့်လျော်ဆုံးဖြစ်သည်ဟု ယူဆသည်။

ထို့ကြောင့် ကျွန်းအလယ်ဗဟို တောင်ထွတ်သို့ တက်ရောက်ခဲ့သည်။

နောက်တစ်နေ့ တောင်ထွတ်ပေါ်သို့ သူရောက်ခဲ့သည်။

ထိုစဉ် တောင်ထိပ်ရေတံခွန်ဝယ် ဒေါင်းမလေး မေလျှံသည် ချစ်သူကိုစောင့်စားရင်း ရေချိုးနေလေ၏။ သူမ၏ကိုယ်ကို သန့်စင်စေချင်သည်။



သို့မှသာ သူတို့သန့်သန့်ရှင်းရှင်း ချစ်တင်းနှီးနှောနိုင်မည် မဟုတ်ပါလား။

တခေါက်ကန်းမာရီစန်သည် ရေတံခွန်ရေအိုင်ဆီသို့ ရောက်ရှိသွား၏။

ရေသံကြားရသဖြင့် သူသည် ထင်ထင်ပေါ်ပေါ်မသွားဘဲ ချုံကွယ်တစ်ခုမှ ချောင်းမြောင်းကြည့်ရှုလိုက်သည်။

“အလိုလေးလေး... လှလိုက်တဲ့မိန်းကလေးပါလား”

တခေါက်ကန်း မာရီစန်၏နှုတ်မှ ဤသို့ယောင်ယမ်း၍ ထွက်သွား၏။

မြင်ရသောမြင်ကွင်းက သူ့ရင်အား တဒိုင်းဒိုင်း တုန်လှုပ်သွားစေသည်။

သူသည် မိန်းကလေးအား ကြည့်၍ မိန်းမောနေရှာ၏။

သူသည် ယခင်က မ,ဆိုသောသတ္တဝါများနှင့် ကင်းကင်းရှင်းရှင်း သီးသီးခြားခြားရှိခဲ့သည်။

မည်သည့်အခါကမျှ မ,သတ္တဝါကို တောင့်တဖူးခြင်းမရှိခဲ့ချေ။

ယုတ်စွအဆုံး မိန်းမပျိုတစ်ဦးတလေနှင့်ပင် စကားပြောဆိုဖူးခြင်း မရှိခဲ့ချေ။

လူမှန်းသိတတ်စကတည်းက သိုင်းပညာနှင့် လုံးထွေးအချိန်ကုန်ခဲ့သည်။

မ,ကိစ္စမှတစ်ပါး အခြား မဟုတ်တရုတ်မှန်သမျှ အကုန်လုပ်ခဲ့သည်။

ထို့ကြောင့် ထိုကဲ့သို့ လူအဖို့ ချောမောလှပသော မိန်းကလေးတစ်ယောက်ကိုတွေ့လိုက်ရသောအခါ မိန်းမောသွားရခြင်း ဖြစ်တော့သည်။

မေလျှံ၏အသားအရေများမှာ ဝါဝင်းစိုတင်းနေ၏။ အမို့အမောက် အရှိက်အပိုက်များမှာ သူနေရာနှင့်သူ မို့ မောက်ရှိက်ပိုက်နေသဖြင့် သူသည် မေလျှံကိုကြည့်ရင်း အာခေါင်များ ခြောက်လာတော့သည်။

သူတစ်ကိုယ်လုံး၌ ရမ္မက်များ ပြည့်လျှမ်းလာခဲ့၏။

"လှလိုက်တာ လူမှဟုတ်ရဲ့လား၊ နတ်ကညာများ ဖြစ်နေမလား မသိဘူး"

မေလျှံသည် ရင်ညွန့်အား ဖုံးအုပ်ထားသော ဆံပင်များကို နောက်လှန်ချလိုက်၏။

"အို...."

တဖောက်ကန်းမာရိစန်၏မျက်လုံးများသည် ပြူးကျယ်ဝိုင်းစက်သွား၏။

သူသည် အသက်ရှုမှားမတတ် ငေးစိုက်ကြည့်နေသည်။ သွေးများ ရပ်ဆိုင်းသွားသည်ဟု သူထင်မိသည်။

မေလျှံ ရေကန်ထဲမှတက်လာသောအခါ သူမျက်လုံးအစုံသည် မေလျှံ၏အလှပေါ်၌သာ ကျက်စားနေသည်။



သူသည် သူ့ကိုယ်သူ ထိန်းချုပ်ရန် မစွမ်းနိုင်တော့ပေ။

သူ့ကိုယ်သူ ဘာလုပ်၍ ဘာလုပ်မိမှန်းလည်း မသိတော့ချေ။

သူသည် ပုန်းအောင်းနေသည့် ချုံအကွယ်မှ ထွက်သွားမိလေပြီ။

သူသည် အိပ်မက်ထဲ၌ ယောင်ယမ်းလျှောက် သူကဲ့သို့ သူထွက်သွားသည်ကို သူ သတိမပြုမိခဲ့ပေ။

သူသည် မေလျှံ၏နောက်ကွယ်သို့သွားပြီး ဆတ်ခနဲ လက်မောင်းကိုဖမ်းဆွဲလိုက်၏။

"အမေ့"

မေလျှံကား အကြီးအကျယ် ထိတ်လန့်သွားလေပြီ။

သူ လှည့်ကြည့်လိုက်သောအခါ ရုပ်ဆိုးဆိုးလူရွယ်ကို တွေ့လိုက်ရသဖြင့် လိပ်ပြာလွင့်စဉ်မတတ် တုန်လှုပ်ထိတ်လန့်သွား၏။

သူ့ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေရှာသည်။

"မင်း... မင်းကလေးက လှလိုက်တာ၊ ဘာကြောင့် ဒီလောက်လှနေရတာလဲ လူလား နတ်လား"

မာရိစန်သည် သူမ၏ပခုံးကလေးကိုဆွဲကာ သူ့ဘက်သို့ ဆွဲလှည့်လိုက်လေ၏။

"ကျွန်... ကျွန်မ... ကျွန်မ"

မေလျှံသည် စကားကို အဆင်ပြေစွာ မပြောနိုင်တော့ပေ။ ကြောက်လန့်လွန်းသဖြင့် စကားများ ထစ်အနေတော့သည်။

သူမ ပြောချင်သည့်စကားများမှာ လည်ချောင်းထဲ၌ တစ်ဆို့နေသည်။

သူမ၏ရင်ညွန့်ကို လက်နှစ်ဖက်ဖြင့် ဖိလျက် အတင်းရုန်းကန်နေရာသည်။

"မရုန်းပါနဲ့ အလှကလေးရယ်"

"ကျွန်မ... ကျွန်မ"

"သူမ ဒါပဲ ပြောနိုင်သည်။

မာရီစန်၏မျက်လုံးများမှာ တောက်ပြောင်နေ၏။

ရမ္မက်ခိုးများ ရမ္မက်မီးလျှံများ တညီးညီးတောက်လောင်နေသည့်များမှာ ကြောက်လန့်စဖွယ်ပင် ဖြစ်နေတော့သည်။

မေလျှံသည် မေရီစန်၏ မျက်လုံးများကို မကြည့်ဝံ့တော့ချေ။

သူမအလွန်ကြောက်လန့်နေလျှင် ဥဒေါင်းဘဝသို့ပြန်လည်ကူးပြောင်းသွားပါတော့လားဟု ကရုဏာဒေါသောဖြင့် ပြောမိကြပေလိမ့်မည်။

သူမအနေဖြင့် တိရစ္ဆာန်ဘဝသို့ပြန်လည်ပြောင်း၍ မရပေ။

လူသားတစ်ဦးက သူမကိုဖမ်းထားသည့်ပြင် လူသား၏မျက်မှောက်၌ သူတို့သည် တိရစ္ဆာန်အဖြစ်သို့ ပြန်လည်ကူးပြောင်း



နိုင်စွမ်း မရှိကြပေ။

လူသား၏မမြင်ကွယ်ရာ၌သာ သူတို့သည် ဘဝကူးပြောင်းခြင်းကို ပြုလုပ်နိုင်စွမ်းရှိကြသည်။

"မင်း... မင်းကို ငါချစ်တယ်"

မာရီစန်က ခြောက်ကပ်စွာ ပြောလေ၏။

"ရှင်"

မေလျှံက တုန်လှုပ်စွာ အာမေဋိတ်သံ ထွက်သွား၏။

"မင်းကို ငါချစ်တယ်လို့ ပြောနေတယ်ကွယ်"

မာရီစန်သည် တစ်ကိုယ်လုံး ရမ္မက်များ လောင်ကျွမ်းလာသဖြင့် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ပြုလုပ်တော့မည့်ကဲ့သို့ဖြစ်လာသည်။

သူသည် လူနှင့်မတူတော့ပေ။ ဘီလူးနှင့်တူလာသည်။ သူ့ခါး၌ ဓားကြီးကလည်း ပါသေးသည်။

မေလျှံကား လိပ်ပြာလွင့်မတတ် ကြောက်လန့်နေချေပြီ။

"ကျွန်မ... ကျွန်မ... ကျွန်မ လူသားမဟုတ်ပါဘူးရှင်"

သူမသည် စကားကို ကြိုးစားပမ်းစား ပြောလိုက်ရသည်။

စကားအားလုံး ရှောရှောရှူရှူ ထွက်သွားသဖြင့် သူမ သက်ပြင်းချရသည်။

"အေး... လူမဟုတ်ရင် နတ်ပေါ့၊ ဒီလောက်လှတဲ့မိန်းကလေးဟာ ဘယ်နည်းနဲ့မှ လူမဟုတ်နိုင်ဘူးဆိုတာ ငါသိတယ်၊ ဟား...

ဟား... ဟား ငါလိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လား၊ နတ်နဲ့ချစ်ကြိုက်ရတဲ့လူဆိုတာ ဒီဇမ္ဗူမှာ မရှိဘူးကွ၊ ဟား... ဟား... ဟား"

တဖောက်ကန်း မာရိစန်သည် ဒေါင်းမလေးမေလျှံအား ရင်ခွင်ထဲဆွဲသွင်းတော့သည်။ သူသည် မေလျှံအား မဟားတယား ဖက်တော့၏။

မေလျှံမှာ ကြောက်ရွံ့တုန်လှုပ်စွာ ပြောသည်။

"ကျွန်... ကျွန်မကိုလွှတ်ပါရှင်၊ ကျွန်မ... ကျွန်မ လူမဟုတ်ပါဘူး၊ နတ်လဲမဟုတ်ပါဘူး"

"လူလဲမဟုတ် နတ်လဲမဟုတ်ဆိုတော့ ဇကွဲ နာနာဘာဝများလားကွယ်"

ကဖောက်ကန်းမာရိစန်သည် ဒေါင်းမလေး မေလျှံအား အတင်းအဓမ္မမွေးကြူရန် ကြိုးစားနေသည်။ မေလျှံမှာ ရှောင်ရှားနေရသည်။

"ကျွန်မဟာ အဟိတ်တိရစ္ဆာန်ပါ"

"ဘာကွယ်"

"တကယ်ပြောတာပါ မောင်ကြီးရယ်၊ ကျွန်မတို့ဟာ မောင်ကြီးတို့လို လူသားစင်စစ် မဟုတ်ပါဘူး၊ အသွင်မတူအမျိုးအနွယ်လဲ မတူကြပါဘူး၊ ကျွန်မဟာ 'တောက်'လို့ခေါ်တဲ့ဒေါင်းမျိုးနွယ်က ပေါက်ဖွားလာတဲ့ အဟိတ်တိရစ္ဆာန်ပါ၊ ကျွန်မဟာ မောင်ကြီးမမြင်ကွယ်ရာမှာဆိုရင် အသွင်ပြောင်းပြနိုင်ပါတယ်၊ လွှတ်ပါရှင်"



သူမက အမှန်အကန် အကြောင်းအရာများကို ရှင်းပြသော်လည်း မာရိစန်က မယုံကြည်ပေ။

"ဟား... ဟား... ဟား... မင်းက ငါ့ကိုလှည့်စားဖို့ မကြိုးစားနဲ့၊ မင်းဟာ လူဟုတ်ရင်ဟုတ် မဟုတ်ရင် နတ်သမီးတစ်ပါးပါးဖြစ်ရမယ်၊ ဒီလောက်ချောတဲ့လှတဲ့ မိန်းကလေးဟာ ဘယ်နည်းနဲ့မှ လူမဖြစ်နိုင်ဘူး၊ ငါ မင်းကို အတည်တကျလက်ထပ်ပေါင်းသင်းပါ့မယ်ကွယ်၊ ငါ တကယ်ချစ်မြတ်နိုးလို့ မင်းကို ခွင့်တောင်းနေတာပါ"

မာရိစန်ဆိုသော လူရမ်းကားမှာ မိန်းကလေးကို အရူးအမူးဖြစ်နေလေသည်။

သူ့မျက်စိထဲတွင် အချောအလှဖူးကလေးကိုသာ မြင်နေရသဖြင့် မိန်းကလေးက အဖြစ်မှန်များကို မည်မျှပြောပြော မယုံနိုင်ဘဲဖြစ်နေသည်။

ကိုင်တွယ်ကြည့်သည့်အခါတွင်လည်း လူသားတစ်ဦးပမာသာ ဖြစ်နေသဖြင့် သူသည် မိန်းကလေးပြောသည့်စကားများကို မယုံကြည်ခြင်းဖြစ်သည်။

မိန်းကလေးကလည်း အမှန်တရားများကို ပြောနေခြင်းဖြစ်သည်။

"ကျွန်မ... ကျွန်မတောင်းပန်ပါတယ် မောင်ကြီးရယ်၊ မဖြစ်နိုင်လွန်းလို့ ကျွန်မတောင်းပန်နေရတာပါ၊ မျိုးနွယ်ချင်းလုံးဝမတူဘဲနဲ့ ဘဝချင်း ဘယ်လိုပေါင်းစပ်လို့ ရနိုင်ပါ့မလဲရှင်၊ ကျွန်မကို ချမ်းသာ

ချမ်းသာပေးပါရှင်၊ ကျွန်မ တောင်းပန်ပါတယ်"

"အို... ချမ်းသာမပေးနိုင်ဘူး၊ ငါ့ကို ဒီကျွန်းပေါ်အရောက်ပို့ခဲ့တဲ့ မုန်တိုင်းကို ငါကျေးဇူးတင်တယ်၊ မုန်တိုင်းဟာ ဖူးစာရေးနတ်ပဲ၊ ငါ ကံကောင်းလို့ ဒီကျွန်းပေါ်ကိုရောက်ပြီး မင်းနဲ့တွေ့ရတာ"

သူသည် ရှမှက်သွေးများ ဆူကြွလာသဖြင့် မေလျှံအား တိုး၍ ဖက်လေတော့သည်။

ထိုစဉ် အသံတစ်သံကို ကြားလိုက်ရသည်။ ထိုအသံကိုကြားလိုက်ရသောအခါ မေလျှံ ချောက်ချားသွားသည်။

"အိုးဝေ... အိုးဝေ"

ဥဒေါင်းဖိုတစ်ကောင် တွန်ကျူးလိုက်သောအသံပေတည်း။

မာရိစန်လည်း ထိုအသံကိုကြားသည်။ သူသည် လှည့်ကြည့်သည်။

အမွေးအတောင် လွန်စွာလှပသော ဒေါင်းဖိုတစ်ကောင်သည် သူ့နောက်နားသို့ ရောက်ရှိနေလေသည်။

"ဂရူး... ဂရူး"

ယင်းဒေါင်းဖိုသည် မာရိစန်နှင့် မေလျှံအားကြည့်ပြီး လွန်စွာဒေါသထွက်လာလေသည်။

သူသည် နှုတ်သီးဖြင့် ထိုးဆိတ်ရန်၊ ခြေထောက်ဖြင့် ခွပ်ရန်၊ တောင်ပံဖြင့် ရိုက်ရန် ရှေ့သို့တိုးလာလေသည်။

"အရေးထဲ ဒီဒေါင်းစုတ်ကလဲ ရှုပ်လိုက်တာ၊ ဟင်း... ဓားနဲ့ ပိုင်းလိုက်ရ အသေဆိုးနဲ့သေတော့မှာပဲ"

မာရိစန်သည် ဒေါင်းတစ်ကောင်ဖြစ်နေ၍ အရေးမစိုက်ချေ။ သူသည် မိန်းကလေးအား မလွှတ်ဘဲ ပွေ့ဖက်ရန် ကြိုးစားနေသည်။

"ဂရူး... ဂရူး"

ဒေါင်းဖိုကြီးသည် မာရိစန်အား အပြင်းအထန် တိုက်ခိုက်လေ၏။ မာရိစန် စိတ်ဆိုးသွားသည်။

"အရေးထဲအရာပေါ် ဒီမှာမိန်းကလေးကို ဆွဲဆောင်မရတဲ့အထဲ ဒီဒေါင်းစုတ်တော့ လည်ပင်းပြတ်တော့မှာပဲ"

ဒေါင်းဖိုသည် နောက်မဆုတ်ပေ။ မာရိစန်ကို ပြင်းထန်စွာ တိုက်ခိုက်တော့သည်။

"ဂရူး... ဂရူး... ဂရူး"

မာရိစန်သည် စိတ်ဆိုးမာန်ဆိုးဖြင့် ဓားနှင့်လှဲခုတ်လိုက်၏။

"ဒီဒေါင်းစုတ်... သေပေတော့"

ဒေါင်းဖိုသည် နောက်ဆုတ်လိုက်သဖြင့် ဓားချက်ကိုရှောင်လိုက်သလို ဖြစ်သွားသည်။

တောင်ပံတစ်ဖက်ကို ပွတ်ကာသီကာ ထိသွားသည်။ တကယ် ဓားချက်ထိလျှင် တောင်ပံပြတ်သွားပေလိမ့်မည်။

တကယ်မထိသဖြင့် ဒဏ်ရာရရုံသာ ရသွားသည်။ အမွေးအတောင်အချို့ လေထဲ၌ လွင့်သွား၏။

"မ... မလုပ်ပါနဲ့မောင်ကြီးရယ်၊ အဲဒါကျွန်မ ချစ်သူပါ၊ ကျွန်

မချစ်သူက မောင်ကြီးဆွဲလွဲနေတာမြင်လို့ ဒေါသနဲ့ဝင်ခွပ်တာပါ၊ သူ ဘယ်လောက် ဒေါသကြီးနေသလဲဆိုတော့ သူ့ကိုယ်သူ လူယောင် ဆောင်ဖို့တောင် သတိမရဘဲဖြစ်နေပါတယ်"

တခေါက်ကန်း မာရီစန်သည် မေလျှံအား လက်တစ်ဖက် ဖြင့် ဖမ်းဆွဲထားသည်။ လုံးဝလွှတ်မပေးချေ။

မေလျှံကား ရှိုက်၍ ရှိုက်၍ ငိုနေချေပြီ။

ဒေါင်းဖိုသည် သူ၏တောင်ပံတစ်ဖက်အား ဓားထိသွား သည်နှင့် ချုံပုတ်တစ်ခုထဲသို့ ပြေးဝင်သွားလေ၏။

"မဖြစ်နိုင်တာပဲ၊ လာပါစေဦး... ဒီတစ်ခါ ဒေါင်းစုတ်ရောက် လာရင် ဒေါင်းကိုဖြတ်ပစ်မယ်၊ ဒီမှာဆွဲနေရလို့ပေါ့ကွာ... ဟင်း"

"ကျွန်မ တောင်းပန်ပါတယ်၊ သူ့ကိုမသတ်ပါနဲ့၊ သူ့ကို သတ် မယ့်အစား ကျွန်မကိုသာ သတ်လိုက်ပါတော့"

"အို... မင်းကို ငါက ဘာဖြစ်လို့သတ်ရမှာလဲ၊ မင်းကို ငါက ချစ်နေတာပဲ၊ မသေချင်ပါနဲ့မိန်းမလှလေးရယ်"

သူမကို ချော့၍မရတော့ချေ။ မေလျှံကား ရှိုက်ကြီးတငင် ငိုလျက်ရှိချေပြီ။

"ဒေါင်းတစ်ကောင်အတွက် ဒီလောက် ငိုရသလားကွယ်၊ မင်း ဘယ်လိုဒေါင်းမျိုးလိုချင်သလဲ၊ ငါ ဖမ်းပေးနိုင်ပါတယ်၊ ဒေါင်းကို ကျော့ကွင်းထောင်ဖမ်းလိုက်ရင် ရပါတယ်ကွာ"

တခေါက်ကန်း မာရီစန်သည် မေလျှံအား အကြီးအကျယ်



ချော့မော့နေသည်။

"ဟေ့... လူယုတ်မာ၊ ငါ့ချစ်သူကို လွှတ်လိုက်စမ်း အခုလွှတ် လိုက်"

လှသံကြားသဖြင့် မာရီစန် အံ့သြသွားသည်။

သူ သိသလောက် ဤတောင်ထွတ်ပေါ်တွင် သူမှတစ်ပါး အခြားသူ မရှိနေခြင်း မဟုတ်ပါလော။

ယခု လူသံသူသံကြားလိုက်ရချေပြီ။ သူသည် သမင်လည် ပြန်လှည့်ကြည့်လိုက်၏။

"ဟင်"

စောစောက ဒေါင်းဖိုဝင်သွားသည့် ချုံကွယ်ထဲမှ အလွန်တ ရာ ချောမောပြေပြစ်လှသည့်လူငယ်တစ်ဦး ထွက်လာသည်ကို အံ့သြ စွာ တွေ့ရှိရလေသည်။

ဤလူငယ်၏ ချောမောပုံနှင့် ဤမိန်းမငယ်၏ချောမောပုံ ကား လွန်စွာ အားကျဖွယ် ကောင်းလှတကားဟု မာရီစန်တွေးမိလေ ၏။

သို့သော် ဆက်မတွေးအားချေ။ အဘယ်ကြောင့်ဆိုသော် သူ အံ့သြသွားသောကြောင့်တည်း။

ထွက်လာသောလူငယ်၏ ညာလက်မောင်းတွင် ဓားရထား သော အစင်းကြောင်းကြီးကို ထင်ရှားစွာ တွေ့နေရသောကြောင့်ပင် ဖြစ်သည်။

ထိုအစင်းကြောင်းမှ သွေးများယိုစီးကျနေ၏။

"ရိရှာ... ရိရှာ၊ ဒီကိုမလာနဲ့၊ သွား... သွား... သူ... သူ ရှင့်ကို သတ်လိမ့်မယ်"

မိန်းကလေးက ငိုယိုအော်ဟစ်လျက် သတိပေးနေလေ၏။

ရိရှာက....

"ကျုပ်ချစ်သူကို မတရားမလုပ်ပါနဲ့၊ လွှတ်ပါ၊ ကျုပ်တို့ချစ်ခြင်းကို မခွဲပါနဲ့"

တဖောက်ကန်း မာရိစန်သည် အံ့သြမှင်တက်မိနေရာမှ သတိပြန်ဝင်လာသည်။ သူ၏ဓားကြီးကိုလေထဲ၌ ဝှေ့ယမ်းလိုက်သည်။

"ရှမ်း... ရှမ်း... ရှမ်း"

"ဟေ့... ဘယ်သူ့ချစ်သူဖြစ်ဖြစ် မလွှတ်နိုင်ဘူးကွာ၊ ငါ့လက်ထဲရောက်ရင် ငါ့ချစ်သူပဲ၊ ငါကြိုက်တဲ့သူကို ငါခေါ်တာ ဘယ်သူ့ဂရုစိုက်ရမလဲ၊ မင်း မသေချင်ရင် ဝင်မရှုပ်နဲ့၊ ဇက်ပြုတ်သွားမယ် သိရဲ့လား"

ရိရှာကား မည်သည့်ခြိမ်းခြောက်စကားကိုမျှ မကြောက်ချေ။

"ခင်ဗျားတို့ လူသားတွေဟာ အင်မတန် ရက်စက်ယုတ်မာကြတယ်၊ မေလျှံဟာ ကျုပ်နဲ့ချစ်သူမှန်းသိလျက်နဲ့ ခင်ဗျားက လုယူမယ်ကြံတာတော့ မတရားပါဘူး၊ ကျုပ်က ခင်ဗျားကို သတ်ရတော့



မယ်"

"ဟား... ဟား... ဟား၊ မင်းလိုလူပျော့တစ်ယောက်က ငါ့လိုလူကို သတ်မလို့တဲ့လား၊ ဟဲ... ဟဲ... ဟဲ... သတ်မယ်ဆိုရင် ရှေ့တိုးခဲ့လေကွာ"

မာရိစန်က စိန်ခေါ်သဖြင့် ရိရှာသည် ရှေ့သို့တိုးလာပေ၏။

"မလာနဲ့... မလာနဲ့... ရိရှာ၊ ကျွန်မကိုချစ်ရင် မလာပါနဲ့ရိရှာရယ်"

မေလျှံက ရင်ပွင့်မတတ် လှမ်းအော်လိုက်သဖြင့် ရိရှာ၏ခြေလှမ်းများက တန့်ခနဲရပ်သွားသည်။

"မေလျှံ... မေလျှံ မင်းကို သူခေါ်သွားမှာကို ငါက ဒီအတိုင်းကြည့်နေရမှာလား၊ ငါ ကြည့်မနေနိုင်ဘူး၊ ငါ့အသည်းတွေ ကွဲအက်တော့မယ်"

"ရှင်တားရင် ရှင်သေမှာပေါ့ ရိရှာရယ်၊ ရှင့်ကို အသေမခံနိုင်ဘူး"

"သေချင်သေပါစေ မေလျှံ၊ ငါကတော့ တားရမှာပဲ"

"ရိရှာ... သူက ရှင့်ကိုသတ်မှာ၊ သူ့ကိုအမှန်အတိုင်း ပြောပြလို့လဲ မရဘူး၊ ရှင် ဝေးဝေးကိုသာ သွားပါ၊ ရှင်အသေမခံပါနဲ့"

မေလျှံက ငိုရင်း ပြောနေ၏။

"မေလျှံ... မင်းကို ဒီလူဆိုးလက်ထဲ မထည့်နိုင်ဘူး၊ ငါ သေချင်သေသွားပါစေ၊ ငါ တားရမယ်၊ ငါ့ချစ်သူကို မလုနဲ့၊ ငါတို့ချစ်ခြင်းကို

မခွဲနဲ့၊ လူယုတ်မာ မင်းကို ငါတားရမယ်"

ရိရှာသည် အော်ဟစ်ရင်း မာရိစန်အား လက်နက်မဲ့ ဝင်ရောက်တိုက်ခိုက်လေတော့၏။

သို့ရာတွင် လက်နက်မဲ့နှင့်လက်နက်ရှိ မည်သို့ယှဉ်ပြိုင်ပါမည်နည်း။

ထို့ပြင် မာရိစန်မှာ သာမန်လူတစ်ယောက်မဟုတ်၊ သိုင်းသမားဖြစ်သည်။ သိုင်းသမားကို မည်သို့ယှဉ်ပြိုင်နိုင်ပါမည်နည်း။

တဒင်္ဂအတွင်း တခဏာက်ကန်း မာရိစန်၏ဓားချက်နှင့် ရိရှာမှာ သေဆုံးသွားရလေ၏။

မေလျှံမှာ ရင်ကွဲမတတ်ခံစားရလေ၏။

"ရိရှာ... ရိရှာရယ်"

မေလျှံ၏အသံကိုတော့ မာရိစန် ကြားလိုက်ရသေး၏။ သူသည် မေလျှံကို သူ့နောက်ကျောတွင်ထားပြီး ရိရှာအား အသေသတ်လိုက်ခြင်းဖြစ်သည်။

ရိရှာ သေဆုံးသွားသောအခါ မာရိစန်သည် တဟားဟားရယ်၍ ဓားကိုသိမ်းလိုက်လေ၏။

"သေချင်တဲ့ကျား တောပြောင်းဆိုတာ ဒါမျိုးပဲ၊ သေချင်တဲ့ကျား မာရိစန်ဆီ လာတယ်"

သူသည် ပြောပြောဆိုဆို နောက်သို့လှည့်ကြည့်လိုက်၏။

"ဟာ...."



မေလျှံ မရှိတော့ချေ။

ဒေါင်းပျိုမလေးတစ်ကောင်သည် ထိုနေရာ၌ သေနေလေသည်။

မာရိစန် အံ့သြခြင်းကြီးစွာ ဖြစ်ရလေ၏။

"သူ... သူပြောတယ်၊ သူဟာ ဒေါင်းမလေးပါတဲ့၊ အခု အခု သူပြောတဲ့အတိုင်း ဖြစ်နေပါကလား"

မာရိစန်သည် မေလျှံအား ဆွဲယူကြည့်လိုက်၏။ ရောင်စုံအမွေးများနှင့် လှပသော ဒေါင်းမလေးသာတကား။ ယခုတော့ ရင်ကွဲပြီး သေရှာလေပြီ။

သူသည် ဒေါင်းမလေးအား အသာအယာ ချလိုက်လေသည်။

ဒေါင်းပျိုမလေး၏မျက်လုံးများတွင် မျက်ရည်စများကို သူတွေ့နေရသည်။

သူသည် ထိုဒေါင်းမလေး၏စကားများကို မယုံကြည်မိလေတကား။

သူသည် ဝမ်းနည်းသွားမိလေ၏။

သူသည် တစ်ဖွတ်ထိုးတခဏာက်ကန်း စိတ်ကိုလည်း နာကြည်းမိသည်။

သူသည် ထရပ်ပြီး သူသတ်လိုက်သည့်ရိရှာကို ကြည့်လိုက်သည်။

"ဟင်"

ရိရှာဆိုသော လူငယ်မှာ မရှိတော့ပေ။

ဓားဒဏ်ရာဖြင့် သေဆုံးနေသော ဒေါင်းဖိုတစ်ကောင်ကို သာ တွေ့ရလေ၏။

မာရီစန် ဝမ်းနည်း၍ မဆုံးတော့ပေ။

"ငါ... ငါ... အင်မတန်မိုက်မဲတဲ့လူပါလား၊ ဒေါင်းမောင်နှံရဲ့ ချစ်ခြင်းကို ငါခွဲမိပြီ၊ သူတို့မြေပေါ်နင်းပြီး သူတို့ချစ်ခြင်းကို ငါခွဲမိပါက လား"

သူသည် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်တော့ပေ။ သူသည် ဒေါင်းသေနှစ်ကောင်အား အတူယှဉ်တွဲထားလိုက်၏။

"အင်း... မင်းတို့အသက်ရှိစဉ်က မပေါင်းရပေမယ့် အသက် မရှိတော့တဲ့အခါ ပေါင်းကြပေါ့ကွာ၊ အသက်သေပေမယ့် ငါ မခွဲရက် တော့ပါဘူး"

သူသည် ထိုသို့ပြောပြီး အရိပ်အာဝါသကောင်းသော သစ် ပင်ကြီးတစ်ပင်အောက်၌ မောမောနှင့်အိပ်ပျော်သွားလေ၏။

ထိုအဖြစ်အပျက်များကို အစအဆုံးချောင်းမြောင်းကြည့်ရှု နေခဲ့သော'တောက်'ဒေါင်းပျိုတစ်ကောင်သည် မေလျှံနှင့်ရိရှာတို့၏မိ သားစုများကို လျင်မြန်စွာ သွားရောက်အကြောင်းကြားခဲ့၏။

ထို့ကြောင့် မေလျှံ၏မိသားစု တောက်ဥဒေါင်းမျိုးများ၊ ရိရှာ၏မိသားစု တောက်ဥဒေါင်းမျိုးများနှင့် အနောက်ကျွန်း၌ နေ



ထိုင်ကြသော တောက်ဥဒေါင်းမျိုးများသည် စုရုံးရောက်ရှိလာကြလေ ၏။

ထိုအချိန်ထိ တဇောက်ကန်း မာရီစန်မှာ မေလျှံနှင့်ရိရှာတို့ ၏အသက်မရှိသော ခန္ဓာကိုယ်များအနီး၌ အိပ်မောကျနေလေ၏။

သူ့အနီးအနား၌ တစ်ကျွန်းလုံးမှ တောက်ဥဒေါင်းများ ရောက်ရှိနေသည်ကို သူ မသိရှိသေးပေ။

အိပ်စက်နေသော လူသားသိုင်းသမားကို ဝိုင်းရံသော ဥ ဒေါင်းငှက်များ။

အလွန်ထူးဆန်းသော မြင်ကွင်းပင်။

မေလျှံ၏ဖခင် ဥဒေါင်းကြီးနှင့် ရိရှာ၏ဖခင် ဥဒေါင်းကြီးတို့ သည် ရှေ့သို့ထွက်လာပြီး တဇောက်ကန်း မာရီစန်ကိုကြည့်ရှုလေ၏။

မာရီစန်ကား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။

ဒေါင်းကြီးနှစ်ကောင်သည် တစ်ကောင်ကို တစ်ကောင်ကြည့် လိုက်၏။

ထို့နောက် တိုင်ပင်ထားသည့်အလား မျက်လုံးတစ်လုံးစီကို ဖောက်လျက် ခုန်ဆုတ်သွားကြလေ၏။

"ဖောက်... ဖောက်"

"အား... အား"

မာရီစန်သည် သူ့မျက်လုံးများအား ပိတ်လိုက်၏။

"အောင်မယ်လေး... အောင်မယ်လေး... ငါ့မျက်လုံးတွေ

ကန်းပါပြီ"

သူအော်သံမှမဆုံးခင် ရှိရှိသမျှ ဥဒေါင်းများသည် တစ်ကောင်တစ်ချက် ဝင်ရောက်ခွပ်ကြတော့၏။ ထိုးဆိတ်ကြတော့၏။

"ဂရူး... ဂရူး... ဂရူး"

"ဂရူး... ဂရူး... ဂရူး"

ဒေါသဖြစ်နေသော ဒေါင်းများ၏အော်သံသည် တောင်ထိပ်တစ်ခုလုံး ပွဲတင်ထပ်နေသည်။

"အောင်မယ်လေး... လုပ်ကြပါဦး၊ ဘာမှမမြင်ရတော့ဘူး၊ ကျုပ်ကို မလုပ်ကြပါနဲ့"

မာရိစန်၏အမြင်ကား မှောင်မည်းသွားလေပြီ။

ဥဒေါင်းများ၏ အလူးအလဲတိုက်ခိုက်ခြင်းကို ခံလိုက်ရသောအခါ တစ်ကိုယ်လုံး စုတ်ပြတ်လျက် သွေးများ ယိုစီးထွက်ခဲ့ရလေပြီ။

လက်စွဲတော်ဓားကိုလည်း သူထုတ်မယူနိုင်တော့ပေ။

ဒေါင်းများ၏ တိုက်ခိုက်ခြင်းကိုသာ အလူးအလဲ ခံနေခဲ့ရလေ၏။

"ဂရူး... ဂရူး... ဂရူး"

ဒေါသဖြစ်နေသော ဥဒေါင်းများ၏အသံကိုသာ သူ ကြားနေရသည်။

ဥဒေါင်းများ၏တိုက်ခိုက်ချက်များမှာ ပြင်းထန်လှ၏။ ထိုးဆိတ်ချက်များမှာလည်း ထိရောက်လှသည်။ အသားများ တတိတတိ



ပါသွား၏။

သူသည် သူ့ဦးခေါင်းကိုသာ အသေအလဲအုပ်၍ ကာကွယ်နေရသည်။

ထိုစဉ် ရှေ့ဆုံးမှ တိုက်ခိုက်နေသည့် ဒေါင်းကြီးနှစ်ကောင်သည် ရုတ်တရက် နောက်သို့ဆုတ်သွားသဖြင့် တိုက်ခိုက်နေသည့် ဥဒေါင်းများလည်း နောက်ဆုတ်သွားကြ၏။

မာရိစန်သည် ထိုအခါကျမှ လေးဘက်ထောက်၍ ထရပ်နိုင်သည်။

သူသည် လေးဘက်ထောက်၍သွားရင်း ဥဒေါင်းသေနှစ်ကောင်ကို စမ်းသပ်မိလေသည်။ ရှိုက်နှင့် မေ့လျှတိုက်ကိုတည်း။

"ငါ... ငါ့ကို ခွင့်လွှတ်ကြပါကွယ်၊ မင်းတို့ချစ်ခြင်းကို ငါခွဲမိပါတယ်၊ အခု ဒီပြစ်ဒဏ်ကို ငါ ခံရပါပြီ၊ အခု မင်းတို့အမျိုးတွေက ငါ့ကိုလာတိုက်ခိုက်ကြပါပြီ... ငါ သေရပါတော့မယ်၊ ငါ့ဒဏ်ရာဒဏ်ချက်တွေကို မြင်ရင် မင်းတို့ချစ်သူနှစ်ဦး ငါ့ကိုခွင့်လွှတ်ကြမှာပါ၊ မင်းတို့အမျိုးတွေက ငါ့ကိုအပြစ်ဒဏ် ခတ်လိုက်ပါပြီ"

သူသည် မမြင်မကန်းနှင့်ဒေါင်းသေနှစ်ကောင်ကို စမ်းသပ်ရင်း ပြောနေလေ၏။

ထို့နောက် သွေးထွက်လွန်ခြင်း၊ ဒဏ်ရာများမှ နာကျင်မှုကို ခံစားရင်း လဲကျသေဆုံးသွားသည်။

ထိုအချိန်မှစ၍ 'တောက်' ဥဒေါင်းမျိုးတို့သည် လူယောင်ဖန်

ဆင်း၍ လူလိုမနေတော့ရန်ဆုံးဖြတ်လိုက်ကြသည်။

တိရစ္ဆာန်များအဖို့ တိရစ္ဆာန်လိုနေခြင်းသာ ဘေးအကင်းဆုံးဖြစ်ကြောင်း သူတို့သိရှိသွားကြသည်။

မေလျှံနှင့် ရိရှာတို့၏ခေါင်းဆောင်ဥဒေါင်းကြီး နှစ်ကောင်သည် သူတို့မျိုးနွယ်စုဥဒေါင်းများကိုခေါ်ကာ သစ်တောကြီးအတွင်းသို့ ပျံသန်းသွားကြလေ၏။

"အိုးဝေ... အိုးဝေ... အိုးဝေ"

သူတို့၏တွန်းကျူးသံများသည် ဒေါင်းပျိုမလေး မေလျှံနှင့် ဒေါင်းဖိုကလေးရိရှာတို့ကို နှုတ်ဆက်သည့်တွန်ကျူးသံများပင် ဖြစ်တော့သည်တကား။

+++



(၇)

## စိတ်ရှုးဝင်သူ

အနောက်ကျွန်းကျားကြီးသည် သူ၏ဒဏ္ဍာရီကို လက်စသတ်လိုက်လေ၏။

"အဲဒါပါပဲ ဆရာတို့ရယ်၊ လူသားတစ်ဦးရဲ့ အမှားအယွင်းကြောင့် ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ရှိတဲ့ တောက်ဥဒေါင်းတွေဟာ လူယောင်ဆောင်ဖန်ဆင်းနိုင်တဲ့အဖြစ်ကို စွန့်လွှတ်လိုက်ကြပါတယ်"

ဝန်ဝေးစန်းနှင့်လီရှုရှုတို့မှာ စိတ်မကောင်းခြင်းကြီးစွာဖြင့်

ဇာတ်လမ်းကို နားထောင်နေကြလေ၏။

"အင်း... အဖြစ်ကတော့ တကယ့်ကို သနားစရာကောင်းတဲ့ အဖြစ်ပါလားဗျာ"

လီရှုရှုကလည်း....

"ဟုတ်တယ်... လူတွေဟာ တကယ့်ကို မုန်းစရာကောင်း တယ်၊ လူဟာ အတ္တအကျိုးကို တကယ်ကြည့်တဲ့လူတွေပဲ"

သူသည် အနောက်ကျွန်းကျားကြီး ပြောပြနေသည့်ဇာတ် လမ်းထဲမှာ မာရီစန်အား မုန်းတီးနေမိသည်။

များသောအားဖြင့် ဒဏ္ဍာရီ၊ သမိုင်းဇာတ်လမ်းများထဲ၌ လူ ဆိုးဇီလိန်သည်မပါဘဲ မရှိချေ။ လူဆိုးဇီလိန် တစ်ယောက်ယောက်က တော့ ပါရပေမည်။

ကျားကြီးက....

"ဒါကြောင့် ဒီတောင်ကို ဥဒေါင်းမောင်နှံတောင်လို့ ခေါ်ခဲ့ကြ တာပေါ့"

ဝန့်ဝေးစန်က....

"အဲဒီတောက်ခေါ်တဲ့ ဥဒေါင်းမျိုးတွေ ရှိသေးရဲ့လား"

ကျားကြီးက ရှင်းပြ၏။

"ဘယ်ရှိတော့မလဲ၊ နဂိုကတည်းက အဲဒီတောက်ဥဒေါ မျိုးဟာ ရှားပါးတဲ့ ဒေါင်းမျိုးပဲ၊ ကျွန်းသူကျွန်းသားတွေလဲ အဲဒီ ဒေါ မျိုးကို ချမ်းသာမပေးဘူး၊ တွေ့ရင်သတ်တာပဲ၊ သူတို့အသားက



အင်မတန်ချိုတာကိုး၊ ဒီပြင် ဥဒေါင်းတွေနဲ့ကို မတူဘူး၊ တစ်ခုတော့ ရှိတယ်"

ကျားကြီး၏စကားသည် ပြတ်သွား၏။

ဝန့်ဝေးစန်းက....

"ဘာတစ်ခုလဲဗျ"

"တစ်ခုတော့ရှိတယ်၊ အဲဒီတောက်ဥဒေါင်းတွေ သေရင် နတ် ဖြစ်တယ်လို့ အယူရှိကြတယ်ဗျ၊ ကျွန်းသားတွေ မြန်မြန်သတ်၊ တောက်ဥဒေါင်းတွေ မြန်မြန်သေ၊ နတ်သားတွေ မြန်မြန်ဖြစ်ကြတာ ပေါ့ဗျာ၊ တစ်နည်းတော့ မြန်မြန်ဝဋ်ကျွတ်တာပေါ့"

ထိုအခါ ဝန့်ဝေးစန်းက တဟားဟား ရယ်တော့၏။

"ခင်ဗျားကလဲ အဆန်းထွင်ပြောနေပြန်ပြီ၊ ခင်ဗျားဒေါင်း သားကြိုက်ရင် ကြိုက်တယ်မပြောဘူး၊ ကြံဖန်ပြီး ဒေါင်းတွေသေတာ ကံကောင်းတယ်လို့ ပြောနေပြန်ပြီ"

"မဟုတ်ပါဘူး ဆရာရယ်၊ ဒီကျွန်းပေါ်မှာ တောက်ဥဒေါင်း မျိုးလဲ မရှိတော့ပါဘူး၊ ကျုပ် အဖြစ်မှန်တွေကို ပြောပြနေတာပါ"

"အင်း... ကျုပ်ကလဲ နောက်တာပါဗျာ၊ ကဲ... ကဲ... ကျုပ်တို့ စားဖို့ သောက်ဖို့ ပြင်ပေတော့ဗျာ"

အနောက်ကျွန်းကျားကြီးသည် ဝန့်ဝေးစန်နှင့် လီရှုရှုတို့စား သောက်ရန် ပြင်ဆင်လေတော့၏။

+++

ဦးဒေါင်းမောင်နှံတောင်ထိပ်၌ ရောင်လင်စွယ်စုံသိုင်းကျမ်းကြီးမှ သိုင်းပညာရပ်များကို အရှေ့ကျွန်းမင်းသားလေး ဝန်ဝေးစန်းက ကြိုးကြပ်၍ သင်ကြားပေးနေရာ တစ်လတင်းတင်းပင် ပြည့်ခဲ့ပြီဖြစ်သည်။

သည်နေ့ နောက်ဆုံးသင်ရိုးလေ့ကျင့်ခန်းပြီးလျှင် စွယ်စုံသိုင်းကျမ်းမှ သိုင်းပညာရပ်များသည် ကုန်ဆုံးပြီးဖြစ်လေ၏။

လီရှုရှုသည် ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်လာရပေတော့မည်။

ထို့အတူ အနောက်ကျွန်းကျားကြီးမှာလည်း ဝန်ဝေးစန်း၏ သင်ကြားပေးမှုကြောင့် အခြေခံသိုင်းသင်ရိုးများ ကုန်ဆုံးသွားပြီ ဖြစ်လေ၏။

အပျော့သိုင်းပညာများကို စတင်သင်ကြားပေးနေပြီ ဖြစ်သည်။

ယနေ့တွင် လီရှုရှု၏ လေ့ကျင့်မှု နောက်ဆုံးနေ့များအတွက်



လေ့ကျင့်ရန် ပြင်ဆင်ပေးထားသည့် ပစ္စည်းများမှာ မြေတွင်စိုက်ထားသည့် ဝါးချွန်များပင်ဖြစ်သည်။

ချွန်မြသောဝါးချွန်များကို တစ်ခုနှင့်တစ်ခု တစ်ထွာခန့်အကွာ၌ ကျားကြီးသည် စိုက်ပေးခဲ့သည်။

ဝါးချွန်တစ်ရာခန့် ပြုလုပ်ရသည်မှာ မလွယ်ချေ။ ကျားကြီး၏လက်ဖျားသည် သွေးချင်းချင်းနီသွားရသည်။

လီရှုရှုအဖို့လည်း သက်သာလှသည်မဟုတ်ပါ။ ခြေနင်းကွက်များကိုနင်း၍ လေ့ကျင့်ရမည်ဖြစ်သည်။ ခုန်ချရမည်ဖြစ်သည်။ အိပ်စက်ရမည် ဖြစ်သည်။

သူတို့သိုင်းလေ့ကျင့်ရမည့်အချိန်မှာ နေမွန်းတည့်ချိန်ဖြစ်၏။

ဝန်ဝေးစန်းကား ရောင်လင်စွယ်စုံသိုင်းကျမ်းကို အသေအချာ ဖတ်ရှုလျက် ရှိနေသည်။

သူသည် သိုင်းကွက်များကို ကြိုတင်သိထားရမည် ဖြစ်သည်။ သို့မှသာ လီရှုရှုကို လမ်းညွှန်နိုင်မည်မြဲသည်။

လေ့ကျင့်ရမည့်သူကား လီရှုရှု....။

လီရှုရှုသည် မနက်မိုးလင်းကတည်းက မည်သူနှင့်မျှ စကားမပြောဘဲနေသည်ကို ဝန်ဝေးစန်း သတိပြုမိ၏။

သူမသည် မျက်မှောင် ကြီးကြုတ်လျက် တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေ၏။

သို့သော် သူမလေ့ကျင့်ရမည့်သင်ခန်းအတွက်တော့ သူမ

ဖြင်ဆင်ထားသည်။

နေမွန်းတည့်သည်နှင့် သင်တန်းစတော့မည် ဖြစ်သည်။

နေလုံးသည် ခေါင်းပေါ် ရောက်လာလေ၏။

"လီရှုရှု... စမယ်"

လီရှုရှုသည် သူ့ထံလျှောက်သွား၏။ ဝန်ဝေးစန်းသည် သိုင်းကွက်များကို ပထမဦးဆုံး ရှင်းပြလေ၏။

"ပထမဆုံးလေ့ကျင့်ရမှာက ခြေနင်းကွက်ပဲ"

ကျားကြီးသည် ခပ်လှမ်းလှမ်းတစ်နေရာ၌ သိုင်းပညာလေ့ကျင့်နေ၏။

ကျားကြီးသည် သူ့သိုင်းပညာများကို များစွာ လေးစား၏။ အချိန်အားလပ်သည်နှင့် သိုင်းပညာလေ့ကျင့်တော့သည်။

ကျားကြီးမှာ အသက်ကြီးမှ သိုင်းပညာကို အာရုံစူးစိုက်မှု၊ လေ့ကျင့်မှုတို့ ကြောင့် အခြေခံသိုင်းပညာကို လျှင်လျှင်မြန်မြန် တတ်မြောက်ခဲ့သူ ဖြစ်သည်။

ထိုအချိန်၌ လီရှုရှုသည် သူ့သိုင်းပညာများကို စတင်လေ့ကျင့်နေလေပြီ။

သူမသည် ဝါးချွန်တစ်ရာခန့်ရှိသည့်အပေါ်သို့ ဖျတ်ခနဲ ခုန်တက်သွားပြီး ထိုဝါးချွန်များကို တစ်လုံးမကျန် နင်းဖြတ်ကျော်နင်းသွား၏။

နောက်ဆုံး ဝါးချွန်ကိုနင်းကာ ကျွမ်းထိုးခုန်ချလိုက်သည်။



"ဖြောင်း... ဖြောင်း... ဖြောင်း"

အရှေ့ကျွန်းမင်းသားလေး ဝန်ဝေးစန်းက လက်ခုပ်တီး၍ သြဘာပေးလေ၏။

"တော်တယ်... လီရှုရှု"

လီရှုရှုသည် ကျွမ်းပစ်လိုက်သည်မှာ မြေပြင်ပေါ်သို့ဟု ထင်ကြပါလိမ့်မည်။

မြေပြင်ပေါ်သို့ ကျွမ်းပစ်လိုက်ခြင်းမဟုတ်ပါ။ ဝါးချွန်များပေါ်သို့သာ ဖြစ်ပါသည်။

သူမ၏ကိုယ်ဖော့ပညာကောင်းလွန်းသဖြင့် ဝါးချွန်များအထက်တွင် ဘေးမသီရန်မခ ရပ်နေနိုင်ခြင်းဖြစ်ပါသည်။

သူမသည် စက္ကူရွက်တစ်ရွက်နှယ် ဝါးချွန်များ အပေါ်၌ရပ်တည်နေနိုင်ပါသည်။

ထို့နောက် တစ်ပတ်ကျွမ်းပစ်ပြီး ဝါးချွန်များပေါ်၌ လက်ကိုထောက်လျက် ကျသွား၏။

ဝါးချွန်များမှာ လက်ကိုစူးဝင်ခြင်းမရှိပေ။

လီရှုရှု၏ ကိုယ်ဖော့ပညာ မည်မျှကောင်းကြောင်း သက်သေပြခြင်းပေတည်း။

ကင်းမြီးကောက်ထောင်နေသော သူမကိုယ်မှာ တန်းတန်းမတ်မတ်ပင်။ သူမသည် ထိုအနေအထားမှ အိပ်ချလိုက်၏။

ဝါးချွန်များပေါ်၌ လီရှုရှုအိပ်လျက် အနေအထားဖြစ်သွား

ပေပြီ။

ဝန်ဝေးစန်းကား ချီးကျူး၍မဆုံးတော့ပေ။ ဝန်ဝေးစန်းသည် လီရှုရှု၏လေ့ကျင့်နိုင်အားကို အံ့သြချီးကျူးခဲ့သည်။

လီရှုရှု လေ့ကျင့်နိုင်မှုမှာ လက်ဖျားခါလောက်စရာ ဖြစ်နေပေသည်။

သူမသည် သိုင်းလောကၡထင်ရှား ကျော်ကြားလာမည့် သိုင်းထိပ်သီးတစ်ဦးပေတည်း။

သူမသည် သိုင်းလောကၡ လွန်စွာဆိုးသွမ်းနေသော မီးလက်ဝါးကဲ့သို့သော သိုင်းသမားလူဆိုးကြီးများကိုနှိမ်နင်းနိုင်တော့မည်ဖြစ်သည်။

မိမိဖခင်အား သတ်ဖြတ်ခဲ့သည့် မီးလက်ဝါးဟန်ဖချင်းအား မိမိနှင့်အတူလက်တွဲ၍ နှိမ်နင်းနိုင်တော့မည်ဖြစ်သည်။

ဝန်ဝေးစန်းမှာ ရှေ့ရေးကိုမျှော်တွေးပြီး လွန်စွာ ပျော်ရွှင်နေမိလေ၏။

သူသည် လီရှုရှုအား သံယောဇဉ်ဖြစ်နေသည့်အားလျော်စွာ ချစ်ရေးဆိုခဲ့ပြီဖြစ်သည်။ ထိုချစ်ရေးချစ်ရာကိစ္စကို မစဉ်းစားသေးပါ။

သူမ၏ကိုယ်ရေးကိုယ်တာကိစ္စများပြီးဆုံးမှ ဆုံးဖြတ်မည်ဆိုသဖြင့် ဝန်ဝေးစန်းသည် သူ၏ချစ်ရေးချစ်ရာ ကိစ္စများကို ရပ်နားထားခဲ့သည်။

သူသည် လီရှုရှု၏မျက်နှာကိုကြည့်လိုက်၏။ လီရှုရှု၏မျက်



နှာမှာ သုန်မှုန်နေသည်။

ဝန်ဝေးစန်းသည် ထိုမျက်နှာကိုတွေ့ရသောအခါ အံ့သြသွား၏။ အဘယ်ကြောင့် လီရှုရှု သုန်မှုန်နေရသနည်း။

ထိုစဉ် လီရှုရှုသည် ဝါးချွန်များပေါ်မှ မြေပြင်သို့ကျွမ်းပစ်ဆင်းလာပြီး ကျားကြီးကို မျက်မှောင်ကုပ်၍ကြည့်နေလေ၏။

သူမ ဘာအလိုမကျ ဖြစ်နေပါသနည်း။

အနောက်ကျွန်းကျားကြီးသည် သူမအပေါ် တစ်စုံတစ်ခုကို အမှားအယွင်း ပြုလုပ်မိလေပြီလား။

ယခုအချိန်ကာလသည် သူမအဖို့ ပျော်ရွှင်ဖွယ်ရာကာလပင် ဖြစ်သည်။

သူမ မပြောနှင့် ဘေးမှ ဝန်ဝေးစန်းပင်လျှင် သူမအတွက် ပျော်ရွှင်နေရပြီမဟုတ်ပါလား။

ဝန်ဝေးစန်းသည် လီရှုရှု၏ အမူအရာကိုကြည့်လျက် နားမလည်နိုင်အောင် ဖြစ်နေရသည်။

လီရှုရှုသည် ကျားကြီးရှိရာသို့ လျှောက်သွားနေ၏။

ထို့နောက် ကျားကြီးဆီသို့ လှုပ်တစ်ပြက် ခုန်ဝင်သွားပြီး ဓားရောင်ဖျတ်ခနဲ လင်းလက်သွားသည်။

"အား"

ကျားကြီးမှာ အော်ဟစ်လဲကျသွားရှာလေ၏။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ဝန်ဝေးစန်းမှာ

ကြက်သေ သေသွားသည်။

သို့သော် ချက်ချင်းလိုလို သတိဝင်လာပြီး လီရှူရှူနောက်သို့ ခုန်ဝင်လာပြီး အကြောပိတ်လိုက်ရ၏။

လီရှူရှူမှာ အကြောပိတ်ခံလိုက်ရသဖြင့် မလှုပ်မယှက်ဖြစ်သွားလေတော့၏။

"ဘယ်လိုများလုပ်လိုက်တာလဲ လီရှူရှူရယ်"

ကျားကြီးမှာ သေလုသေခင် ဖြစ်နေလေပြီ။

"ကျုပ်... ကျုပ်... ဘာများ အမှားလုပ်လိုက်မိလို့လဲ ဆရာရယ်"

ကျားကြီးသည် မပီမသဖြင့် မေးမြန်းရာလေ၏။

ဝန်ဝေးစန်းသည် ကျားကြီး၏ဒဏ်ရာကို ကြည့်လိုက်၏။ ဒဏ်ရာကား အသက်ရှင်ဖွယ်မရှိတော့ချေ။

"ကျုပ်လဲ နားမလည်တော့ပါဘူး ကျားကြီးရယ်၊ သူ့အစားကျုပ်ကပဲ ခင်ဗျားကို တောင်းပန်ရတော့မှာပဲ၊ ခင်ဗျားအတွက် ကျုပ်တကယ်ပဲ ကြေကွဲဝမ်းနည်းပါတယ်ဗျာ"

သူသည် လိုက်လိုက်လှဲလှဲ ပြောလိုက်လေ၏။

"ကျုပ်အမှားကို သိ... သိရရင် သေပျော်ပါပြီဆရာရယ်"

ကျားကြီး၏တီးတိုးလေသံမှာ ဝန်ဝေးစန်း၏နှလုံးသားကို ဆုပ်ကိုင်ဖျစ်ညှစ်သကဲ့သို့ ရှိနေလေ၏။

ဝန်ဝေးစန်းသည် မျက်လုံးကိုမှိတ်လိုက်မိ၏။ မျက်ရည်တို့သည် လိမ့်ဆင်းလာလေ၏။

အခြားတစ်ယောက်ယောက်ဆိုလျှင် သူသည် စိစိညက်ညက်ကြေအောင် တိုက်ခိုက်မိမည်ဖြစ်၏။

ယခုတော့ လီရှူရှူဖြစ်နေသဖြင့် သူ့မှာ ခက်နေရသည်။

"ဆ... ဆ... ဆရာရယ်၊ ကျွန်တော့်မှာ အမှားရှိရင် ခွင့်... ခွင့်"

အနောက်ကျွန်းကျားကြီးသည် စကားကိုဆုံးအောင် မပြောနိုင်တော့ချေ။

ခေါင်းသည် လန်ကျသွားလေ၏။ ပါးစပ်မှ သွေးများလည်း ပွက်ခနဲထွက်လာလေ၏။

သေပြီ။ ကျားကြီးသေပြီ။ သူတို့ကို တကယ်အားထားခဲ့သောကျားကြီး သေဆုံးရာလေပြီ။

အနောက်ကျွန်းကျားကြီးသည် ပထမတော့ သူတို့အား အန်တုယှဉ်ပြိုင်သူ ဖြစ်ခဲ့၏။

သို့သော် သူတို့၏ ဝေယျာဝစ္စကိစ္စ အားလုံးကို ဆောင်ရွက်ပေးခဲ့ပြီး တပည့်ခံသူတစ်ဦးဖြစ်လာ၏။

သိုင်းပညာကိုလည်း ရိုကျိုးတက်ကြွစွာ သင်ယူခဲ့သည်။ ယခုတော့ တက်ကြွသည့် တပည့်တစ်ဦး သေဆုံးသွားသည်။

ဝန်ဝေးစန်းသည် မလှုပ်ရှားနိုင်သော လီရှူရှူအား ကြည့်လိုက်၏။

သူ့မျက်လုံးမှမျက်ရည်များ တောက်ခနဲ တောက်ခနဲ ကျလာသည်။

သူသည် ထိုအခါမှ လီရှရှကို သေသေချာချာ ကြည့်မိသည်။ လီရှရှ၏မျက်လုံးများမှာ ပြူးကျယ်၍ လည်နေကြောင်း တွေ့ရတော့သည်။

"တစ်ခုခုတော့ မှားယွင်းနေပြီ"

ဝန်ဝေးစန်းသည် တစ်ခုခုမှားယွင်းနေကြောင်းကို သတိပြုမိသွား၏။

လီရှရှသည် ယခင်က ထိုသို့တစ်ခါမျှ စိတ်မဖောက်ပြန်ဖူးသည်ကို သူ သတိရလိုက်၏။

"ဒါ... ဒါ အရူးမျက်လုံးတွေပဲ"

ဝန်ဝေးစန်း သိသည်။ ထိုမျက်လုံးများမှာ မူမှန်သူ၏မျက်လုံးများ မဟုတ်ပေ။ မူမမှန်သူ၏မျက်လုံးများသာ ဖြစ်သည်။

သူသည် ပြန်လှန်စဉ်းစား၏။ သူသည် ရောင်လင်စွယ်စုံ ကျမ်းကြီးကိုသင်ကြားရာ၌ ကြီးကြပ်ရုံသာ ကြီးကြပ်ခဲ့သည်။

ထိုသိုင်းပညာရပ်များကို သင်ကြားသည့်အထဲမှသာ တစ်ခုခုမှားယွင်းနိုင်ပေသည်။

မည်သည့်သိုင်းပညာရပ်၌ မှားယွင်းသွားသနည်း။ ဝန်ဝေးစန်း မစဉ်းစားတတ်တော့ပေ။

ကျားကြီးကိုလည်း လီရှရှခင်မင်သည်။ ခင်မင်သူကို လီရှရှ



မသတ်ပေ။ စိတ်ဖောက်ပြန်သွား၍သာ သတ်ခြင်းဖြစ်ပေလိမ့်မည်။

ဝန်ဝေးစန်းသည် တွင်းတစ်ခုကိုတူးလိုက်ရလေ၏။

ကျားကြီး၏အလောင်းကို ထိုတွင်း၌ မြှုပ်နှံလိုက်သည်။

ထို့နောက် အကြောပိတ်ထားသော လီရှရှအား ပခုံး၌ ထမ်းလိုက်သည်။

သူတို့နေထိုင်သည့် ဂူများဆီသို့ သယ်ဆောင်လာခဲ့လေ၏။

✣✣✣

(၆)

## တိုက်ပွဲအတွက်တာစူခြင်း

မီးလက်ဝါးသည် သိုင်းပညာစွမ်းထက်သော်လည်း သူ့သိုင်းပညာကို အလွဲသုံးနေသူဖြစ်သည်။

သူသည် အောက်လမ်းသိုင်းသမား တစ်ဦးသာတည်း။

အောက်လမ်းသိုင်းသမားတစ်ဦးဖြစ်၍ မဟုတ်သည့်ကိစ္စများကို အကုန်လုပ်သည်။ လက်မရွံ့ လူသတ်သမားတစ်ဦးဖြစ်သည်။

သူလိုလူမျိုး လက်မရွံ့လူသတ်သမားတစ်ဦးဖြစ်သည်မှာ မဆန်းချေ။



ငယ်စဉ်ကပင် ဆိုးပေခဲ့သူဖြစ်ခြင်းကြောင့်ပင်တည်း။

အရွယ်ရောက်သည့်အခါတွင်လည်း ချစ်သူရှိခဲ့ပါသည်။

ချစ်သူ၏ သွန်သွင်ဖျောင်းဖျမှုကိုလည်း လက်မခံ၊ ချစ်သူကိုလည်း ပစ်ပယ်၊ ချစ်သူ၏ မိဘများကိုလည်း သတ်ဖြတ် အစဉ်တစိုက် ဆိုးသွမ်းခဲ့သူဖြစ်၏။

ထိုအရွယ်မှ လူကြီးအရွယ်သို့ရောက်သောအခါတွင်ကား ပြောစရာမလိုတော့ပေ။

သံပရာသီးကဲ့သို့ ကြီးလေချဉ်လေ ကြီးလေဆိုးသွမ်းရက်စက်လေ ဖြစ်လာတော့သည်။

ရွှေပိတုန်းအဘွား....။

သူမကား ပြောက်ကျွန်းသူ သိုင်းအကျော်အမော်တစ်ဦးဖြစ်၏။

သူနှင့်အမြင်မတူသူမှန်သမျှတို့ သူ့ရန်သူသတ်မှတ်သူ ဖြစ်သည်။

ထို့ကြောင့် သိုင်းလောကသားများနှင့် အမြဲတမ်း ရန်ဖြစ်နေသူဖြစ်သည်။

သိုင်းလောကသားများက သူမကို လုံးဝလက်မခံပေ။ အယူသီးသူ တယူသန်သူအဖြစ် သတ်မှတ်ထားကြသည်။

ရွှေပိတုန်းအဘွားမှာ တကယ်လည်း တယူသန်သူဖြစ်သည်။

သူမသည် အမြတ်မ်း တိုက်ခိုက်နေရမှု စားဝင်အိပ်ပျော်သူ ဖြစ်၍ ရန်ဖြစ်ရန် အမြဲတမ်း လမ်းစရှာနေသူဖြစ်ပေသည်။

သူမသည် ရုပ်ကလည်းဆိုးလှသဖြင့် သိုင်းလောက၏က ဝေမကြီးအဖြစ် နာမည်ကျော်နေသူဖြစ်သည်။

အောက်လမ်းသိုင်းလောကတွင် နာမည်တစ်လုံးနှင့် နေသူ ဖြစ်သည်။

မြောက်ကျွန်းဘီလူး....။

မြောက်ကျွန်းဘီလူး ပန်တွေးကုန်ကား မြောက်ကျွန်း၏မ ကိုင်ဦးသျှောင်တည်း။

သူ၏မိုက်မဲမှုရမ်းကားမှု ရက်စက်မှုတို့မှာ ပြည်မသိုင်း လောကတိုင် ကျော်ကြားထင်ရှားသူဖြစ်သည်။

သူသည် သိုင်းပညာစွမ်းထက်ပါသည်။ သို့သော် အလွန် ရက်စက်သူဖြစ်သည်။

သူသည် အောက်လမ်းသိုင်းလောက၏ ဘုရင်တစ်ဆူဖြစ် ပေတော့သည်။

ရွှေပိတုန်းအဘွားနှင့် မြောက်ကျွန်းဘီလူးတို့မှာ မောင်နှမ ဖြစ်၍ တစ်ဦးချင်းလဲ စွမ်းရည်ရှိပြန် ပူးပေါင်း၍လည်း အစွမ်းပြနိုင် ပြန်သောအခါ သိုင်းလောကကို ထီမထင်ဘဲ တွေ့ကရာ လျှောက် လုပ်နေသူ မောင်နှမဖြစ်နေသည်။

ထိုနှစ်ဦးတွင် မီးလက်ဝါးဟန်ဖချင်း လာရောက်ပေါင်းသော



အခါ သုံးယောက်ပေါင်း လောင်းကျော်ဖြစ်သွားတော့သည်။

သူတို့သည် သိုင်းလောကကို ခါးစောင်းတင်ပြီး ရှောင်လင် စွယ်စုံသိုင်းကျမ်းကြီးနောက် လိုက်ကြတော့သည်။

တောင်ကျွန်းခရီးမှာ မနီးလှချေ။ သို့ရာတွင် သိုင်းကျမ်းတစ် ဆူ ရှိနေသည်ဆိုသောအသိက တောင်ကျွန်းခရီးကို အနီးလေးထင် နေကြသည်။

တောင်ကျွန်းသို့ သွားလည်းသွားခဲ့ကြသည်။ စွယ်စုံသိုင်း ကျမ်းကြီးကိုလည်း အရယူနိုင်ခဲ့ကြသည်။ သူတို့သုံးဦး ပျော်မဆုံး တော့ပေ။

သူတို့၏စိတ်ကူးမှာ သူတို့သုံးဦးစလုံး ထိုသိုင်းပညာရပ်များ ကိုသင်ပြီး သိုင်းလောကထိပ်သီးမှန်သမျှကို ဖယ်ရှားသုတ်သင်ပစ်ရန် ဖြစ်သည်။

ထို့နောက် သူတို့သုံးဦးက သိုင်းလောကကို ခြယ်လှယ်မည် ဖြစ်သည်။

ထို့ကြောင့် စွယ်စုံသိုင်းကျမ်းကြီးအား လက်ဝယ်ရပြီးသော အခါ သိုင်းကျမ်းကြီးအား မည်သို့မည်ပုံ ခွဲဝေမည်ကို ဆွေးနွေးကြ သည်။

နောက်ဆုံး သူတို့သုံးဦးစလုံး သိုင်းကျမ်းကြီးကို လေ့ကျင့် ကြမည်။

စွယ်စုံသိုင်းကျမ်းမှ သိုင်းပညာများကိုရသောအခါ သိုင်း

လောက၌ မခွဲမခွာ လက်တွဲကြမည်ဟု ဆုံးဖြတ်ကြ၏။

ကတိပြုကြ သည်။ ထိုအခါမှစ၍ သိုင်းပညာကို စတင်လေ့ကျင့်ကြတော့သည်။

အစပထမတော့ ဟုတ်သလိုလိုရှိသေးသည်။

နောက်တော့ တဖြည်း ဖြည်း ကမောက်ကမဖြစ်လာသည်။ လေ့ကျင့်၍မရဘဲ ဖြစ်လာသည်။

သူတို့သုံးဦး သိသွားကြလေပြီ။ ကျောချမှ ဓားပြမှန်း သိကြလေပြီ။

ရှောင်လင်စွယ်စုံသိုင်းကျမ်းအတုကြီးကို သူတို့ရရှိခဲ့လေပြီ။

သုံးဦးစလုံး တောက်တခေါက်ခေါက် ဖြစ်နေကြသည်။ ဓားနှစ်လက်မေအိ၏ လှုလည်လုပ်ခြင်းကို သူတို့ခံကြရလေပြီ။

"တောက်"

မီးလက်ဝါး ဟန်ဖချင်းမှာ သူ၏ရည်စွယ်ချက်ကြီး ပြိုလဲသွားသဖြင့် ဒေါသအမျက်ခြောင်းခြောင်း ထွက်နေလေ၏။

"သေချင်းဆိုးမ... ငါတို့ကို လုပ်ရက်တယ်၊ ငါတို့တော့ တကယ့်သိုင်းကျမ်းကြီးထင်လို့ မှားတယ် ငါမှားတယ်၊ တကယ်တော့ ငါတို့တောင်ကျွန်းမှာ ရှိနေကတည်းက သိုင်းကျမ်းကိုစစ်ဆေးခဲ့ဖို့ကောင်းတယ်၊ ငါတို့ဝမ်းသာအားရနဲ့ တောင်ကျွန်းက ထွက်လာခဲ့တာဟာ အကြီးကျယ်ဆုံးအမှားပဲ"

ရွှေပိတုန်းအဘွားကလည်း လွန်စွာ ဒေါသထွက်နေလေ၏။



"ဗိုင်းတာမ"

သူမသည် ဆဲရေးလိုက်သည်။

"တောင်ကျွန်းသာ အနီးကလေးဆိုရင် ဒီကောင်မကိုပြေးပြီး ဒုတိယအကြိမ် သတ်လိုက်ချင်သေးတယ်"

သူမသည် မကျေမနပ်ဖြင့် ဆက်၍ ပြောနေသည်။

ထိုသုံးယောက်ထဲတွင် အငြိမ်ဆုံးလူမှာ မြောက်ကျွန်းဘီလူးသာ ဖြစ်တော့သည်။

စကားမပြောသော်လည်း သူ ဒေါသဖြစ်နေပုံမှာ မီးလက်ဝါးနှင့် ရွှေပိတုန်းအဘွားတို့ထက် သာသည်။

မေးကြောကြီးများ ထောင်နေပုံကိုကြည့်၍ သူ မည်မျှ ဒေါသထွက်နေကြောင်း သိနိုင်သည်။

မီးလက်ဝါးက....

"ကျုပ်တစ်ခု တွေးမိတယ်ဗျ၊ ဒီရှောင်လင်စွယ်စုံသိုင်းကျမ်းထဲက ပညာတွေရမှ ကျုပ်တို့က သိုင်းလောကကိုခြယ်လှယ်နိုင်မလား၊ ကျုပ်ကလဲ သိုင်းထိပ်သီး၊ ခင်ဗျားတို့ကလဲ သိုင်းလောကမှာထိပ်သီး၊ ကျုပ်တို့တစ်ယောက်ချင်း တစ်ဗိုလ်တစ်မင်းလုပ်နိုင်တဲ့လူချည်းပဲ၊ ဒီတော့ ကျုပ်တို့ သုံးဦးပေါင်းလိုက်မယ်ဗျာ၊ ဘယ်သူတွေခံနိုင်မလဲ၊ ခင်ဗျားတို့နှစ်ယောက်သာ ကျုပ်နောက်မှာရှိနေရင် ကျုပ်ဟာ သိုင်းလောကရဲ့ မကိုဋ်ဦးသျှောင်လုပ်နိုင်တယ်ဗျ၊ သိုင်းလောကကြီး တစ်ခုလုံးကို စိစိညက်ညက်ကြေမွအောင် ချေပစ်လိုက်နိုင်တယ်"

ရွှေပိတုန်းအဘွားက....

"ကျွန်မတို့ ရှင့်နောက်မှာရှိရင် ရှင်ကလွဲရင် ကျွန်မတို့ အာဏာအရှိဆုံး ဖြစ်မှာလား"

မီးလက်ဝါးက အာမခံ၏။

"စိတ်ချ၊ ကျုပ် အာမခံတယ်၊ ကျုပ်ကလွဲရင် ခင်ဗျားတို့ မောင်နှမ တန်ခိုးအရှိဆုံး ဖြစ်ရစေမယ်"

ရွှေပိတုန်းအဘွားနှင့် မြောက်ကျွန်းဘီလူးတို့သည် ကျေနပ်သွားကြသည်။

မြောက်ကျွန်းဘီလူးက....

"ကျုပ်တို့ဟာ မြောက်ကျွန်းမှာသာ ထိပ်သီးဖြစ်နေတာ၊ ပြည်မသိုင်းလောကမှာတော့ ခင်ဗျားလောက် တိုးတိုးဝင်ဝင် မရှိဘူး၊ ခင်ဗျားနဲ့ကျုပ်တို့သုံးယောက် ပေါင်းလိုက်ရင် သိုင်းလောကမှာ ဘယ်သူမှမခံနိုင်ဘူးဆိုတာ ကျုပ်သိတယ်၊ ရေခဲတောင်ကျွန်ဟင်းလဲ တစ်ဓာတ်သိမ်းခဲ့ပြီ၊ ဝိညာဉ်နှုတ်လက်ညှိုး ယန်စီကိုဖြိုနိုင်ရင် သိုင်းလောကမှာ ဘယ်သူမှမရှိတော့ဘူး"

"ကောင်းပြီ၊ ခင်ဗျားတို့သဘောတူရင် ကျုပ်တို့လက်တွဲကြတာပေါ့"

ထိုအခါ မီးလက်ဝါးနှင့် မြောက်ကျွန်းဘီလူး မောင်နှမတို့သည် မဟာမြိုင်တောကြီးအလယ်မှ မြစ်မိုးကန်သို့ ဒုတိယအကြိမ်သွားရောက်ရန် ပြင်ဆင်ကြတော့၏။



သွားမည်။ ပြင်ဆင်ရမည် ဆိုသော်လည်း သူတို့၌ ဘာမှ မည်မည်ရရ ယူဆောင်စရာပစ္စည်းမရှိပါ။

သူတို့သုံးဦး ထွက်ခွာရုံသာ ရှိကြပါသည်။ ဤသို့ဖြင့် သုံးယောက်သား မဟာမြိုင်တောကြီးသို့ ခရီးထွက်လာကြလေ၏။

ဤမဟာမြိုင်တောကြီး၏အလယ် မြစ်မိုးကန်သို့ မြောက်ကျွန်းသားတို့မှာ မရောက်ဘူးကြချေ။

မီးလက်ဝါးက ကန်ထဲမှ ကြာရွက်များကို လက်ညှိုးထိုးပြလေ၏။

"အဲဒီကြာရွက်တွေကို နင်းပြီး ကိုယ်ဖော့ပညာသုံးရမယ်၊ ဒါမှ ဟိုအိမ်ကို ရောက်နိုင်မယ်၊ အဲဒီအိမ်က မြကန်ဒေဝီရဲ့အိမ်ပဲ၊ ကျုပ်တို့ ဒီကိုလာတာဟာ ဝိညာဉ်နှုတ်သိုင်း လက်ညှိုးယန်စီကို တိုက်ဖို့ မဟုတ်လား၊ ဝိညာဉ်နှုတ်သိုင်းလက်ညှိုးယန်စီက အဲဒီအိမ်ထဲမှာ ရှိနေတယ်၊ ကျုပ်တို့ တစ်ခါလာတုန်းကတော့ ဒီအိမ်ထဲမှာ ရှိတာပဲ"

မြောက်ကျွန်းဘီလူးက လှုံ့ဆော်၏။

"ဒါဖြင့် ဘာကို ရပ်စောင့်နေတာလဲ၊ သွားကြတာပေါ့"

မီးလက်ဝါးက....

"နေဦး... အရမ်းသွားလို့ မဖြစ်ဘူး၊ ပွဲမဝင်ခင် အပြင်က ပြင်ဆင်ရဦးမှာ၊ ပြင်ဆင်ပြီးမှ တိုက်ရင် ပိုကောင်းတာပေါ့"

ရွှေပိတုန်းအဘွားက ထောက်ခံ၏။

"ဟုတ်တယ်... ယန်စီကို အထင်သေးလို့မဖြစ်ဘူး"

မီးလက်ဝါးက....

"ကျုပ်တို့ ပထမအကြိမ် တွေ့စဉ်တုန်းက သူ့အတွင်းအား တွေက မတရားကောင်းနေတာပဲ၊ ကျုပ် စဉ်းစားကြည့်တယ်၊ ဒီနှစ်ကာလ အံပိုင်းအခြားမှာတော့ သူ့အတွင်းအားဟာ ဒီလောက်မကောင်းသင့်ဘူး၊ ဘာဖြစ်လို့ အတွင်းအားတွေ ဒီလောက်ကောင်းနေရသလဲ၊ ရေခဲတောင်ကျန်ဟင်းရဲ့အတွင်းအားတွေ ရလို့နေမှာပေါ့၊ ရွှေပိတုန်းအဘွားက ကျန်ဟင်းကို သတ်နိုင်ခဲ့တယ်ဆိုတာလဲ ကျန်ဟင်းမှာ အတွင်းအားကုန်လို့ပဲ ဖြစ်ရမယ်၊ ဟုတ်တယ် မဟုတ်လား"

ရွှေပိတုန်းအဘွားကလည်း ထောက်ခံသည်။

"ဟုတ်တယ်... ကျန်ဟင်းက ကျုပ်ကိုမနိုင်တာ ကျုပ် သိပ်အံ့သြမိတယ်၊ ကျုပ်က ကျန်ဟင်းကိုသတ်နိုင်မယ် မထင်ပါဘူး၊ ဒါပေမယ့် သူသေသွားတယ်"

မီးလက်ဝါးက....

"ဒီတော့ ကျုပ်တို့သုံးဦးစလုံး ဝင်မတိုက်ဘူး၊ ကျုပ်နဲ့မြောက်ကျွန်းဘီလူး၊ ဒါမှမဟုတ် ရွှေပိတုန်းအဘွား နှစ်ယောက်တည်း ယန်စီကိုဝင်တိုက်မယ်၊ ကျန်တဲ့တစ်ယောက်က အလစ်စောင့်နေရမယ်၊ အခွင့်သာတာနဲ့ အလစ်ဝင်တိုက်ရမယ်"

ရွှေပိတုန်းအဘွားက....

"ဒါဆိုရင် ကျုပ် ချုန်နေရစ်မယ်၊ အလစ်အငိုက် ဝင်တိုက်မယ်ဆိုရင် ကျုပ်က လက်နက်ပုန်းပစ်ခတ်တဲ့နေရာမှာ ထိပ်တန်းဆိုတော့ ယန်စီလစ်ဟင်းသွားခိုက်မှာ ကျုပ် လက်နက်ပုန်းနဲ့ပစ်မယ်"



"ကောင်းတယ်၊ အဲဒီအကြံကောင်းတယ်၊ အပြင်တစ်နေရာရာမှာ ခင်ဗျားပုန်းနေခဲ့၊ အလျင်တစ်ခါ လာတုန်းကတော့ သိုင်းလက်ညှိုးနဲ့နဂါးဓားရှိတယ်၊ နဂါးဓားက သိုင်းလက်ညှိုးကို ကူဖို့စောင့်နေတာဗျ၊ အခုတော့ ဘယ်သူရှိနေမလဲ မသိဘူး၊ ဘာပဲဖြစ်ဖြစ် ယန်စီရဲ့အလစ်အငိုက်မှာ လက်နက်ပုန်းနဲ့တွယ်နိုင်ပြီဆိုရင် အဆင်ပြေပြီ"

ဤသို့ဖြင့် ရွှေပိတုန်းအဘွားသည် မြစိမ်းကန်ဘေးရှိ သစ်ပင်တစ်ပင်ပေါ်တက်ရောက် ပုန်းအောင်းနေခဲ့ပါသည်။

"ခင်ဗျားပုန်းနေတာလဲ လုံခြုံအောင် ပုန်းနော်၊ ယန်စီက သိချင်သိမှာ၊ ပုန်းနေတဲ့လူက မမြင်ဘဲ မပုန်းတဲ့လူက ခင်ဗျားကိုမြင်သွားမယ်"

"စိတ်ချပါ၊ ကျုပ်ပုန်းနေတာက ဘယ်သူမှ မမြင်စေရပါဘူး"

မီးလက်ဝါးနှင့်မြောက်ကျွန်းဘီလူးတို့သည် ကိုယ်ကိုဖော့လျက် ကြာရွက်များကိုနင်းသွားပြီး မြကန်ဒေဝီ၏အိမ်ဆီသို့ ချဉ်းကပ်သွားကြ၏။

အိမ်ဖြူကလေးရှေ့သို့ ရောက်သောအခါ နှစ်ယောက်စလုံး အိမ်တွင်းသို့မဝင်ဘဲ နားစွင့်နေလိုက်ကြသည်။

"ဘာသံမှလဲ မကြားရပါလား၊ ဘယ်သူမှမရှိဘူးနဲ့ တူတယ်"

ခြောက်ကျွန်းဘီလူးက လေသံနှင့် တီးတိုးမှတ်ချက်ချသည်။

"မထင်နဲ့ဗျ... သတိထား"

"ကျုပ် အရင်ဝင်မယ်"

"ဝင်ရင် သတိထား၊ ရှိမယ် မရှိဘူးဆိုတာတော့ အတပ်မသိဘူး၊ ဒါပေမယ့် ကျုပ်တို့စိတ်ထဲမှာ သူရှိနေတယ်လို့ပဲ မှတ်ထားရမယ်"

"မပြောနိုင်ဘူးဗျာ... ရှိချင်ရှိမှာပါ"

"ခင်ဗျားနဲ့ပြိုင်ပြင်းမနေဘူး၊ ကဲ... ခင်ဗျားဝင်မှာလား၊ ကျုပ် အရင်ဝင်ရမှာလား"

"ကျုပ် အရင်ဝင်ပါ့မယ်၊ ခင်ဗျား အခြေအနေကြည့်ပြီး ဝင်လာပါ၊ ကျုပ်က ခင်ဗျားတို့ ပြည်မသိုင်းလောကကို စမ်းသပ်ချင်နေတာဗျ"

"ကဲ... ဒါဆို ဝင်"

ခြောက်ကျွန်းဘီလူးသည် ခုန်ဝင်သွား၏။

"ဝုန်း"

ခြောက်ကျွန်းဘီလူးသည် အိမ်၏ခေါင်းရင်းဘက်သို့ လွင့်စဉ်သွားလေတော့၏။

✣✣✣



(၇)

## အပြိုင်အဆိုင်အနိုင်

"ဟား... ဟား... ဟား"

ဟားတိုက်ရယ်မောသံကို ကြားလိုက်ရသောအခါ ခြောက်ကျွန်းဘီလူးသည် ရက်ရက်နှင့်ထရပ်လေ၏။

သူ့အား သိုင်းလက်ညှိုးယန်စီက အပေါက်ဝမှ ရိုက်ချလိုက်ခြင်းသာဖြစ်သည်။

ထိုအချိန်တွင် မီးလက်ဝါးသည် အိမ်ထဲသို့တစ်လှမ်းချင်း ဝင်လာ၏။

အိမ်ခန်းထဲမှ ဗိညာဉ်နှုတ်လက်ညှိုး ယန်စီ၊ နဂါးဓား လီယုချိန်၊ နတ်လေပွေ ဟုဇန်တို့သည် အေးစက်သောမျက်လုံးများဖြင့် စောင့်ကြည့်နေကြလေ၏။

"သြော်... ခင်ဗျားတို့က တယ်ဟုတ်ပါလား၊ စောစောကတည်းက လူစုထားကြတယ်ပေါ့"

အဘိုးယန်စီက အေးစက်စက် ရယ်လိုက်၏။

"မီးလက်ဝါး... မီးလက်ဝါး၊ လည်မလိုလိုနဲ့ အတော်အတဲ့အကောင်"

မီးလက်ဝါးသည် ဒေါသထွက်သွားလေ၏။

"ခင်ဗျား ကျုပ်ကို ကလေးတစ်ယောက်လို ပြောနေစရာမလိုဘူး"

"ဟ... ပြောစရာ လိုတာပေါ့ဗျ၊ ခင်ဗျားတို့ ကြာဖက်နဲ့ခြေနင်းပြီးဆိုတာနဲ့ အပြင်မှာ ရန်သူရောက်နေပြီဆိုတာ ကျုပ်တို့ သိနေကြတယ်"

ထိုစကားကိုပြောသူမှာ နဂါးဓားလီယုချိန် ဖြစ်လေသည်။

မီးလက်ဝါးက....

"ခင်ဗျားတို့ကို ကျုပ် လုံးဝဂရုမစိုက်ဘူး၊ ခင်ဗျားတို့က နတ်လေပွေအဘွားကိုပါ အားဖြည့်ထားတယ်ပေါ့"

နဂါးဓားလီယုချိန်က....

"ကျုပ်သမီး လီရှုရှုကော"



"ခင်ဗျား မကြားဘူးလား၊ ခင်ဗျားသမီးကို ကျုပ်တပည့်အဖြစ်က စွန့်လွှတ်လိုက်တာ ကြာလှပေါ့"

"ဝမ်းသာလိုက်တာ မီးလက်ဝါးရယ်၊ ခင်ဗျားရဲ့တပည့် ဖြစ်နေတယ်ဆိုတော့ ကျုပ်မှာမခံချိမခံသာဖြစ်လိုက်ရတာ၊ ခင်ဗျားတပည့်ဖြစ်တာထက်စာရင် ကျုပ်သမီးကို သေနေတာ မြင်ချင်တယ်၊ အခုတော့ ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

နတ်လေပွေအဘွားက....

"ဒါဖြင့် ဒီတစ်ခါ သူမိန်းမကျင့် မိန်းမကြံလုပ်လို့ မရတော့ဘူးပေါ့"

နဂါးဓား လီယုချိန်က ရယ်သည်။

"ဟား... ဟား... ဟား... မှန်ပါ့ဗျာ"

မီးလက်ဝါးက စိတ်ဆိုးမာန်ဆိုး ပြောလေ၏။

"ဒီတစ်ခါတော့ ခင်ဗျားဆံပင်တွေ ဖြူကုန်အောင် လည်ပင်းကို တစ်ခါတည်း ဖြတ်ပေးလိုက်မယ်"

နတ်လေပွေအဘွားက....

"အင်း... အခုလဲ သူတစ်ခုခုယုတ်မာဖို့ ရောက်လာတာ ဖြစ်မယ်၊ ဒီတစ်ခါတော့ သူဟာ တစ်ကိုယ်တော်မလာဘူး၊ အပေါင်းအဖော်နဲ့လာတယ်၊ သတိထားကြ"

မီးလက်ဝါး ထိတ်ခနဲ ဖြစ်သွား၏။

အဘိုးယန်စီက....

"ဟုတ်တယ်... အားလုံးသတိထားကြ၊ ဒီကောင့်မှာ အကြံ တစ်ခုခုရှိပုံရတယ်"

"ကဲ... တော်ကြပါတော့၊ ခင်ဗျားတို့က ကျုပ်တို့နဲ့ တစ်ချိန်လုံး စကားပြောနေကြတော့မှလား၊ မတိုက်တော့ဘူးလား"

မြောက်ကျွန်းဘီလူးက စိတ်မရှည်ဘဲ ဝင်ပြောလိုက်ခြင်းဖြစ်သည်။

သူသည် အဘိုးယန်စီကို မကျေနပ်ပေ။ အဘယ်ကြောင့်ဆိုသော် ဝင်ဝင်ချင်း အဘိုးယန်စီက သူ့အား လက်ဝါးတစ်ချက်ရိုက်ထားသောကြောင့်တည်း။

အဘိုးယန်စီက တဟဲဟဲနှင့် ရယ်သည်။

"ဟဲ... ဟဲ... ဟဲ မြောက်ကျွန်းဘီလူးက ငါ့လက်ဝါးစာမိသွားလို့ စိတ်ဆာနေတယ်ထင်ပါရဲ့၊ ဒါဆိုရင်လဲ အမြန်ဆုံး ပွဲစလိုက်ကြတာပေါ့"

ယခု ရင်ဆိုင်တွေ့နေရသော သိုင်းသမားများမှာ သိုင်းလောက၌ နစ်ပေါင်းများစွာ တစ်ဦးကိုတစ်ဦး တွေ့ဖူးမြင်ဖူးသူများဖြစ်ပေသည်။

မြောက်ကျွန်းဘီလူးသာ အနည်းငယ် အရောက်အပေါက်နည်းသူ ဖြစ်ပေသည်။

ယခု ရင်ဆိုင်တွေ့နေသူများမှာ အောက်လမ်းသိုင်းသမားများနှင့် အထက်လမ်းသိုင်းသမားများ ဖြစ်သည်။



မြောက်ကျွန်းဘီလူးသည် သူ၏ဓားပြားကြီးကိုဆွဲထုတ်၍ ချိန်ရွယ်လိုက်သည်။ လှည့်ပတ်ချောင်းနေသည်။

နဂါးဓားလီယုချိန်မှာ မြောက်ကျွန်းဘီလူးနှင့်မတိုက်ဖူးသဖြင့် တိုက်ကြည့်လိုသူဖြစ်သည်။

ထို့ကြောင့် နဂါးကြီးကိုဆွဲထုတ်ပြီး မြောက်ကျွန်းဘီလူးရှိရာသို့ချိန်ရွယ်ထားသည်။

သူ့မှာစိတ်နှစ်ခွ ဖြစ်နေသည်။ မီးလက်ဝါး၏ ရိုက်ချက်ကိုခံထားရသဖြင့် သူသည် မီးလက်ဝါးနှင့် စိတ်မကျေပွဲလည်း နွဲချင်နေသေးသည်။

အဘိုးယန်စီက....

"တို့က သုံးယောက်ဆိုတော့ အားနာစရာကောင်းနေတယ်ကွယ်"

အမှန်ပင် သုံးယောက် နှစ်ယောက်ဖြစ်နေသည်။

ဤပုံစံဖြင့် တိုက်ခိုက်ပါက မုချ အဘိုးယန်စီတို့က နိုင်သွားမှာဖြစ်သည်။

မီးလက်ဝါးက လှောင်ရယ်ရယ်လိုက်၏။

"ခုမှလုပ်မနေစမ်းပါနဲ့၊ ကျုပ်တို့ ခင်ဗျားတို့ ဘယ်တုန်းက တစ်ဦးချင်းတိုက်ဖူးလို့လဲ"

မီးလက်ဝါး၏စကားက မှန်ကန်နေသဖြင့် အဘိုးယန်စီမှာ ပါးစပ်ပိတ်သွားတော့၏။

နဂါးဓား လီယုချိန်က....

"ဒါကတော့ ခင်ဗျားဘက်ကလဲ ရိုးမှမရိုးသားပဲ၊ ခင်ဗျားက အမြဲတမ်းလျှို့ဝှက်ကြံစည်နေတော့ ခင်ဗျားကို ဘယ်သူမှမယုံကြည်ကြတော့ဘူးပေါ့၊ ရိုးရိုးသားသား သိုင်းသမားဆိုရင် ခင်ဗျားကို ဘယ်သူက ဝိုင်းတိုက်မှာလဲ၊ ခင်ဗျားက သူများအလစ်မှာ တိုက်ချင်တဲ့လူဆိုတော့ ခင်ဗျားကို ဝိုင်းတိုက်တာ မဆန်းပါဘူး"

မီးလက်ဝါးက မဲ့ရွဲ့လိုက်၏။

"ခင်ဗျားတို့တစ်ဦးချင်း မတိုက်ဝံ့လို့ မတိုက်ဘူး ပြောစမ်းပါဗျာ"

နဂါးဓား လီယုချိန်က....

"ကောင်းပြီ၊ တစ်ဦးချင်း ခင်ဗျားကို မတိုက်ရဲတဲ့လူ မရှိပါဘူး၊ သိုင်းသမားဆိုတာ ရိုးသားရတယ်၊ မျှတရတယ်၊ ဒါမှ သိုင်းသမား စစ်တာ၊ တရားမဝင် လက်နက်ပုန်းတွေနဲ့ အနိုင်ယူတဲ့လူတွေဟာ သိုင်းသမားအစစ် မဟုတ်ပါဘူး၊ ကောက်ကျစ်စဉ်းလဲသူသာ ဖြစ်တယ်"

"စကားတွေ အရှည်အရှည်ပြောမနေနဲ့၊ ကျုပ်နဲ့ဘယ်သူနဲ့ တိုက်မှာတုံး"

အဘိုးယန်စီက....

"မင်းကို ငါတိုက်မှာပေါ့ကွ"

"ကျုပ်ကိုကော ဘယ်သူတိုက်မှာလဲ"



မြောက်ကျွန်းဘီလူးက မေးလိုက်သည်။

"ကျုပ် ရှိပါတယ်၊ ခင်ဗျား မပူပါနဲ့၊ ကျုပ်မရှိလဲ တစ်ယောက်ယောက်ကတော့ ခင်ဗျားနဲ့တိုက်ဖို့ ရှိမှာပါပဲ"

နဂါးဓား လီယုချိန်က ပြောလိုက်၏။

နတ်လေပွေအဘွားမှာ တိုက်မယ့်သူမရှိဘဲ ဖြစ်နေ၏။

နတ်လေပွေအဘွားက....

"ကျုပ်ကတော့ တိုက်မယ့်သူမရှိ ဖြစ်နေပြီ"

မီးလက်ဝါးက....

"အဘွားကြီး ခင်ဗျား သန်းထိုင်ရှာနေပေတော့"

နတ်လေပွေအဘွားက....

"ငါ ဘေးကထိုင်ကြည့်နေမယ်၊ တိုက်ရင် တရားသဖြင့်တိုက်၊ မတရားတိုက်ရင် ငါပြောမယ်"

နတ်လေပွေအဘွားသည် လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောလိုက်၏။

ဤသို့ဖြင့် သိုင်းလောကသားလေးဦးသည် တိုက်ပွဲကို စတင်ဆင်နွှဲတော့သည်။

တိုက်ပွဲစသည်နှင့် မြောက်ကျွန်းဘီလူးသည် သူ၏ဓားပြားကြီးဖြင့် ဝှေ့ယမ်းကာ နဂါးဓားလီယုချိန်ထံ ခုန်ဝင်ပြီးလွဲခုတ်လိုက်သည်။

နဂါးဓားကလည်း အလွန်လျှင်မြန်စွာ သူ၏နဂါးဓားဖြင့် ခံ

လိုက်သည်။

"ချွင်"

မီးလက်ဝါးနှင့် အဘိုးယန်စီတို့မှာလည်း တစ်ဦးကိုတစ်ဦး ကြည့်နေ၏။

မီးလက်ဝါးသည် အဘိုးယန်စီကိုတိုက်ရန် အတွင်းအား ထုတ်နေသည်။

အဘိုးယန်စီကလည်း သူ၏လက်ညှိုးတစ်ချောင်းတည်းကို ထောင်လျက် မီးလက်ဝါးအား တိုက်ခိုက်ရန် မာန်သွင်းနေသည်။ သူ့လက်ညှိုးသည် တုန်ခါနေ၏။

အဘိုးယန်စီ၏လက်ညှိုးသည် သံမဏိချောင်းများထက် မာကျောနေ၏။

ထိုလက်ညှိုးကို ဝိညာဉ်နှုတ်လက်ညှိုးဟူ၍ ခေါ်ဆိုခဲ့ကြ ခြင်းဖြစ်သည်။

သည်လက်ညှိုးနှင့် အထိုးခံလိုက်ရလျှင် မုန့်ယိုနေသောဆင်သည်ပင် တစ်ချက်တည်းနှင့်ဖင်ထိုင်ကျသွားပေမည်။ လူတစ်ဦးဆိုလျှင်ကား ဆိုဖွယ်မရှိတော့ချေ။

မီးလက်ဝါး၏ လက်ဝါးနှစ်ဖက်ကလည်း ကြောက်စရာပင်။ ထိလိုက်သည်နှင့် မီးနှင့်ကပ်လိုက်သည်ကမှ သက်သာပေဦးမည်။

သူတို့သည် တစ်ဦးနှင့်တစ်ဦး အလစ်မပေးဘဲ လှည့်ပတ်ချောင်းမြောင်းနေကြ၏။



မီးလက်ဝါးသည် လျှပ်တစ်ပြက် ရိုက်ချလိုက်၏။

"ဝုန်း"

လက်ဝါးသည် အဘိုးယန်စီအား မထိပေ။ သီသီကလေး လွဲသွား၏။

အဘိုးယန်စီသည် အလွန်လျင်မြန်သည်။

လျင်မြန်လွန်းသဖြင့်သာ သီသီကလေး လွဲသွားခြင်းဖြစ်သည်။

ထိုလက်ဝါးသည် အိမ်နံရံအား ရိုက်မိသွား၏။ အိမ်နံရံ၌ လက်ငါးချောင်းရာကြီးထင်သွားသည်။

မီးကျွမ်းသွားသည့် လက်ငါးချောင်းရာကြီးနှင့် တူနေပေသည်။

အဘိုးယန်စီကလည်း လက်ညှိုးနှင့်ပြေးထိုးလိုက်သည်။

"ဖွပ်"

"ဝုန်း"

မီးလက်ဝါးမှာ အဆုတ်မြန်သဖြင့် သက်သာသွား၏။

အဘိုး ယန်စီ၏လက်ညှိုးသည် မီးလက်ဝါးအား မထိုးမိပေ။

သစ်သားတိုင်ကြီးအား သွားထိုးမိသဖြင့် သစ်သားတိုင်ကြီး ကျိုးထွက်သွားသည်။

ထို့ကြောင့် အပေါ်မှ အမိုးများ ထုပ်တန်းများ ပြုတ်ကျလာတော့၏။

သို့သော် သူတို့သည် အနည်းငယ်မျှ ထိတ်လန့်ခြင်းမရှိဘဲ တစ်ဦးကိုတစ်ဦးသာ မလွှတ်တမ်းစောင့်ကြည့်နေကြသည်။

နဂါးဓားနှင့် မြောက်ကျွန်းဘီလူးတို့၏တိုက်ပွဲတွင်ကား နဂါးဓားသည် သူ၏လူသိများးလှသော နဂါးစွယ်ပတ်ဓားဟူသည့် ဓားကွက်ဖြင့် တိုက်နေ၏။

သူ၏နဂါးဓားသည် နဂါးတစ်ကောင်အလား လှုပ်ရှားနေသည်။

အမှန်တကယ်ပင် နဂါးဓားသည် ရန်သူအား နဂါးတစ်ကောင်ကဲ့သို့ ဒုက္ခပေးနေ၏။

နဂါးဓားသည် ထူးဆန်းလှ၏။ ဘယ်မှ တိုက်မည်ဟု ဆွယ်ယောင်ပြပြီး ညာမှတိုက်သည်။

ညာမှတိုက်မည်ဟု ရွယ်ယောင်ပြပြီး ဘယ်မှတိုက်သည်။

ဘယ်ညာမှတိုက်မည်ဟု ရွယ်ယောင်ပြပြီး အလယ်မှတိုက်သည်။

မြောက်ကျွန်းဘီလူးကိုင်ဆောင်ထားသည့်ဓားမှာ ဓားပြားကြီးဖြစ်ပြီး အနည်းငယ်ကောက်နေသဖြင့် နဂါးဓားနှင့်စာလျှင် အတန်ငယ် လေးနေယောင်ရှိလေ၏။

သို့သော် နဂါးဓား၏တိုက်ကွက်များကို အကြားအလပ်မရှိ ခုခံနိုင်သည်။

သူသည် မြောက်ကျွန်းမုန်တိုင်းဓားကွက်နှင့် ခုခံခြင်းဖြစ်



သည်။

သည်ဓားကွက်သည် သူ၏လေးပင်သောဓားနှင့် အတော်လိုက်ဖက်၏။

အလယ်မှဖောက်ဝင်လာသော နဂါးဓားအား သူ၏ဓားပြားကြီးနှင့် ဆီးခံပေးလိုက်၏။

"ထန်း"

"ထန်း"

"ဝုန်း"

နဂါးဓားသည် လွင့်စဉ်သွား၏။

လီယုချိန်မှာ နဂါးဓားကို ခိုင်မြဲစွာကိုင်ထားသဖြင့် သူပါလွင့်စဉ်သွားသည်။

ထိုအချိန်၌ အဘိုးယန်စီနှင့်မီးလက်ဝါးတို့မှာ အတွင်းအားချင်း ယှဉ်ပြိုင်လျက်ရှိနေသည်။

မီးလက်ဝါးသည် သူ၏လက်ဝါးမှတစ်ဆင့် အပူလှိုင်းများကို ထုတ်လွှင့်ခဲ့သည်။

သူသည် အပူသိုင်းသမားဖြစ်သည့်အားလျော်စွာ အပူဓာတ်များကိုသာ လွှတ်ထုတ်ခဲ့သည်။

နာမည်ကိုက မီးလက်ဝါး ဟုတွင်သည် မဟုတ်ပါလား။

အပူလှိုင်းများသည် အဘိုးယန်စီအား ဝိုင်းပတ်သွားခဲ့သည်။

သို့သော် အဘိုးယန်စီ၏ပတ်လည်တွင် အအေးဓာတ်များ ထွက်နေခဲ့

သည်။

အပူဓာတ်များသည် အအေးဓာတ်များကို မတွန်းလှန်နိုင်ဘဲ တဖြည်းဖြည်း အပူဓာတ်ပပျောက်နေသည်။

"ဟား... ဟား... ဟား... မင်းရဲ့အပူလှိုင်းတွေက ဘာမှအရာမရောက်ပါလား"

အဘိုးယန်စီသည် မီးလက်ဝါးထံ ခုန်ဝင်သွားလေ၏။

မီးလက်ဝါး၏အပူလှိုင်းများသည် အအေးလှိုင်းအဖြစ်သို့ ကူးပြောင်းရောက်ရှိသွား၏။

အဘယ်ကြောင့်ဆိုသော် အဘိုးယန်စီ၏ အတွင်းအားက သာလွန်ကြီးမားသောကြောင့်တည်း။

သူတို့နှစ်ဦးတိုက်ခိုက်ပုံမှာ သမာရိုးကျ တိုက်ခိုက်နည်းမဟုတ်ပေ။

သမားရိုးကျအတွင်းအားချင်း ယှဉ်ပြိုင်လျှင် ဆန့်ထုတ်ထားသော လက်ဝါးချင်း ပူးကပ်ထားရမည်ဖြစ်သည်။

ထိုမှ မိမိကိုယ်ရှိ အတွင်းအားများကို အစွမ်းကုန်ထုတ်ရမည် ဖြစ်သည်။

ယခု သူတို့အတွင်းအားပြိုင်ပုံမှာ အပူလှိုင်းဓာတ်လွှတ်၍ ယှဉ်ပြိုင်ခြင်းဖြစ်သည်။

အဘိုးယန်စီ၏အတွင်းအားက သာလွန်သောအခါ အပူလှိုင်းသည် အအေးလှိုင်းအဖြစ်သို့ ကူးပြောင်းရောက်ရှိသွားလေ၏။



မီးလက်ဝါး စိုးရိမ်ထိတ်လန့်သွားချေပြီ။

အဘိုးယန်စီ ခုန်ဝင်လာပြီ မဟုတ်ပါလား။

✢✢✢

(ဂ)

## အနိုင်ယူသည့်မီးလက်ဝါး

မီးလက်ဝါးသည် အဘိုးယန်စီအား မီးလက်ဝါးဖြင့် ရိုက်ချသည်။

"ဗိုး...."

အဘိုးယန်စီက ဝိညာဉ်နှုတ်လက်ညှိုးဖြင့် ဆန့်ခံလိုက်လေ၏။

"ရွှီး"

"ဖောက်"



လက်ဝါးနှင့်လက်ညှိုး ပြင်းထန်စွာ ထိခိုက်မိလေ၏။

"အား"

"အိုး"

နှစ်ဦးစလုံး နာကြည်းစွာ အော်ဟစ်ပြီးနောက် နောက်ဆုတ်သွားကြ၏။

မီးလက်ဝါး၏ညာဘက်လက်ဖဝါးမှာ ထုတ်ချင်းခတ်ပေါက်သွား၏။

အဘိုးယန်စီ၏လက်ညှိုးမှာလည်း မီးအပူဒဏ်ကြောင့် အညိုအမည်းစွဲသွား၏။

သို့သော် နှစ်ယောက်စလုံး ကိုယ့်ဒဏ်ရာကိုကိုယ် ဖုံးဖိနိုင်ခဲ့သည်။

မီးလက်ဝါးသည် ဝိညာဉ်နှုတ်လက်ညှိုးကြောင့် ဒဏ်ရာရသွားသောလက်ဝါးကို မည်သည့်လှုပ်ရှားမှုမှ မလုပ်နိုင်တော့ပေ။

အတွင်းအားကို ပို့လွှတ်သောကြောင့် သွေးကြောမျှင်များ ပျက်စီးသွားခဲ့သောကြောင့်ဖြစ်သည်။

ထို့အတူ ဝိညာဉ်နှုတ်လက်ညှိုးမှာလည်း သွေးကြောများ ပျက်စီးသွားခဲ့၏။

အဘိုးယန်စီလည်း သူ့လက်ညှိုးကို အသုံးမပြုနိုင်တော့ပေ။

"ဖြောင်း"

အဘိုးယန်စီသည် မီးလက်ဝါး၏နံစောင်းကို ခြေဖြင့် တစ်

ချက်ကန်လိုက်၏။

အဘိုးယန်စီ၏ အတွင်းအားက ပြင်းထန်သဖြင့် ခြေကန်ချက်ကလည်း ပြင်းထန်သည်။

မီးလက်ဝါးသည် လွင့်စဉ်သွား၏။

"ဝုန်း"

သူသည် နံရံနှင့်တိုက်မိ၏။ နံရံလည်း ပြိုပျက်ကျသွားသည်။

သူသည် ရေထဲသို့လွင့်စဉ်ကျသွားတော့သည်။

"ဗွမ်း"

သူသည် ကြာရွက်များပေါ်သို့ကျသွားပြီး ကြာရွက်များနှင့်အတူ ရေထဲသို့မြုပ်သွားသည်။ အတန်ကြာမှ ကြာရွက်များနှင့်အတူ ပြန်ပေါ်လာသည်။

မီးလက်ဝါးသည် ကန်ဘေးရှိ သစ်ပင်ပေါ်မှ ချွေပိတုန်းအဘွားအား လက်ဖြင့် အချက်ပြလိုက်သည်။

သူကိုယ်တိုင်ကမူ ကြာရွက်များပေါ်တက်ပြီး အိမ်ဖြူလေးဆီသို့ ပြန်တက်လေ၏။

နတ်လေပွေအဘွားက လှောင်ပြောင်သရော်လိုက်၏။

"ဟား... ဟား... ဟား... ရေထဲမှာ ကြာပန်းဆင်းခူးတာလား မီးလက်ဝါးရဲ့၊ ငါးတွေကို တော်တော်တွေ့ခဲ့လား"

မီးလက်ဝါးသည် အိမ်ဖြူကလေးပေါ် ပြန်လည်ရောက်ရှိ



လာလေပြီ။ ရေများသည် တစက်စက်ကျနေ၏။

နတ်လေပွေအဘွားက ဆက်ပြီး လှောင်၏။

"ကျုပ်က မီးလက်ဝါးဆိုတာ တကယ့်ကောင်ကြီးလို့ ထင်နေတာ၊ အခုကျမှ ရေထဲက ကြွက်စုတ်လေးမှန်း သိရတော့တယ်၊ ရေတွေကလဲ ရွှဲလို့၊ ဒီအိမ်တော့ ရေတွေကို အတော်သုတ်ယူမှရတော့မယ်"

နတ်လေပွေအဘွားဆီသို့ မီးလက်ဝါးသည် လွှားခနဲ ခုန်အုပ်လိုက်သည်။

နတ်လေပွေအဘွားမှာ ကိုယ်ဖော့ပညာ၌ ပြိုင်စံရှားသူဖြစ်ရာ လုစ်ခနဲ ရှောင်တိမ်းသွားသည်။

နတ်လေပွေအဘွားက....

"တိုက်ပွဲမှာ သဘောတူထားတာက ရှင်တို့စုံတွဲတွေပဲ၊ အခုကျုပ်ကို ရှင်ကတိုက်တော့ ရှင်စည်းဖောက်တာပဲ၊ ကျုပ်လဲ ဝင်တိုက်ရတော့မှာပေါ့"

မီးလက်ဝါးက အံကြိတ်၍ ပြောသည်။

"ပါချင်ပါ မပါချင်နေ၊ ခင်ဗျားခေါင်းက ဆံပင်ဖြူတွေကုန်သွားအောင် ခင်ဗျားကို ခေါင်းဖြတ်ပစ်မယ်"

မီးလက်ဝါးသည် ဒေါသထွက်နေ၏။ သူသည် နတ်လေပွေအဘွား တရကြမ်း တိုက်ခိုက်နေသည်။

သို့သော် နတ်လေပွေအဘွားမှာ ကိုယ်ဖော့ပညာ၌ စံတင်

လောက်သူဖြစ်၍ ဖမ်း၍မမိနိုင်ဘဲ ဖြစ်နေ၏။

ထိုအခါ မီးလက်ဝါးမှာ ပို၍ဒေါသထွက်လာ၏။ ပို၍ တိုက်လေ မမိလေ ဒေါသထွက်လေဖြင့် လုံးချာလိုက်နေတော့၏။

မြောက်ကျွန်းဘီလူးနှင့်နဂါးဓားတို့နှစ်ဦးကလည်း အပြင်းအထန် တိုက်ခိုက်နေဆဲဖြစ်သည်။

မြောက်ကျွန်းဘီလူး၏လက်မောင်းတွင် နဂါးဓားချက်တစ်ချက် ဒဏ်ရာရရှိထားသကဲ့သို့ နဂါးဓားလီယုချိန်၏ရင်ဘတ်တွင်လည်း မြောက်ကျွန်းဘီလူး၏ဓားချက် တစ်ချက်ထိထားသည်။

နဂါးဓားက....

"မင်းရဲ့ဆရာတော့ ရေထဲကျသွားပြီ၊ မင်းကတော့ အစီစီကျဖို့ပဲလိုတော့တယ်၊ ဘာမှပူမနေနဲ့ အစီစီရောက်အောင် ငါပို့ပေးမယ်"

⁂

နဂါးဓားသည် သူ၏ဓားချက်ကို သုံးလေးချက်ထိုးသွင်းလိုက်၏။

မြောက်ကျွန်းဘီလူးသည် သူ၏ဓားပြားကြီးနှင့် ခုခံလိုက်၏။



သူနှင့်နဂါးဓားမှာ အဆင့်တူ လက်ရည်တူ ဖြစ်နေသဖြင့် တစ်ဦးကိုတစ်ဦး အနိုင်မတိုက်နိုင်ကြချေ။

တစ်ကြိမ်တွင် မြောက်ကျွန်းဘီလူးက ဓားပြားကြီးနှင့် ခုတ်ချလိုက်၏။

"ဒိုး"

"ဒုတ်"

နဂါးဓားမှာ နောက်ကော့ပြီး ရှောင်တိမ်းလိုက်၏။

ဓားပြားကြီးမှာ ကြမ်းပြင်အား သွားခုတ်မိ၏။ ကြမ်းပြင်ကျိုးပဲ့ထွက်သွားသည်။

မြောက်ကျွန်းဘီလူး အရှိန်လွန်သွားချေပြီ။ သူသည် ဟန်ချက်ပျက်သွားသည်။

နဂါးဓားသည် အခွင့်အရေးကို လက်လွတ်မခံပေ။ သူသည် အရှိန်လွန်သွားသော မြောက်ကျွန်းဘီလူးကို လက်ပြန်ရိုက်ချလိုက်၏။

"ဖြောင်း"

မြောက်ကျွန်းဘီလူးမှာ လွင့်စဉ်ထွက်သွားတော့သည်။ သူသည် နံရံနှင့်ဝုန်းခနဲထိပြီးမှ အရှိန်တန့်သွားသည်။

မီးလက်ဝါးနှင့် နတ်လေပွေအဘွားတို့မှာ တိုက်ကြဆဲဖြစ်သည်။

နတ်လေပွေအဘွားသည် လှည့်ပတ်ပြေးလွှားနေ၏။

တစ်ကြိမ်တွင် နတ်လေပွေအဘွား၏ဆံပင်များကို မီးလက်ဝါး ဆွဲမိသွား၏။

"ကဲ... ဘယ်ပြေးမလဲ၊ အာကျယ်တဲ့အဘွားကြီး သေပေတော့"

မီးလက်ဝါးသည် သူ၏လက်ဝါးဖြင့် နတ်လေပွေအဘွားအား ရိုက်ချရန် ဟန်ပြင်လိုက်သည်။

အဘိုးယန်စီ ထိတ်လန့်သွား၏။

မီးလက်ဝါး တကယ်ရိုက်လျှင် နတ်လေပွေအဘွား တကယ်အသက်ထွက်သွားပေမည်။

မီးလက်ဝါး၏ရိုက်ချက်ကို အဘိုးယန်စီသည် ခွင့်မပြုနိုင်ပေ။

**ထို့ကြောင့်** အဘိုးယန်စီသည် လျှပ်တစ်ပြက် ခုန်ဝင်လာလေ၏။

"ဖြောင်း"

"ဝုန်း"

အဘိုးယန်စီသည် ခုန်ဝင်လာပြီး လွဲကန်လိုက်ရာ မီးလက်ဝါးသည် လွင့်စဉ်ထွက်သွား၏။

မီးလက်ဝါးသည် ဒုတိယအကြိမ်မြောက် ပွင့်ထွက်နေသော နံရံမှ ရေထဲသို့လွင့်စဉ်ကျသွားပြန်လေ၏။

"ဟား... ဟား... ဟား"



"ဟား... ဟား... ဟား"

အဘိုးယန်စီနှင့် နတ်လေပွေအဘွားတို့သည် ကျေနပ်အားရစွာ ရယ်မောမိကြလေ၏။

ရယ်စရာအဖြစ်ပင် မဟုတ်ပါလား။ နှစ်ကြိမ်နှစ်ခါ ရေထဲကျသောမီးလက်ဝါးမှာ ရယ်စရာပင်။

သူတို့သည် ရေထဲသို့ကြည့်၍ ရယ်နေကြ၏။

**ရေထဲမှ**တက်လာမည့် မီးလက်ဝါးကို စောင့်နေကြခြင်းဖြစ်သည်။

ထိုစဉ် အရာဝတ္ထုတစ်ခုသည် လေးဝိုးသံနည်းပါးစွာဖြင့် လေထုကို ဖြတ်သန်းလာသည်။

သူ၏ဦးတည်ရာကား အဘိုးယန်စီတည်း။

အဘိုးယန်စီ၏နှလုံးသားဆီသို့ ထိုအရာဝတ္ထုသည် တန်းတန်းမတ်မတ် ပြေးဝင်လာ၏။

ထိုအရာကို အဘိုးယန်စီရှောင်တိမ်းရန် မတတ်နိုင်ချေ။ လက်ဖြင့် ဆီးခံလိုက်ရ၏။

"ဝုစ်"

"ဖတ်"

အဘိုးယန်စီ၏လက်မောင်းရင်းသို့ ပြေးဝင်စူးနစ်သွား၏။

"ဟင်...'လက်နက်ပုန်းပါလား၊ ဒါ ဟိုကောင်မ ရွှေပိတုန်းမရဲ့လက်ချက်ပဲ"

နတ်လေပွေအဘွားသည် နှုတ်မှမြည်တမ်း ရေရွတ်လိုက်၏။

ထိုသို့ ရေရွတ်နေစဉ် သူမထံသို့လည်း လက်နက်ပုန်းတစ်ခု ပြေးဝင်လာ၏။

နတ်လေပွေအဘွားသည် ဆံပင်ဖြူများကို ခါယမ်းပစ်လိုက်၏။

ဆံပင်ဖြူများ လွင့်စဉ်သွားသည်နှင့်အတူ လက်နက်ပုန်းသည် နံရံ၌ သွားစိုက်နေလေ၏။

ရွှေပိတုန်းအဘွား၏လက်သည် ဆက်တိုက် လှုပ်ရှားနေ၏။

သူမသည် မြောက်ကျွန်းဘီလူးအား နဂါးဓားဖြင့် ခုတ်ရန် ချိန်ရွယ်သော လီယုချိန်၏လက်မောင်းအား လက်နက်ပုန်းတစ်ခုဖြင့် ပစ်လိုက်၏။

"ဝှစ်"

"အား"

သူတို့လုပ်ကြံခံရလေပြီ။

သူသည် လွတ်ကျသွားသော နဂါးဓားကိုကောက်ယူလျက် အဘိုးယန်စီထံသို့ လွှားခနဲ ခုန်ကူးရောက်ရှိ သွားလေ၏။

"ဆရာကြီး... ကျွန်တော်တို့လုပ်ကြံခံရပြီ"

"အေး... ခွေးမသား မီးလက်ဝါး၊ တို့ကို လှည့်စားသွားတယ်"



ထိုစဉ် မီးလက်ဝါးသည် ရေစက်လက်ဖြင့် အိမ်ပေါ်သို့တက်လာလေ၏။

ကမ်းစပ်သစ်ပင်ပေါ်မှ ပုန်းနေသော ရွှေပိတုန်းအဘွားလည်း ကြာဖက်များကိုနင်းပြီး အိမ်ကလေးဆီသို့ ရောက်ရှိလာ၏။

မြောက်ကျွန်းဘီလူးလည်း ကပျာကယာ လူးလဲထရပ်ပြီး မီးလက်ဝါး၊ ရွှေပိတုန်းအဘွားတို့အနီး၌ ထရပ်သည်။

အဘိုးယန်စီ၊ နတ်လေပွေအဘွားနှင့် နဂါးဓားလီယုချိန်တို့လည်း တစ်ဘက်၌ရပ်နေကြသည်။

နတ်လေပွေအဘွားက တီးတိုးပြော၏။

"ဟေ့ နဂါးဓား... မင်းတို့အခြေအနေမကောင်းဘူး၊ ဒီကောင်မရဲ့လက်နက်ပုန်းကို မင်းတို့ထိထားတယ် မဟုတ်လား၊ ဒီကောင်မရဲ့လက်နက်ပုန်းတွေက သိပ်အဆိပ်ပြင်းတယ်၊ မင်းတို့ အရေးတကြီး ကုသဖို့လိုအပ်တယ်၊ ငါ သူတို့ကိုတားထားတယ်၊ မင်းတို့သာ လွတ်ရာပြေးကြ၊ အဘိုးယန်စီကို ဖေးမခေါ်သွား"

"အဘွား ဘယ်လိုလုပ်မှာလဲ"

"ငါ့ကိစ္စ ငါသိပါတယ်၊ မင်းတို့သာ လွတ်အောင်ပြေးကြပါ"

"ကျုပ် မပြေးချင်ပါဘူးဗျာ၊ ကျုပ်ခံတိုက်မယ်၊ သေချင်သေပါစေ"

"မင်းမှားနေပြီ၊ မင်းတစ်ဦးတည်း ဒဏ်ရာရထားတာ မဟုတ်ဘူး၊ အဘိုးယန်စီပါ ဒဏ်ရာရထားတာ၊ သူ့အဆိပ်က အချိန်မီ

ကုသနိုင်မှဖြစ်မှာ၊ ပြန်တိုက်လဲအဆိပ်မိနေတဲ့နောက် ဘယ်ကြာကြာခံနိုင်မှာလဲ၊ သွားပါ... ငါ့စကားနားထောင်ပါ"

နဂါးခေါ်း လီယုချိန်သည် အဘိုးယန်စီကို လှမ်းကြည့်လိုက်၏။ သဘောထားကို မေးမြန်းသည့်အကြည့်ပေတည်း။

အဘိုးယန်စီက ခေါင်းညိတ်ပြသည်။

နတ်လေပွေအဘွား၏ **စကားကို နားထောင်လိုက်ပါဟု** သည့် အဓိပ္ပာယ်ပင်။

အဘိုးယန်စီသည် မီးလက်ဝါးကို ဒဏ်ရာနှင့်**မတိုက်လိုပေ**။ ဒဏ်ရာမရှိဘဲနှင့် ပိုင်ပိုင်နိုင်နိုင် တိုက်လိုသည်။

ယခု သူလက်မောင်း၌ ဒဏ်ရာရထားသဖြင့် နတ်လေပွေအဘွား ပြောသည့်အတိုင်း ဤနေရာမှ ထွက်ခွာသွားလိုပေသည်။

ထိုစဉ် ရွှေပိတုန်းအဘွားက အော်ကြီးဟစ်ကျယ် ရန်တွေ့လေတော့၏။

"သြော်... ခေါင်းဖြူမ၊ ညည်းကို လိုက်ရှာနေတာ၊ ညည်းရောက်လာတာနဲ့ အတော်ပဲ၊ လာခဲ့ လာခဲ့ ညည်းနဲ့တိုက်ရမယ်"

နတ်လေပွေအဘွားသည် တဟားဟား ရယ်လေ၏။

"အေး... ဆံနီမ၊ နင်တို့ရဲ့ ယုတ်မာတဲ့**အကြံ**ဟာ ဒါအကုန်ပဲလား၊ နင်တို့အကြံဟာ တော်တော်ပက်စက်တဲ့အကြံပဲ၊ ခြေခွေးနဲ့ဝံပုလွေပေါင်းပြီး လုပ်ကြံတဲ့အကြံမျိုးပဲ"

မီးလက်ဝါးက ဝင်ပြောလေ၏။



"ဟား... ဟား... ဟား... ခေါင်းဖြူမကြီး ပါလာတာကောင်းတယ်၊ ဒါမှ သူလည်ပင်းကိုဖြတ်နိုင်မှာ ခေါင်းဖြတ်လိုက်မှ စကားများနေတဲ့သူ ပါးစပ်ပေါက်ပိတ်သွားမှာ"

နတ်လေပွေအဘွားက....

"ဟဲ့ကောင့်... လူယုတ်မာ၊ နင်ဟာ မီးလက်ဝါး မဟုတ်တော့ဘူး၊ ရေကြွက်စုတ်ဖြစ်နေပြီ သိရဲ့လား၊ အခု နင်တို့တိုက်တာ တရားနည်းလမ်းမှန်နဲ့တိုက်တာ ဟုတ်ရဲ့လားလို့ ပြန်စဉ်းစားစမ်း၊ တရားသဖြင့် ရင်ဆိုင်တိုက်ခိုက်နေတုန်း အဆိပ်လက်နက်ပုန်းနဲ့ပစ်လား... ပစ်ရဲ့၊ တေလေကြမ်းပိုးတိုက်နည်းနဲ့တိုက်တာပဲ၊ အဲဒါကို နင်တို့က ဂုဏ်ယူနေသလား"

မီးလက်ဝါးက ပြောလိုက်၏။

"တယ် စကားကြောရှည်တဲ့အဘွားကြီး"

မြောက်ကျွန်းဘီလူးသည် နတ်လေပွေအဘွား၏စကားကို နားကြားပြင်းကတ်လာသည်နှင့် **ဓားပြားကြီးနှင့်ဝင်ခုတ်တော့၏**။

"ဗိုး"

"ဒုတ်"

နတ်လေပွေအဘွားသည် လျှပ်တစ်ပြက်ပင် ခုန်ရှောင်သွားသည်။

မြောက်ကျွန်းဘီလူး၏ဓားကြီးမှာ နံရံကိုသွားခုတ်မိသည်။ မြကန်ဒေဝီ၏ လေးဘက်လေးတန် အိမ်နံရံကား အ

ကောင်းမရှိတော့ပေ။

နဂါးခေါ်ရိုက်ယူလိုက်တဲ့ မြောက်ကျွန်းဘီလူးကို သူ့ဓားနှင့် လှမ်းခုတ်လိုက်သည်။

"ဗိုး"

"ထန်း"

မြောက်ကျွန်းဘီလူးသည် သူ၏ဓားပြားကြီးနှင့် အချိန်မီ လှမ်းခံပေးလိုက်နိုင်သည်။

ထိုအခါ နဂါးခေါ်ရိုက်ယူလိုက်အား ရွှေပိတုန်းအဘွားက လက်နက်ပုန်းနှင့်ပစ်ခတ်လေတော့သည်။

နဂါးခေါ်က ထိုလက်နက်ပုန်း အား ရိုက်ထုတ်ပစ်လေသည်။

"ခြွမ်"

အဘိုးယန်စီသည် လုစ်ခနဲဝင်သွားပြီး ခြေထောက်နှင့်ကန်လိုက်ရာ ရွှေပိတုန်းအဘွားမှာ ရေထဲသို့ကျသွားတော့၏။

"ဗွမ်း"

မီးလက်ဝါးသည် အဘိုးယန်စီအား မီးလက်ဝါးဖြင့် လွှဲရိုက်သည်။

အဘိုးယန်စီမှာ ခုခံရန် လက်ဝါးမြှောက်လိုက်သည်။

သို့သော် သူ့လက်မောင်းမှာ အဆိပ်မပျံ့စေရန် သွေးကြောများ ပိတ်ထားသဖြင့် လက်မမြှောက်နိုင်ပေ။

ထို့ကြောင့် မီးလက်ဝါး၏ရိုက်ချက်ကို ခံလိုက်ရသည်။



"ဝုန်း"

အဘိုးယန်စီမှာ လွင့်ထွက်သွားသည်။

"ဟာ... ဆရာကြီး"

နဂါးခေါ်ရိုက်ယူလိုက်သည် ခုန်ဝင်လာပြီး အဘိုးယန်စီအား ကာကွယ်လေသည်။

နတ်လေပွေအဘွားသည် ခုန်ဝင်လာပြီး မီးလက်ဝါး နောက်တစ်ကြိမ်တိုက်ခိုက်လာပါက ခုခံရန် ပြင်ဆင်သည်။

နတ်လေပွေအဘွားကို တီးတိုးပြောသည်။

"ပြေးပေတော့ လီယုချိန်"

လီယုချိန်သည် အဘိုးယန်စီအား ဖေးမလိုက်သည်။

"ဆရာကြီး... ကျွန်တော်တို့ သွားကြစို့"

"အေး"

နတ်လေပွေအဘွားက တီးတိုးနှုတ်ဆက်လေသည်။

"သွားကြပေတော့"

မီးလက်ဝါးနှင့်မြောက်ကျွန်းဘီလူးတို့သည် အဘိုးယန်စီနှင့် နဂါးခေါ်ရိုက်ယူလိုက်တို့ ပြေးထွက်သွားသောအခါ အော်ဟစ်တားဆီးကြသည်။

"ဟေ့... အဘိုးကြီး ဘယ်ကိုပြေးတာလဲ၊ မြောက်ကျွန်းဘီလူး သူတို့ကိုတားစမ်း"

သူတို့မှာ စကားကိုဆုံးအောင် မပြောနိုင်ပါ။ နတ်လေပွေအ

ဘွားၷ၏ရိုက်ချက်များသည် ဆက်တိုက်ကျရောက်လာလေသည်။

"ဝုန်း... ဝုန်း... ဝုန်း"

မီးလက်ဝါးနှင့်မြောက်ကျွန်းဘီလူးမှာ အဘိုးယန်စီတို့အား အာရုံမစိုက်နိုင်တော့ဘဲ နတ်လေပွေအဘွား၏ ရိုက်ချက်များကို ရှောင်တိမ်းရတော့သည်။

"သေချင်းဆိုးမကြီး အတော်သေချင်နေတယ်"

မီးလက်ဝါးသည် ရှောင်တိမ်းရင်း အော်ဟစ်လိုက်သည်။

"နင်တို့သာသေမှာ၊ နင်တို့နှစ်ယောက်စလုံး အရှင်မထားဘူး၊ ဆန်ကုန်မြေလေးတွေ"

မီးလက်ဝါးက...

"မြောက်ကျွန်းဘီလူး... ဒီအဘွားကြီးကို ထိန်းထားစမ်း၊ ကျုပ် ယန်စီတို့နောက်လိုက်မယ်"

မီးလက်ဝါးသည် ပြောရင်း လှည့်ထွက်သွားသည်။ သူသည် အဘိုးယန်စီတို့နောက်သို့လိုက်ရန် ဟန်ပြင်သည်။

နတ်လေပွေအဘွားသည် လျှင်မြန်စွာ **မီးလက်ဝါးကျောပြင်**အား ရိုက်ချလိုက်သည်။

"ဝုန်း"

မီးလက်ဝါးမှာ ကျောပြင်အ**ရိုက်ခံလိုက်**ရသဖြင့် ရှေ့သို့ဟပ်ထိုးလဲကျသွားသည်။

"ဟယ်... ဒီဟာမကြီး"



မြောက်ကျွန်းဘီလူးသည် နတ်လေပွေအဘွားကို လက်ဝါးဖြင့်ရိုက်လိုက်ရာ နတ်လေပွေအဘွားမှာ မရှောင်နိုင်တော့ချေ။ သူမသည် လွင့်စဉ်သွားပြီး ရေထဲသို့ကျသွား၏။

"ဝုန်း"

ထိုအခါ ရေထဲကျသွားသည့် **ရွှေပိတုန်းအဘွားသည် ထပ်မံ**ကျရောက်လာသည့် နတ်လေပွေအဘွားကို တွေ့ရှိသွားသည်။

"ဒီလောက်တောင် ဖြစ်လှတဲ့ဟာကြီး"

ရွှေပိတုန်းအဘွားသည် ရေနစ်နေရာမှ ရေထက်သို့ပေါ်ရန် ကြိုးစားနေသည့် နတ်လေပွေအဘွားအား လက်နက်ပုန်းကြယ်အား လက်ကြားညှပ်၍ ရိုက်ချလိုက်၏။

"အား"

နတ်လေပွေအဘွား၏ရင်ညွန့်တွင် အဆိပ်လက်နက်ကြယ်စူးဝင် **နစ်မြုပ်သွား**၏။

**သို့သော်** နတ်လေပွေအဘွား၏လက်တစ်ဖက်သည် ရွှေပိတုန်းအဘွား၏ ဆံပင်နီနီများအား ဖမ်းဆုပ်ကိုင်မိသွားလေ၏။

ထိုအခါ ရွှေပိတုန်းအဘွားမှာလည်း ရေတွင်နစ်သေရမည့်ကဲ့သို့ ဖြစ်နေလေတော့သည်။

ထိုအဖြစ်ဆိုးကို မြင်တွေ့သူမှာ မီးလက်ဝါးဖြစ်သည်။

"ရွှေပိတုန်း... ဘာမှမပူနဲ့ ကျုပ်လာပြီ"

မီးလက်ဝါးသည် ရေထဲသို့ခုန်ချလိုက်၏။

သူသည် နတ်လေပွေအဘွား ဆွဲထားသောဆံပင်များကို ဓားနှင့်ဖြတ်ချပေးလိုက်၏။

"ဟူး... တော်ပါသေးရဲ့"

ရွှေပိတုန်းအဘွားသည် သက်ပြင်းချလိုက်လေ၏။

နတ်လေပွေအဘွားကား တဖြည်းဖြည်း ရေထဲတွင် နစ်မြုပ်သွားလေ၏။

ကြာစွယ်ကြာရင်းများ၏အောက်ခြေသို့ ရောက်သွားသည်။

သူမသည် အဘိုးယန်စီနှင့် နဂါးဓား လီယုချိန်တို့ လွတ်မြောက်ရန် သူမ၏အသက်ကို စတေး၍ ခုခံကာကွယ်လိုက်ခြင်း ဖြစ်သည်။

သူမကား အသက်သေဆုံးရလေပြီ။ သူမ၏သေခြင်းကား သူရဲကောင်းတို့၏သေခြင်းပင်တည်း။

မီးလက်ဝါး၊ ရွှေပိတုန်းအဘွားနှင့် မြောက်ကျွန်းဘီလူးတို့ကား မြကန်ဒေဝီ၏အိမ်ကလေးပေါ်သို့ ပြန်လည်ရောက်ရှိသွားကြလေသည်။

သူတို့သည် ယန်စီနှင့်နဂါးဓားတို့ လွတ်မြောက်သွားသည့်အတွက် တောက်တခေါက်ခေါက် ဖြစ်နေကြသည်။

သူတို့သည် မြကန်ဒေဝီ၏နေအိမ်ကား ရစရာမရှိအောင် ဖျက်ဆီးပစ်လိုက်ကြ၏။

မြကန်ဒေဝီ၏အိမ်မှာ လေးတိုင်စင်တစ်ခုသာသာ ကျန်ရှိ



'တော့သည်။

ထိုအချိန်မှာ အဘိုးယန်စီနှင့်နဂါးဓား လီယုချိန်တို့မှာ မဟာမြိုင်တောကြီးမှ အလွန်ဝေးကွာသော အရပ်ဒေသသို့ရောက်ရှိနေကြလေပြီ။

❖❖❖

(၉)

## ရူးသွပ်ခြင်း

လီရှူရှူမှာ ရှောင်လင်စွယ်စုံသိုင်းကျမ်းကို လေ့ကျင့်ရာ၌ မည်သည့်နေရာ၌ မှားယွင်းသွားသည်မသိ၊ သွက်သွက်ခါအောင် ရူးသွပ်သွားခဲ့ရသည်။

ဝန်ဝေးစန်းမှာ ရူးသွပ်သွားရှာသော လီရှူရှူအား ပြုစုစောင့်ရှောက်နေရသည်။

စားချိန်စားရန် အိပ်ချိန်အိပ်ရန် အမြဲတမ်း သတိပေးနေရသည်။



"ဩော်... လူ့ဘဝဆိုတာ ဒီလိုပဲ ကြံစည်သော်လဲ မဖြစ်၊မကြံစည်သော်လဲ ဖြစ်၏ဆိုတဲ့စကားများ တယ်မှန်ပါကလား၊ အခုကြည့်စမ်း... **လီရှူရှူဟာ မမျှော်လင့်ဘဲ** ရူးသွပ်သွားရှာတယ်၊ ဘယ်အချိန်ဘယ်အခါမှ **သူ့ဘဝမှန်ကို** ပြန်သိပါ့မလဲလေ"

ဝန်ဝေးစန်းသည် စိတ်ပျက်လက်ပျက် ညည်းညူမိသည်။

သူသည် လီရှူရှူကိုချော့သိပ်ပြီး သိုင်းလေ့ကျင့်သည့်နေရာသို့ ရောက်ရှိနေခဲ့သည်။

သူ့ဘဝ၌ ကြေကွဲစရာနှစ်ခုရှိခဲ့သည်။

တစ်ခုမှာ သူ့ဖခင်အ ရှေ့ကျွန်းသခင်ကြီးအား မီးလက်ဝါးက သတ်ဖြတ်သွားခဲ့ခြင်းတည်း။

နောက်တစ်ခုမှာ သူချစ်မြတ်နိုးရသော သူမျှော်လင့်ထားခဲ့သော လီရှူရှူသည် မမျှော်လင့်ဘဲ ရူးသွပ်သွားခဲ့ခြင်းတည်း။

လီရှူရှူသည် ရူးသွပ်မှုကြောင့်ပင် အနောက်ကျွန်းကျားကြီးအား သတ်ဖြတ်ခဲ့သည်။

ကျားကြီးအသတ်ခံရစဉ်က သူသည် လီရှူရှူ တမင်သတ်သည်ဟု ထင်ခဲ့သေးသည်။

နောက်မှ မှုမမှန်သော လီရှူရှူ၏စကားများ၊ အပြုအမူများကိုတွေ့ရမှ လီရှူရှူသည် စိတ်မမှန်ဘဲ သတ်ဖြတ်ခဲ့ခြင်းကို သိရှိရတော့သည်။

ဝန်ဝေးစန်းသည် စိတ်မမှန်သော လီရှူရှူအား ဥဒေါင်းမောင်

နံ့တောင်မှခွာပြီး ကမ်းခြေတစ်နေရာရာ၌ စခန်းချရန် စကားပြော

ကြည့်၏။

ထိုအခါ သူမက ဦးခေါင်းကိုတွင်တွင် ခါယမ်းတော့သည်။

သူမ၏စိတ်ထဲ၌ ဤဒေသသည် သူမမွေးဖွားရာဒေသဟု

စွဲမှတ်နေသည်လား မဆိုနိုင်ပေ။

"လီရှုရှုရေ… တို့များ ဒီဥဒေါင်းမော်င်နံ့တောင်ထိပ်က ခွဲခွာ

ပြီး တောင်ခြေ ဒါမှမဟုတ် ကမ်းခြေနေရာတစ်ခုခုမှာသွားပြီး စခန်း

ချကြရအောင်နော်"

ထိုသို့ပြောတိုင်း လီရှုရှုသည် အစဉ်အမြဲ ခေါင်းယမ်းလေ

သည်။

အဆိုးဆုံးအဖြစ်မှာ သူ့ကိုယ်သူ ဥဒေါင်းမလေး မေလျှံဟု

မှတ်ထင်နေပြီး သူ့ကိုဥဒေါင်းဖို ရှိရှာဟု ထင်နေခြင်းပေတည်း။

လီရှုရှုသည် အနောက်ကျွန်းကျားကြီးပြောကြားခဲ့သည့် ဥ

ဒေါင်းမောင်နှံပုံပြင်ကို စိတ်ထဲစွဲကာ သူမကိုယ်သူမ မေလျှံဟု ထင်

နေခြင်းတည်း။

ဝန်ဝေးစန်းသည် ထိုပုံပြင်ထဲကအတိုင်း နေလိုက်မည်ဟု

တွေးမိလေသည်။

တကယ်တမ်းကျတော့ လိပ်ပြာမလုံချေ။

တစ်ခါက သူချစ်ရေးဆိုခဲ့ဖူးသည်မှာ မှန်သည်။ သို့သော်

ထိုစဉ်အခါက လီရှုရှုမှာ စိတ်မှန်သူဖြစ်သည်။



ထိုစဉ်ကပင် သူမသည် ပြတ်ပြတ်သားသား အဖြေပေးခဲ့

သည်။

ထို့ကြောင့် သူမကို ခေါင်းဖိုခေါင်းမ အခြေအနေအတိုင်း

မပေါင်းသင်းရက်ပေ။

သူမအား နေ့စဉ် ရှောင်နေရသည်မှာ တစ်ဒုက္ခပင်တည်း။

သူမကမူ သူ့ကိုဒေါင်းဖိုရှိရှာဟု ထင်နေသဖြင့် ဒေါင်းဖိုရှိရှာ

ကဲ့သို့ တီတီတာတာ ချစ်ခွန်းဖွဲ့နေချင်သည်။

ဝန်ဝေးစန်းသည် သူမစိတ်ချမ်းသာရန် တစ်ခါတစ်ရံ၌ ချစ်စ

ကားများ ပြောနေရသော်လည်း များသောအားဖြင့်မူ ရှောင်နေသည်

က များလေ၏။

ထိုသို့ တစ်ခါတစ်ရံ၌ ချစ်စကားပြောနေရသည်ကိုပင် သူ

သည် လိပ်ပြာမလုံချေ။

သို့သော် အဖြစ်မှန်သိသည်။

တစ်နေ့၌ သူမ နားလည်လာလိမ့်မည်ဟူသာ အကောင်း

ဘက်က တွေးနေရတော့သည်။

သူသည် ကျွန်းပေါ်မှရနိုင်သမျှ ဆေးဝါးများအား တိုက်

ကျွေးနေခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ သူသည် သူမကို သန့်စင်စွာစောင့်ရှောက်

ရမည်မှာ အမှန်ပင်ဖြစ်တော့သည်။

ပင်လယ်ကြီးသည် ပြာလွင်စွာ တည်ရှိနေသည်။

သူတို့သည် ဤပင်လယ်ပြင်ကြီးကို သက်စွန့်ဆံဖျားဖြတ်ကျော်ပြီး ဤကျွန်း သို့ရောက်ရှိလာခြင်း ဖြစ်သည်။

ဤပင်လယ်ပြင်ထဲ၌ သူသည် သူမ ကိုချစ်ရေးဆိုခဲ့သည်။

သူမ၏မျက်လုံးများက ချစ်ရိပ်ချစ်ယောင်များကို ပြသသော်လည်း သူမ၏ပါးစပ်ကမူ ခပ်ပြတ်ပြတ်ပင် အဖြေပေးခဲ့သည်။

ဝန်ဝေးစန်းသည် ဟိုဟိုသည်သည် တွေးရင်း ကိုယ်လက်လှုပ်ရှားနေလေ၏။

သူ၏မွေးရပ်မြေသို့ ဘယ်အချိန်ဘယ်ကာလ်မှရောက်မည်ကို မသိတော့ပေ။

လီရှုရှု ရှုံးသွပ်သွားခြင်းမှာ သူ့အဖို့ ချစ်သူတစ်ဦးဆုံးရှုံးခြင်းသာမက သိုင်းလောကအတွက် သူရဲကောင်းတစ်ဦးဆုံးရှုံးရခြင်းပင်။

"သြော်... လီရှုရှု... လီရှုရှု မင်း ဘယ်အချိန်မှ လူကောင်းပကတိပြန်ဖြစ်မှာလဲကွယ်"

သူသည် ညည်းညည်းညူညူ ပြောလိုက်၏။

လီရှုရှုက....

"ဘယ်က လီရှုရှုလဲ... ပြောစမ်း ရှိရှာ"

လီရှုရှုက သူ့အား ဆွဲလှည့်ပြီး မေးမြန်းလိုက်၏။ ထိုအခါ ဝန်ဝေးစန်းမှာ မဖြေတတ်တော့ချေ။

"ဟို... ဟို... သူငယ်ချင်း လီရှုရှုကို ပြောတာပါကွယ်"

ဝန်ဝေးစန်းက ပါးစပ်ထဲ ပြောမိပြောရာ ပြောလိုက်လေ



သည်။

"လီရှုရှုတို့ ဘာတို့ လုပ်မနေနဲ့ရှိရှာ၊ လီရှုရှုနဲ့ ရုပ်တာတွေ့ရင်တော့ ရှိရှာကို မေလျှံသတ်ပစ်မှာပဲ"

"အင်း... သတ်ပါ... သတ်ပါ"

ဝန်ဝေးစန်းသည် ထိုမျှသာပြောနိုင်တော့သည်။ ခက်သည်မှာ လီရှုရှုသည် မေလျှံရေချိုးသည့်ကိစ္စကို စိတ်ထဲစွဲနေသည်။

ဝန်ဝေးစန်းသည် လီရှုရှု ရေချိုးမည်ဆိုတိုင်း စိတ်ညစ်ရသည်။

လီရှုရှုသည် မေလျှံ ပုံစံအတိုင်း ရေချိုးသောကြောင့်တည်း။

ဝန်ဝေးစန်းသည် သူ့စိတ်ကို ထိန်းသိမ်းရသည်။

ဘုရားရဟန္တာမဟုတ်သဖြင့် စိတ်ကိုထိန်းသိမ်းရသည်မှာ ခက်လှသည်။

နောက်ဆုံး ခက်ခက်ခဲခဲဖြင့် ရေချိုးခြင်းအမှု ပြီးဆုံးခြင်းသို့ရောက်အောင် ပြုလုပ်ခဲ့ရသည်။

ဝန်ဝေးစန်းသည် လီရှုရှု၏စိတ်ဓာတ်များ ပြောင်းလဲလာအောင် ကြိုးစားပါသည်။

သူမကို ကမ်းခြေများကို လိုက်လံပြသည်။ သစ်ပင်ပန်းပင်များ ပြသည်။

နောက်ဆုံး သိုင်းလေ့ကျင့်နေရာများကို ပြသည်။ သူမ

သည် မည်သို့မျှ သတိလည်မလာတော့ချေ။

"မေလျှံ... အဲဒီပင်လယ်ပြင်ကြီးကို ကြည့်စမ်း"

လီရှုရှုက ပင်လယ်ပြင်ကြီးကိုကြည့်၏။

"တွေ့တယ်... ဘာဖြစ်သလဲ"

ဝန်ဝေးစန်းက....

"တို့တစ်တွေဟာ အဲဒီပင်လယ်ကြီးတစ်ဘက်က ကုန်းမြေမှာ နေကြတာ၊ အဲဒီကုန်းမြေကို မသွားချင်ဘူးလားဟင်"

လီရှုရှု နှုတ်ခမ်းလေးစူလိုက်၏။

"ဟင့်အင်း... မေလျှံတို့က ဒေါင်းမျိုးပဲဥစ္စာ၊ ဘယ်ကလားဟိုကုန်းမြေမှာ နေကြရမှာလဲ၊ ဒီကျွန်းမှာပဲနေမယ်"

ဝန်ဝေးစန်း စိတ်မောရသည်။

လီရှုရှုစိတ်တွင် ထင်မြင်နေသည့် အချက်အလက်များကို ပျောက်အောင် သူ မဖျောက်နိုင်တော့ပါကလား။

"ခက်လှပါကလား လီရှုရှုရယ်"

ဝန်ဝေးစန်၏ရင်တွင်းမှ ထိုသို့ပင် ညည်းမိသည်။ သူတို့၏ အနာဂတ်ခရီးကား ရေရာခြင်းမရှိပါတကား။

+++



(၁၀)

## ဆင့်ကဲ့ဆင်ကဲ့အနိုင်ယူပွဲ

တိမ်ပလွေအဘွားကျောက်နှင့် မြကန်ဒေဝီပုလွန်တို့မှာ မီးလက်ဝါး၏အန္တရာယ်သို့ ရှောင်တိမ်းရန် ရေခဲတောင်အဘိုးကျန်ဟင်း၏စခန်းဖြစ်သော ရေခဲတောင်ထိပ်သို့ လာရောက်ပုန်းခိုနေကြ၏။

ဤသို့ရှောင်တိမ်းခြင်းမှာ သူတို့၏အစီအမံမဟုတ်ပေ။ အဘိုးယန်စီ၏ အစီအမံ ဖြစ်သည်။

အဘိုးယန်စီ၏အစီအမံမှာ သင့်လျော်မှန်ကန်ပါသည်။

မီးလက်ဝါးသည် မြကန်ဒေဝီပုလွန်အား သွားရောက်ဒုက္ခ

ပေးနိုင်သည်ကို တွက်မိ၏။

ထို့ကြောင့် သူနှင့်နဂါးစားလီယုချိန်တို့က မြကန်ဒေဝီ၏အိမ်ကလေးတွင် သွားရောက်နေထိုင်ရန်ဆုံးဖြတ်ပြီး မြကန်ဒေဝီနှင့်တိမ်ပလွေအဘွားတို့က ရေခဲတောင်အဘိုးကျန်ဟင်း၏စခန်းတွင် သွားရောက်နေထိုင်ရန် အဘိုးယန်စီ ဆုံးဖြတ်ခဲ့ပေသည်။

မိုးထိတောင်ပေါ်၌ မုတ်ဆိတ်ရှည်ဟိုချူးနှင့် ထိုက်ပိုးရှန်တို့ နေထိုင်ကြရန် အဘိုးယန်စီ စီမံခဲ့သည်။

သို့သော် သူတို့နှစ်ဦးမှာလည်း ရှောင်လင်ဗွယ်စုံ သိုင်းကျမ်းအရှာထွက်ရန်ကိစ္စ၌ အဘိုးဟိုချူးအား ခေါင်းဆောင်တင်သဖြင့် အဘိုးဟိုချူးနှင့်ထိုက်ပိုးရှန်တို့မှာ မိုးထိတောင်၌ မရှိကြတော့ချေ။

မြကန်ဒေဝီနှင့် တိမ်ပလွေအဘွားတို့အား လာရောက်စောင့်ရှောက်သော အရှေ့ကျွန်းသားလေး ဝန်ဝေးစန်းပင်လျှင် အဘိုးဟိုချူးနှင့်လိုက်ပါသွားခဲ့သည်။

ထို့ကြောင့် ရေခဲတောင်ထိပ်၌ မြကန်ဒေဝီနှင့် တိမ်ပလွေအဘွားတို့သာ ရှိနေကြသည်။

နဂါးစားလီယုချိန်မှာ မီးလက်ဝါးနှင့်အဘိုးယန်စီ တစ်ပွဲတစ်လမ်း အကဲစမ်းပြီးခဲ့ပြီကို သိပြီဖြစ်သည်။

သူပါ ခါးတွင် ဒဏ်ရာရခဲ့သည် မဟုတ်ပါလော။

ထိုသတင်းကို နတ်လေပွေအဘွား သတင်းပေးသဖြင့် နတ်လေပွေအဘွားသည် နဂါးစားလီယုချိန်နှင့်အတူ အဘိုးယန်စီအား



သွားရောက် အားဖြည့်လေ၏။

နတ်လေပွေအဘွားသည် ရေခဲတောင်ထိပ်သို့ ပြန်လည်သတင်းမပို့နိုင်ခဲ့ချေ။

ထို့ကြောင့် မဟာမြိုင်တော မြကန်အတွင်းမှ အဖြစ်အပျက်များကို ပြန်လှန်သတင်းပို့သူ မည်သူမှုမရှိဘဲ ဖြစ်သွားသည်။

ရေခဲတောင်ထိပ်တွင် မြကန်ဒေဝီနှင့် တိမ်ပလွေအဘွားတို့သည်သာ နှစ်ယောက်တည်းနေကြရသဖြင့် ကြာသော် မြကန်ဒေဝီမှာ စိတ်ညစ်ညူးလာလေ၏။

သူမသည် တောနှင့်တောင်နှင့် ရေကန်နှင့် ကြာရိုးကြာစွယ်နှင့် နေထိုင်လိုသူဖြစ်ရာ ယခု ဘယ်နေရာကြည့်ကြည့် ရေခဲပြင်ကြီးတို့သာ တွေ့နေရသောအခါ လွန်စွာ စိတ်ပျက်နေလေ၏။

သူ၏အိမ်ဂေဟာကလေးကိုလည်း လွမ်းသည်။ မြကန်ကိုလည်း လွမ်းသည်။ ကြာရိုးကြာစွယ်များကိုလည်း လွမ်းသည်။

ကြာနီပွင့်များသည် သူမဘဝ၏အပန်းဖြေရာ အမှတ်လက္ခဏာများ ဖြစ်ပေသည်။

ယခုနေထိုင်ရသည့် ရေခဲတောင်ထိပ်တွင် အလွန်အေးသဖြင့် ရာသီဥတုမှုတသော မဟာမြိုင်တော မြကန်ဒေသနှင့် ကွာခြားလှ၏။

မြကန်ဒေသကား ရာသီဥတု မှုတလှသည်။

သူမသည် မြကန်ဒေသရှိမည့်အရပ်သို့ လှမ်းမျှော်ရင်း တိမ်

ပလွေအဘွားကို ပြောသည်။

"ပျင်းလိုက်တာအဘွားရယ်၊ ကျွန်မတော့ ကိုယ့်အရပ်ကိုယ့်ဒေသကို ပြန်ချင်လှပြီ၊ ဒီလူ့ရဲ့အန္တရာယ်ကိုလဲ ရှောင်မနေချင်တော့ဘူး၊ ရှောင်တိမ်းတဲ့အလုပ်ဟာ တကယ်တော့ ပင်ပန်းလှပါတယ်၊ ကျွန်မတော့ ရင်ဆိုင်ပစ်လိုက်ချင်တာပဲ၊ လူကြီးတွေရဲ့ အစီအစဉ်မို့သာ ကျွန်မလိုက်နာတာပါ၊ ကျွန်မသဘောအရဆိုရင် ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ပစ်လိုက်ပြီ"

တိမ်ပလွေအဘွားသည် မြကန်ဒေဝီ၏အနေကျဉ်းကျပ်မှုကို နားလည်စာနာမိ၏။

""ငါသိပါတယ်အေ... လူကြီးတွေက ညည်းအတွက် စိုးရိမ်ပြီး စီစဉ်ကြတာပဲ၊ ညည်း အဆက်ဟောင်းကြီးကို မကြောက်ရွံ့တော့လဲ..."

မြကန်ဒေဝီသည် ပြုံးမဲ့မဲ့ဖြင့် ဖြတ်ပြောလေ၏။

"ကျွန်မ အဆက်ဟောင်းလို့မပြောပါနဲ့ အဘွားရယ်၊ ဖေဖေနဲ့မေမေတို့သေတာကို သတိရရင် ကျွန်မ သူ့ကိုအသည်းနာလွန်းလှလို့ပါ၊ ဒီလူ့အကြောင်း မစဉ်းစားရင်အကောင်းဆုံးပါပဲ၊ သူနဲ့မတွေ့ခဲ့ရတဲ့ဘဝတုန်းက အခြေအနေအေးချမ်းလိုက်တာ၊ အဲဒီဘဝကိုပဲ ပြန်လိုချင်ပါတယ် အဘွားရယ်"

တိမ်ပလွေအဘွားက...

"ဒီမကောင်းဆိုးဝါး အရှေ့ကျွန်းမှာ အဖမ်းခံနေရတုန်းက



သိုင်းလောကတစ်ခုလုံး အေးချမ်းနေတာပဲ၊ ဒီမကောင်းဆိုးဝါးလဲ ပြန်ပေါ်လာရော သိုင်းလောကလဲ ပြန်ချောက်ချောက်ချားချား ဖြစ်လာတာပဲ"

မြကန်ဒေဝီက ခေါင်းညိတ်၏။

"တော်ပါတော့ အဘွားရယ်၊ ဒီမကောင်းဆိုးဝါးအကြောင်း မတွေးတာအကောင်းဆုံးပါပဲ၊ ဒီမကောင်းဆိုးဝါးသေသွားရင် အကောင်းဆုံးဖြစ်လိမ့်မယ်၊ သိုင်းလောကကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရရော"

"ဟား... ဟား... ဟား"

ကျယ်လောင်သော ရယ်သံကြီးကြောင့် မြကန်ဒေဝီရော၊ တိမ်ပလွေအဘွားပါ ခေါင်းထောင်ကြည့်မိကြသည်။

⁘

ရယ်သံကြီးသည် ပွဲတင်ထပ်လျက်ရှိသည်။

"ကျုပ်ကို သိပ်သေစေချင်နေကြသလားဗျို့"

မမျှော်လင့်ဘဲ ရယ်သံရှင်ကိုမြင်လိုက်ရသောအခါ နှစ်ဦးစ

လုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။

သူတို့ မတ်တတ်ရပ်လိုက်ကြသည်။

"မီး... မီးလက်ဝါး ဟန့်ဖချင်း"

မြကန်ဒေဝီက တီးတိုးရေရွတ်လိုက်သည်။

မီးလက်ဝါးက....

"ဟုတ်ပါတယ်... ဟုတ်ပါတယ်၊ မင်းက မှတ်မိသေးတာကိုး"

မြကန်ဒေဝီက မဲ့ပြုံးပြုံးလိုက်၏။

"မှတ်မိပါတယ်ရှင်၊ ဒီလိုရုပ်ကြီးကို ခွေးချီသွားတောင် အမြဲမှတ်မိနေပါတယ်"

မီးလက်ဝါး၏မျက်နှာမှာ မည်းခနဲဖြစ်သွားသည်။

မြကန်ဒေဝီသည် သူ့ငယ်ချစ်ဖြစ်သည်။ ငယ်ချစ်၏စကားများက သူ၏နားကြောကို ခါးသက်စေသည်။

"ဟင်း... မင်းက ငါ့ကိုမုန်းနေတယ် မဟုတ်လား၊ ငါကလဲ မင်းကိုမုန်းနေတာပဲကွ"

မြကန်ဒေဝီက ပြုံးမဲ့မဲ့ဖြင့် ပြောသည်။

"ဟင်း... ဟင်း... ဟင်း... ရှင်ကများ ပြောရတယ်ရှိသေးသလား၊ ကျွန်မမိဘတွေကို ဘာအပြစ်မှမရှိဘဲနဲ့ သက်ပစ်ခဲ့တဲ့ ရှင့်ပြစ်မှုကို ကျွန်မက ဒီတစ်သက်ကျေမယ် ထင်သလား၊ ဆယ်သက်မကျေ



ဘူး၊ ဆယ်သက်မကျေဘူး သိလား"

"ငါကလဲ နင်တို့တစ်မိသားစုလုံးကို သတ်ချင်နေတာ"

"သိတာပေါ့၊ ရှင့်က လူသတ်သမားပဲ၊ လူသတ်သမားဟာ လူသတ်ဖို့ပဲ စဉ်းစားတာပေါ့၊ သိုင်းလောကထဲ ရှင့်ကို လူသတ်သမား အဖြစ် သတ်မှတ်ထားတာပဲ"

"ငါက သောက်ဂရုမစိုက်ဘူးကွ"

"ရှင်ဂရုမစိုက်သလို ကျွန်မကလဲ ဂရုမစိုက်ပါဘူး၊ ရှင့်ကို သိုင်းလောကကလဲ ဂရုမစိုက်ဘူးရှင့်"

"ဟား... ဟား... ဟား... သိုင်းလောကက ဂရုမစိုက်ဘူးဆိုတာတော့ ငါမယုံဘူး၊ အခု သူတို့ ငါ့ကိုနှိမ်နင်းဖို့ စုစည်းနေကြပြီ မဟုတ်လား၊ အဲဒါ ငါ့ကိုဂရုစိုက်လို့ပေါ့၊ ငါ့ကိုတိုက်တာ နှစ်ခါတောင်ရှိပြီ"

"ဒါက ရှင်မဟုတ်လဲ တခြားဒုက္ခပေးမယ့်လူဆိုလဲ သိုင်းလောကရဲ့ခုခံမှုကို တွေ့ရမှာပဲ"

တိမ်ပလွေအဘွားကလည်း....

"မိန်းမတွေချည်းပဲရှိနေလို့ မျက်ရည်ခံထိုးလိမ့်မယ်တော့ မထင်နဲ့ မှားသွားလိမ့်မယ်၊ မီးလက်ဝါးကို ငါတို့ကလဲ ဘာမှဂရုမစိုက်ဘူးဆိုတာ သိထားပါ၊ မီးလက်ဝါးက ရေလက်ဝါးဖြစ်သွားစေရမယ်"

မီးလက်ဝါးသည် တဟားဟား ရယ်လေတော့၏။

"ဟား... ဟား... ဟား... ခင်ဗျားတို့ဆီ လာကတည်းက တိုက်ရခိုက်ရမယ်ဆိုတာ သိပြီးသားဗျ၊ ဒီတော့ ကျုပ်ကလဲ တိုက်ဖို့ ခိုက်ဖို့ အဆင်သင့်ပြင်ဆင်လာရတာပေါ့"

တိမ်ပလွေအဘွားက....

"ကောင်းပြီ တိုက်ကြတာပေါ့၊ ဒါပေမယ့် တို့က နှစ်ယောက် မင်းကတစ်ယောက်တည်း၊ သိုင်းလောကထုံးစံနဲ့တော့ မညီဘူး"

"ဟဲ... ဟဲ... ဟဲ... ရပါတယ်ဗျာ ရပါတယ်၊ တစ်ယောက်ကို တစ်ယောက်ချင်းပေါ့၊ နှစ်ယောက်ဆိုလဲ နှစ်ယောက်ချင်းပေါ့၊ ဒူးမထောက်ကြေးနော်"

သူသည် ဟန်ပါပါပြောပြီး လက်ခုပ်တစ်ချက်တီးလိုက်ရာ ရေခဲတောင်စွယ်တစ်ခုဘေးမှ မြောက်ကျွန်းဘီလူးပန်တွေးကုန် ခုန်ထွက်လာလေ၏။

သူ၏လက်ထဲ၌ ဓားကောက်ပြားကြီးက တဝင့်ဝင့်ပင်။

တိမ်ပလွေအဘွားက....

"ဩော်... မင်းက မြောက်ကျွန်းဘီလူးကိုတောင် ကြိုတင်ခေါ်လာတာကိုး"

တိမ်ပလွေအဘွားက ခပ်နှိမ်နှိမ်ပြောလိုက်ရာ မြောက်ကျွန်းဘီလူး နှာခေါင်းရှုံ့သွား၏။

"ဖင်း... ဒီအဘွားကြီးကို ကျုပ် တာဝန်ထားလိုက် မီးလက်



ဝါး၊ ကျုပ် တာဝန်ယူတယ်"

"ဟဲ... ဟဲ... ဟဲ... ယူစေဗျား... ယူပါစေ၊ ကိုယ့်လူက အသက်ကြီးတာမှ ကြိုက်တာကိုး"

"အယုတ်တမာကောင်တွေ နှုတ်က အယုတ်တမာစကားတွေပဲ ထွက်မှာပေါ့ လာကြစမ်း"

တိမ်ပလွေအဘွားက အော်လိုက်၏။ ထို့နောက် သူမသည် ခုန်ဝင်ပြီး တိုက်ခိုက်သည်။

"ဟိတ်"

အဘွားကြီးက မြောက်ကျွန်းဘီလူးအား ခုန်ဝင်တိုက်ခိုက်ခြင်းဖြစ်သည်။

မြောက်ကျွန်းဘီလူးသည် သူ၏ဓားပြားကြီးနှင့်ခံပေးလိုက်၏။

"ထန်း"

ဓားချင်းထိခတ်သံသည် ထွက်ပေါ်လာ၏။ မီးပွင့်များလည်း ထွက်လာသည်။

"ဖြန်း"

"ဟိုက်"

တိမ်ပလွေက ဓားနှင့်ခုန်ဝင်ပိုင်းသည်။ မြောက်ကျွန်းဘီလူးက သူ့ဓားပြားကြီးနှင့် ဆီး၍ခုခံသည်။

မြောက်ကျွန်းဘီလူးသည် တိမ်ပလွေအဘွား၏ဓားကို ဂရုစိုက်မိလိုက်သည်။

ထိုခဏ၌ တိမ်ပလွေအဘွားက ဘယ်လက်ဖြင့် လက်ပြန်ရိုက်ချလိုက်သောအခါ မြောက်ကျွန်းဘီလူးမှာ ထိုလက်ပြန် ရိုက်ချက်ဖြန်းခနဲ ထိသွား၏။

"ထွီ"

မြောက်ကျွန်းဘီလူးမှာ သွေးများထွက်လာပြီး သွားနှစ်ချောင်းကျွတ်ထွက်သွားသည်။ မျက်နှာကြီးမှာ ရဲခနဲ ဖြစ်သွားလေ၏။

"မြောက်ကျွန်းဘီလူး ဒါ အစပဲရှိသေးတယ်၊ သေသေချာချာတိုက်၊ နောက်တစ်ခါဆို သွားထွက်ရုံတင်မကဘူး အသည်းရော အဆုတ်ရော ကလီစာတွေပါ ထွက်သွားမယ်"

မြောက်ကျွန်းဘီလူးသည် ဒေါသအကြီးအကျယ်ထွက်သွား၏။

တိမ်ပလွေအဘွားထံ ဓားပြားကြီးကို ဝှေ့ယမ်းခုန်ဝင်သွားတော့၏။

မီးလက်ဝါးကား မြကန်ဒေဝီနှင့်လက်ရည်စမ်းနေခဲ့သည်။ မြကန်ဒေဝီသည် ဓားနှစ်လက်ကိုကိုင်၍ ကာကွယ်လျက်ရှိသည်။

မီးလက်ဝါသည် လက်ဝါးနှင့်ရိုက်သည်။

"ဝုန်း"



"ဝုန်း"

အပူလှိုင်းများသည် မီးလက်ဝါးထံမှထွက်လာပြီး မြကန်ဒေဝီအား အပူလှိုင်းဟပ်လေ၏။

မြကန်ဒေဝီသည် ခုန်ဆုတ်ရှောင်လေ၏။

မီးလက်ဝါးက....

"ဟဲ... ဟဲ... ဟဲ... အချစ်ဟောင်းမို့ ဒီလောက်ပဲတိုက်လိုက်တာ၊ ဘာအချစ်မှမရှိရင် အသေပဲကွ၊ ဟဲ... ဟဲ... ဟဲ"

"ရှင့်ဟာရှင် ဘာအချစ်တွေပဲရှိရှိ ကျွန်မကတော့ ရှင့်ကိုအသေသတ်မှာပဲ၊ ရှင့်အသည်းနှလုံးတွေကို ထုတ်ယူမယ်... ဒါပဲ"

"ဟား... ဟား... ဟား၊ ငါ့အသည်းနှလုံးတွေကို ကိုးကွယ်ထားမလို့ပေါ့လေ"

"ထွီ... အလေနတောရဲ့အသည်းနှလုံးတွေကို ဘာကြောင့်ခေါင်းပေါ်တင်ရမှာလဲ၊ ခွေးကျွေးပစ်ရမယ် သိလား"

မြကန်ဒေဝီသည် ဓားနှစ်လက်ဖြင့် ဝှေ့ယမ်းကာကွယ်နေသည်။

"ရွှမ်း... ရွှမ်း... ရွှမ်း"

မီးလက်ဝါးသည် ဓားချက်များကို ရှောင်တိမ်းလိုက်ရသည်။

အသည်းနှလုံးထုတ်မည့် ဓားချက်များ မဟုတ်။ ဦးခေါင်းပြုတ်စေမည့် ဓားချက်များတည်း။

မြကန်ဒေဝီက ဆက်တိုက်စုန်ဝင်ပြီး ထိုးခုတ်လာ၏။

"ဝိုး"

"ရှပ်"

မီးလက်ဝါး၏ရင်ဘတ်၌ အစင်းကြောင်းကြီးနှစ်ခု ထင်သွားသည်။

အသည်းနှလုံးများ ထွက်ကျရန် သီသီကလေး လိုတော့သည်။

မီးလက်ဝါး ငုံ့ကြည့်လိုက်သည်။ သူ့အင်္ကျီမှာ ကြက်ခြေခတ် ရာကြီး ပြသွားသည်။

မြကန်ဒေဝီကို သူရယ်ရယ်မောမောဖြင့် မတိုက်ဝံ့တော့ပေ။

သူ့မျက်နှာကြီးသည် မည်းမှောင်သွား၏။ မြကန်ဒေဝီ၏ သိုင်းပညာမှာ တိုးတက်နေသည်ကို သူနဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရပြီ။

"ဩော်... မင်းက အတော်တိုးတက်နေတာကိုး"

"ဟင်း... ဟင်း... ဟင်း၊ ဒါ ပဏာမပဲ ရှိသေးတယ်၊ ရှင့်ခေါင်းကို မဖြတ်ချင်သေးလို့ ရင်ဘတ်မှာ အမှတ်လက္ခဏာပေးလိုက်တာ"

"ဟား... ဟား... ဟား... မင်းက ငါ့ခေါင်းကို ဖြတ်ချင်တယ်ဆိုရင် ခေါင်းအပိုတစ်လုံး ဆောင်ထားရတော့မှာပေါ့"



သူတို့သည် တစ်ယောက်နှင့်တစ်ယောက် မခံချင်အောင် ပြောပြီး အပြင်းအထန် တိုက်ခိုက်နေကြလေ၏။

မြောက်ကျွန်းဘီလူးနှင့်တိမ်ပလွေအဘွားတို့၏တိုက်ပွဲကို ကြည့်ပါဦး။

တိမ်ပလွေအဘွားမှာ အသက်ကြီးလှပြီဖြစ်၍ တိုက်အားကျနေမည်မှာ မြောက်ကျွန်းဘီလူးထင်ခဲ့သော်လည်း တကယ်တော့ သူချည်း ခံနေရသည်။

ထို့ကြောင့် သူသည် တိုက်ကွက်ပြောင်းရန် ဆုံးဖြတ်လိုက်လေသည်။

သူသည် သူ၏လေးလံလှသော ဓားပြားကြီးကို အားကိုးသည်ထက် လျှို့ဝှက်သောဓားကွက်ကိုအသုံးပြု၍ အားကိုးသည်။

ထို့ကြောင့် တိမ်ပလွေ၏ဓားချက်များကို သူသည် ရှောင်ရင်းတိမ်းရင်း စောင့်ကြည့်သည်။

တိမ်ပလွေအဘွားသည်'ထက်အာကာ'သိုင်းကွက်ကို အသုံးပြုသည်။

လေတွင်ပျံဝဲပြီး တောင်ပံနှင့်ရိုက်သကဲ့သို့ ဓားကွက်ကို အသုံးပြုလိုက်လေ၏။

ထိုဓားကွက်သည် အလှည့်အပြောင်း ဆယ့်နှစ်ကွက်ပါဝင်သည်။

မြောက်ကျွန်းဘီလူးမှာ ထိုသိုင်းကွက်အား မခုခံနိုင်ချေ။

သူ့ လက်ထဲမှဓားကောက်ကြီးမှာ လွင့်စဉ်သွားသည်။ သူ့ လက်ကို ဓားချက်တစ်ချက် ထိသွားသည်။ လူလည်း ရေခဲပြင်ထက်သို့ လဲကျသွားသည်။

တိမ်ပလွေအဘွားသည် မြောက်ကျွန်းဘီလူးကို အပြီးသတ် ရှင်းလင်းသင့်၏။

အပြီးသတ် ရှင်းလင်းသင့်ပါလျက် မရှင်းလင်းခြင်းမှာ သူ့အမှားဖြစ်သည်။

သူသည် မြောက်ကျွန်းဘီလူးအား မကြည့်တော့ဘဲ မီးလက်ဝါးနှင့် မြကန်ဒေဝီတို့၏တိုက်ပွဲကိုသာ ကြည့်တော့သည်။

ထိုအခါ လဲကျသွားသော မြောက်ကျွန်းဘီလူးသည် ပေါက်ဓားတစ်ချောင်း ကိုဆွဲထုတ်လိုက်ပြီး တိမ်ပလွေအဘွားအား လှစ်ခနဲ ပစ်ပေါက်လိုက်လေ၏။

"ဝှစ်"

ဓားသည် လေတိုးသံနည်းပါးစွာ တိမ်ပလွေအဘွားဆီသို့ ပြေးဝင်သွား၏။

"ဒုတ်"

"အား"

ဓားသည် ကျောမှပေါက်ဝင်ပြီး ရင်ညွန့်မှထွက်သွားသည်။



တိမ်ပလွေအဘွားမှာ တစ်ချက်သာအော်နိုင်ပြီး လဲကျသွားလေတော့သည်။ သူ့ရင်မှာ သွေးများ ပွက်ပွက်ကျလာသည်။

သို့သော် တိမ်ပလွေအဘွားမှာ မသေသေးချေ။

မြောက်ကျွန်းဘီလူးသည် သူ့ဓားချက်ကို ကျေနပ်အားရသွားသည်။ တိမ်ပလွေအဘွားကို မကြည့်တော့ချေ။

တိမ်ပလွေသည် တုန်တုန်ယင်ယင်ဖြင့် သူမ၏ခါးကြားမှ ကျောက်ပလွေကို ထုတ်လိုက်၏။

ထိုကျောက်ပလွေကား သူ၏ နောက်ဆုံးလက်နက်ဖြစ်သည်။

သူမသည် ထိုလက်နက်ကိုမသုံးလို၍ မထုတ်ခဲ့ခြင်းဖြစ်သည်။

မထုတ်ခဲ့ခြင်းမှာ မတရားသော ယှဉ်ပြိုင်ခြင်းဖြစ်မှာကို စိုးရိမ်ခဲ့ခြင်းကြောင့် ဖြစ်သည်။

သူမသည် ကျောက်ပလွေကို မှုတ်လိုက်သည်နှင့် နားထောင်သူများသည် နလုံးကွဲ၍ သေဆုံးကြရပေသည်။

ထိုသို့သော အနိုင်ယူမှု ဖြင့် ရန်သူများအား အနိုင်မယူလိုချေ။ ထို့ကြောင့် ကျောက်ပလွေကို မထုတ်ခဲ့ခြင်းဖြစ်သည်။

ကျောက်ပလွေသည် ရန်သူဟူသမျှကို အနိုင်ယူနိုင်သော မှုလွှေဖြစ်သည်။

သို့သော် ယခုတော့ ရန်သူ၏ ကောက်ကျစ်စဉ်းလဲသော လက်ချက်ဖြင့် သူ့ခမျာ သေလုနီးနီးဖြစ်ခဲ့ရပေပြီ။

သူမသည် ကျောက်ပလွေကို မထုတ်မဖြစ် ထုတ်ရလေတော့သည်။ ကျောက်ပလွေကို မှုတ်ရန် ဆုံးဖြတ်လိုက်သည်။

သူမပင် သေရတော့မည် မဟုတ်ပါလား။ ရန်သူများကို သူမနှင့်အပါခေါ် သွားရချေမည်။

သူမသည် ကျောက်ပလွေအား နှုတ်ခမ်းတွင်တေ့ရန် ပင်ပန်းကြီးစွာ ကြိုးစားရလေသည်။

သူမ၏ရင်ဘတ်မှသွေးများ တဗွက်ဗွက် ကျနေပြီ မဟုတ်လား။

မြောက်ကျွန်းဘီလူးသည် လှည့်ကြည့်လိုက်သည်။

တိမ်ပလွေအဘွားး ပလွေမှုတ်ရန် ကြိုးစားနေသည်ကို မြင်ရသော်လည်း သူသည် ကျောက်ပလွေအကြောင်း မသိသဖြင့် ပြန်လှည့်သွားသည်။ မည်သို့မျှ မတုံ့ပြန်ချေ။

မြကန်ဒေဝီနှင့်တိုက်ခိုက်နေသော မီးလက်ဝါးမှာ ထိုအခြင်းအရာကို ဖျတ်ခနဲတွေ့လိုက်ရသည်။

သူသည် တစ်ဟုန်ထိုး ခုန်ဝင်ကာ တိမ်ပလွေအဘွား၏ ကျောက်ပလွေကို ကန်ထုတ်ပစ်လိုက်သည်။

တိမ်ပလွေအဘွား၏လက်မှ ကျောက်ပလွေသည် အဝေးသို့ လွင့်စဉ်ထွက်သွားသည်။

"ဟင်း"

မီးလက်ဝါးသည် ထိုအခါကျမှ သက်ပြင်းချလိုက်သည်။ သူသည် တိမ်ပလွေအဘွား၏လည်ပင်းကို ခြေဖြင့်နင်းလိုက်သည်။

"အင်း... အင်း"

တိမ်ပလွေအဘွားသည် တအင်းအင်းဖြင့် အသက်ထွက်သွားတော့သည်။

"သေခါနီး ဒုက္ခပေးမလို့ လုပ်သွားတာ၊ ကံကောင်းလို့ အမြင်စောပေလို့"

တိမ်ပလွေအဘွား၏လည်မျိုမှ သူ့ခြေထောက်ကို ရုပ်လိုက်သည်။

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမှာလဲဗျ၊ ခင်ဗျားမသိလို့ ဒီအဖြစ်ကို ကြည့်နေတာ၊ အားလုံးသေပေါက်ဗျ"

"ရှင်းပြပါဦးဗျာ"

"အဲဒါကျောက်ပလွေဗျ၊ သေမင်းပလွေလို့လဲ ခေါ်တယ်၊ အဲဒီပလွေသံကိုနားထောင်မိရင် ခင်ဗျားရော ကျုပ်ရော နလုံးကွဲပြီး သေမှာသေချာတယ်၊ ကျုပ် မြင်လိုက်ပေလို့ပေါ့ဗျာ"

မြောက်ကျွန်းဘီလူးမှာ ကြက်သီးထသွားသည်။

ဤသည်မှာ အခွင့်အရေးပင်တည်း။

မြကန်ဒေဝီသည် မြောက်ကျွန်းဘီလူးအား ရှင်းပြနေသော မီးလက်ဝါးအား ဓားနှစ်လက်ဖြင့် ခုန်ပျံဝင်ရောက်ကာ ပိုင်းချလိုက်သည်။

သို့သော် မြောက်ကျွန်းဘီလူးက ထိုအခြင်းအရာကိုမြင်၏။ သူသည် မြကန်ဒေဝီ၏လက်များကို ရိုက်ချလိုက်သည်။

"ဖြောင်း"

မြကန်ဒေဝီ၏ဓားနှစ်ချောင်းမှာ လွင့်စဉ်ထွက်သွား၏။ မြကန်ဒေဝီမှာ လက်နက်မဲ့ဖြစ်သွားပြီး မီးလက်ဝါးရှေ့သို့ ရောက်ရှိသွားသည်။

မီးလက်ဝါးသည် မြကန်ဒေဝီ၏ လည်မျိုကိုဖမ်းကိုင်ပြီး ဖျစ်ညှစ်လိုက်သည်။

"ကဲ... ပုလွန်၊ မင်း ငါတို့နဲ့ လိုက်ခဲ့ပေတော့"

"မလိုက်ဘူး၊ ကျွန်မကို သတ်လိုက်"

သူမက မီးလက်ဝါးအား ခက်ထန်စွာ တုံ့ပြန်လိုက်သည်။

"မင်း လိုက်ခဲ့ရမယ်"

"မလိုက်ဘူး၊ ကိုယ့်ကိုကိုယ် သတ်သေမယ်"

"မင်းက အင်မတန် သတ္တိကောင်းတာပဲ"

"ရှင်လွှတ်ကြည့်လေ၊ ကိုယ့်ကိုကိုယ် သတ်သေမလား မသတ်သေးဘူးလားဆိုတာ ရှင်သိသွားမယ်"



မီးလက်ဝါး တွေဝေသွားသည်။ သူမကို လွှတ်ချင်လျှင် ကိုယ်နှိုးသေ သတ်သေပေလိမ့်မည်။

ထို့ကြောင့် အကြောများထိုးပိတ်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် အရာဝတ္ထုတစ်ခုသည် လေကိုဖြတ်သန်းဝင်ရောက်လာလေသည်။

"ဝှစ်"

"ဖောက်"

မြကန်ဒေဝီ၏မျက်လုံးများမှာ ပြူးကျယ်သွားသည်။ ထို့နောက် လဲကျသွားလေ၏။

မီးလက်ဝါးက မြကန်ဒေဝီအား ဆီးပွေ့လိုက်၏။

"ဟား... ဟား... ဟား"

ရွှေပိတုန်းအဘွားသည် ရယ်မောရင်း ရေခဲတုံးကြီးအကွယ်မှ ထွက်ပေါ်လာသည်။

မီးလက်ဝါးက မျက်နှာထားဖြင့် လှမ်းမေးလိုက်၏။

"အဘွားကြီး... ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာလုပ်ရမယ်လို့ ကျုပ်တောင် မဆုံးဖြတ်ရသေးဘူး"

ရွှေပိတုန်းအဘွားသည် မီးလက်ဝါးထံသို့ လက်ညှိုးအရွယ်ခန့်ရှိသော ပုလင်းလေးတစ်လုံးကို ပစ်ပေးလိုက်၏။

"အဖြစ်သည်းမနေနဲ့ အဲဒါအဆိပ်ဖြေဆေးပုလင်း၊ အထဲမှာ ဆေးလုံးနှစ်လုံးရှိတယ်၊ တစ်လုံးကိုခြေပြီး ဒဏ်ရာပေါ်သိပ်ပေး၊ တစ်လုံးကို ပါးစပ်ထဲထိုးထည့်ပေးလိုက်၊ သူ မသေတော့ဘူး"

ထိုအခါကျမှ မီးလက်ဝါးမှာ ဟင်းခနဲ သက်ပြင်းချနိုင်သည်။

"ရှင်တို့ပဋိပက္ခကို ကျုပ် ရေခဲတောင်စွယ် နောက်နားက ကြားနေရတယ်၊ ရှင်တို့မပြေမလည်ဖြစ်နေတာကို ကျုပ်က ဝင်ရှင်းပေးလိုက်တာပဲ၊ ရှင် သူ့ကို ဘယ်ခေါ်သွားမလဲ၊ ကြိုက်တဲ့နေရာကို ခေါ်သွား၊ သူ ဘယ်လိုမှ ကလန်ကဆန်မလုပ်တော့ဘူး"

မီးလက်ဝါးသည် ရွှေပိတုန်းအဘွား ညွှန်ကြားသည့်အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်နေတော့၏။

မြောက်ကျွန်းဘီလူးနှင့် ရွှေပိတုန်းအဘွားတို့သည် တစ်ဦးကိုတစ်ဦး ပြုံး၍ကြည့်လိုက်ကြ၏။

မီးလက်ဝါးကား အဆိပ်ဖြေဆေးပုလင်းတစ်လုံးနှင့် အလုပ်များနေလေ၏။

✣✣✣



(၁၁)

မှန်းဆချက်များ

ဘိုးဘိုးဟိုချူးနှင့် သွေးပလွေရှင်ထိုက်ပိုးရှန်တို့မှာ တောင်ကျွန်းအပြန်ခရီး၌ ပင်လယ်ထဲမျောနေခဲ့၏။

သူတို့သည် ရွက်လှေတစ်စင်းက ကယ်တင်ခြင်းကိုခံခဲ့ရ၏။ ဤသို့ဖြင့် ပြည်မသို့ ပြန်လည် ရောက်ရှိလာခဲ့ကြသည်။

ပြည်မသို့ သူတို့ပြန်လည်ရောက်ရှိလာသော်လည်း သူတို့ မပျော်နိုင်ကြပါ။

သူတို့သည် အဖွဲ့ဝင်နှစ်ဦးကို ရှာမတွေ့၍ဖြစ်ပါသည်။

ထိုအဖွဲ့ဝင်နှစ်ဦးမှာ လီရှူရှုနှင့် အရှေ့ကျွန်းမင်းသားလေး ဝန်ဝေးစန်းတို့ပင်တည်း။

သူတို့သည် ထိုကမ်းခြေတစ်လျှောက်၌ လိုက်လံရှာဖွေ

သည်။ စုံစမ်းသည်။

ပင်လယ်ထဲမှ ဆယ်ယူရရှိခဲ့သူများကို တွေ့ရှိခဲ့ရသော်လည်း လီရှုရှုနှင့် ဝန်ဝေးစန်းတို့ မဟုတ်ကြပေ။

ထို့ကြောင့် ဘိုးဘိုးဟိုချူးရော သွေးပလွေရှင်ထိုက်ပိုးရှန်ပါ စိုးရိမ်ပူပန်လျက်ရှိကြလေတော့၏။

နေ့စဉ်ပင် သူတို့သည် စောင့်မျှော်နေခဲ့ကြ၏။ တစ်ရက်လည်း မလာ၊ နှစ်ရက်လည်း မလာ။

လနှင့်ချီ၍ကြာလာသောအခါ သို့လော သို့လော ဟုပင် တွေးတောလာမိကြ၏။

သူတို့၏မျှော်လင့်ချက်များကို စွန့်လွှတ်ရမည့်ကဲ့သို့ ဖြစ်လာသည်။

"ဒီလောက်ကြာပုံထောက်ရင် သူတို့ကို ကယ်သူမတွေ့ဘဲ ပင်လယ်ထဲ ရေနစ်သေကုန်ပြီနဲ့တူတယ် အဘိုးရယ်"

"မသေနိုင်ပါဘူးကွာ၊ ဝန်ဝေးစန်းကတော့ သိုင်းပညာ အတော်ထက်မြက်ပါတယ်"

"ရေထဲမှာ သိုင်းပညာထက်မြက်လဲ ဘာလုပ်နိုင်မှာလဲ အဘိုးရယ်၊ ရေဆိုတာကလဲ ရေအိုင် ရေကန်မှမဟုတ်ဘူး အဘိုး၊ ပင်လယ်ဗျ... ပင်လယ်၊ ပင်လယ်ထဲမှာ သိုင်းပညာဘယ်လောက် ကျွမ်းကျွမ်း အမှီအတွယ်မရှိရင် သေနိုင်တာပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် သိုင်းပညာ



ကျွမ်းကျင်တဲ့သူ ကိုယ်ဖော့ပညာ ကျွမ်းကျင်တဲ့လူဟာ သာမန်လူတွေထက် ကိုယ့်အမှီအတွယ်ကို လိုသလိုအသုံးချနိုင်ပါတယ်၊ ဒါကြောင့် သူတို့ရဲ့ အသက်ရှင်ခွင့်ဟာ သာမန်လူတွေထက် ပိုပါတယ်ကွာ၊ အင်း ... ဒါပေမယ့် သူတို့ကို မတွေ့ရသေးတော့ မပြောနိုင်ဘူးပေါ့ကွာ"

"ကျွန်တော့်တော့ လီရှုရှုကို အရမ်းသတိရတာပဲ အဘိုးရယ်၊ ဘယ်လိုလုပ်ရမှန်းလဲ မသိဘူး"

ထိုက်ပိုးရှန်က ပြောလိုက်သောအခါ အဘိုးဟိုချူးမှာ ငိုအားထက် ရယ်အားသန် ဖြစ်ရတော့သည်။

ထိုက်ပိုးရှန်က ဆက်ပြော၏။

"သူ မသေမပျောက် တစ်နေရာရာမှာ အသက်ရှင်နေပါစေလို့ ဆုတောင်းရတော့တာပဲ"

"ဟား... ဟား... ဟား... လွမ်းလဲလွမ်းတတ်တဲ့ကောင်ပဲ၊ ဝန်ဝေးစန်းကျတော့ သတိမရဘူး၊ လီရှုရှုတော့ သတိရတယ်တဲ့၊ တော်တော်လဲ မျက်နှာလိုက်တဲ့ကောင်"

အဘိုးဟိုချူးက အတောမသတ်နိုင်ဘဲ ရယ်၍ပြောလေတော့သည်။

ထိုက်ပိုးရှန်က....

"ဟာ... အဘိုးကလဲ ဒါက ကျွန်တော့်ရင်ထဲရှိတဲ့အတိုင်း ပြောတာပဲ၊ လီရှုရှုသေရင် ကျွန်တော်လဲ မကြာခင် လိုက်သေမိမှာပဲ၊

ခုတောင် သေတယ် ရှင်တယ် မသိရသေးလို့ လူ့လောကမှာ ကျွန်တော်နေနေတာ အဘိုးရယ်"

ထိုက်ပိုးရှန်၏စကားများကိုကြားရသောအခါ အဘိုးဟိုချူး မျက်လုံးပြူးသွားလေ၏။

"ဟေ့... အရှူး၊ မင်းဟာ သိုင်းသမားမဟုတ်ဘူးလား၊ မင်းဟာ သိုင်းသမားလုပ်နေပြီ၊ ဒီလောက်ပျော့ညံ့ရသလားကွ၊ မိန်းကလေးတစ်ယောက်အတွက် လိုက်သေမယ်လို့ ဘယ်သိုင်းသမားကမှ မပြောဘူးကွ"

အဘိုးဟိုချူးက ကရုဏာဒေါသောဖြင့် ပြောလေ၏။

ထိုက်ပိုးရှန်က....

"သိုင်းသမားမှာလဲ အသည်းနှလုံးနဲ့ပါပဲ အဘိုးရာ၊ သာမန်လူတွေနဲ့ ဘာထူးလို့လဲ၊ လိုက်သေမယ်ဆိုကတည်းသက သိပ်ချစ်လို့ပေါ့ အဘိုးရာ၊ ဒါကို အဘိုးသဘောပေါက်၊ လီရှူရှူမရှိမှ သူ့ကို ကျွန်တော် ဘယ်လောက်ချစ်တယ်ဆိုတာ သိရတော့တယ် အဘိုးရာ"

အဘိုးဟိုချူးမှာ ထိုက်ပိုးရှန်ကို စိတ်ပျက်သွားသည်။

"အေး... မင်းတော့ ဒီရောဂါနဲ့ပဲ သွားဦးမှာပဲထင်တယ်"

"ဟာ... အဘိုးကလဲ"

ထိုစဉ် သူတို့ရှိရာသို့ လူတစ်ဦးရောက်လာလေ၏။

"အဘိုးဟိုချူးဆိုတာ ဘယ်သူများပါလဲခင်ဗျာ"



"အဘိုးဟိုချူးဆိုတာ ငါပဲကွ၊ မင်းအနေနဲ့ ကြည့်တာနဲ့ သိနိုင်ပါတယ်ကွာ၊ ဟိုကောင်က ငယ်ငယ်ကလေးပဲ ငါက အသက်ကြီးကြီး၊ ဒီတော့ အဘိုးဟိုချူးဆိုတာ ငါပဲဖြစ်တော့မှာပေါ့ကွာ"

"ဒါပေမယ့်...."

"ဘာ... ဒါပေမယ့်လဲ"

"အဘိုးက လူငယ်လေးလိုဖြစ်နေတော့"

"ဘာလဲ... မင်းက ငါ့အရုပ်ပုတာကို စာဖွဲ့မလို့လား၊ စာမဖွဲ့နဲ့ ငါ့မျက်နှာကိုကြည့်ပါ"

"ထားပါတော့ဗျာ၊ ကျွန်တော့်ကို စာတစ်စောင်ပေးခိုင်းလိုက်လို့ပါ"

"ဘယ်သူက ပေးခိုင်းတာလဲ"

"မသိဘူး... လူတစ်ယောက်ကပေးခိုင်းတာပဲ၊ ဒါနဲ့ ကျွန်တော်လဲ ယူလာတာ"

"ကောင်းကွာ"

"စာမယူဘူးလား ခင်ဗျာ"

"ယူမှာပေါ့ကွ... ပေးစမ်းစာ"

လူစိမ်းသည် စာကို ရိုသေစွာ လှမ်းပေးလေ၏။

+++

"ကျွန်တော် သွားနိုင်ပြီလားခင်ဗျာ"

"အေး... သွားနိုင်ပြီ၊ မင်း စာယူလာတဲ့လူကိုမှ မသိတာ၊ မင်းစောင့်နေခိုင်းလို့ ငါက ဘာလုပ်ရတော့မှာလဲ၊ ဒီတော့ သွားတော့ ပေါ့ကွာ"

ထိုလူသည် ထွက်သွားလေ၏။

အဘိုးဟိုချူးသည် စာကိုဖောက်လိုက်၏။

"တကတဲ စာပေးစရာရှိရင် စာကိုထုတ်ပေးလိုက်ရင် ပြီးတာပဲ၊ အကြောရှည်နေရသေးတယ်"

ထိုက်ပိုးရှန်က....

"လူမှားသွားမှာကို စိုးရိမ်တာပေါ့ အဘိုးရာ၊ လူမှားပေးမိရင် ဒုက္ခဖြစ်နေဦးမယ် မဟုတ်လား"

"ငါ့ကို ဘာများမှားစရာရှိသလဲ"

ထိုက်ပိုးရှန် မပြောတော့ချေ။ စာကိုသာ ကြည့်နေတော့သည်။ အဘိုးဟိုချူးသည် စာကိုဖွင့်လိုက်၏။



"မြကန်ဒေဝီ ကျုပ်လက်ထဲမှာ ရှိတယ်၊ ရှောင်လင်စွယ်စုံကျမ်း ခင်ဗျားတို့လက်ထဲမှာ ရှိတယ်ဆိုတာ ကျုပ်တို့သိတယ်၊ ဒီတော့ အရှိချင်း လဲကြတာပေါ့၊ ခင်ဗျားတို့မလဲရင် မြကန်ဒေဝီကို သတ်ပစ်မယ်။

မီးလက်ဝါး ဟန်ဖချင်း"

မီးလက်ဝါးထံမှ စာဖြစ်လေ၏။

"ဟာ"

"မြကန်ဒေဝီကို သူတို့ဖမ်းသွားကြပြီကွ"

"သူတို့မှားနေတာ ခက်တယ်"

"ဘာမှားလို့လဲ"

"ကျွန်တော်တို့ဆီမှာ ရှောင်လင်စွယ်စုံသိုင်းကျမ်း လုံးဝမရှိဘူးလေ၊ အဲဒါ သူတို့ယုံအောင် ဘယ်လိုရှင်းပြမလဲ"

"လီရှုရှုကို ထပ်ရှာရတော့မှာပေါ့ကွာ"

"ဟုတ်တယ်၊ သူတို့ကိုမရှာနိုင်ရင် မြကန်ဒေဝီ ဒုက္ခရောက်တော့မယ်"

ဤသို့ဖြင့် အဘိုးဟိုချူးနှင့် ထိုက်ပိုးရှန်တို့မှာ လီရှုရှုနှင့် အရှေ့ကျွန်းမင်းသားလေး ဝန်ဝေးစန်းတို့ကိုရှာဖွေရန် ခရီးထွက်ကြရတော့၏။

သူတို့နှစ်ဦးသည် ခေါင်းချင်းရိုက် တိုင်ပင်ကြ၏။ ဦးဆောင်

ဆွေးနွေးသူကား အဘိုးဟိုချူးပင်တည်း။

အဘိုးဟိုချူးက....

"ငါ တစ်ခုတော့ သိတယ်၊ သူတို့ ဒီကိုရောက်မလာတာ ပင်လယ်ထဲကနေ ပြည်မကို ရောက်ကို ရောက်မလာသေးလို့ပဲဆိုတာတော့ ငါသိတယ်"

ထိုက်ပိုးရှန်က....

"အဘိုးရယ်၊ ဒါနဲ့များ သူတို့ကို ဒီက ထိုင်စောင့်နေရသေးတယ်"

"လာလို လာငြားပေါ့ကွာ"

"ဒါဖြင့် သူတို့ ဘယ်မှာရှိနိုင်သလဲ အဘိုးရယ်"

"မရှိနိုင်တဲ့နေရာကိုတော့ ငါတွက်မိပါတယ်၊ ရေနစ်မသေရင်ပေါ့ကွာ"

"ဟုတ်ပါပြီ၊ အဘိုးတွက်မိတဲ့နေရာကို ပြောပါဦး"

အဘိုးဟိုချူး တွက်ချက်ပြ၏။

တောင်ကျွန်း....။

တောင်ကျွန်းသည် သူတို့ထွက်လာခဲ့သောအရပ် ဖြစ်သည်။

ထို့ကြောင့် တောင်ကျွန်းသို့ ပြန်မရောက်နိုင်။ မုန်တိုင်းကလေးမသင့်။

ထို့ကြောင့် တောင်ကျွန်းသို့ ရောက်နိုင်သည်ဆိုသည့် အ



ချက်ကို ပယ်သည်။

မြောက်ကျွန်း....။

မြောက်ကျွန်း၌ လီရှူရှူတို့ မရှိနိုင်။

အဘယ်ကြောင့်ဆိုသော် မြောက်ကျွန်းသားများသည် ပြည်မကြီးနှင့်ကူးချည်သန်းချည် လုပ်နေသောကြောင့်တည်း။

ပြည်မကြီးသို့ မြောက်ကျွန်းမှ လှေကြီးများ ဥဒဟိုဝင် ထွက်လျက်ရှိကြသည်။

ထို့ကြောင့် လီရှူရှူတို့ရှိနိုင်သည့် အချက်ကို ပယ်သည်။

အရှေ့ကျွန်း....။

ထိုနေ့က တိုက်ခတ်သောလေသည် အရှေ့တောင်လေဖြစ်သည်။

ကယ်သူမတွေ့ဘဲ သူတို့မျှော်နေလျှင် အရှေ့ကျွန်းသို့ ပြန်လှည့်စရာ အကြောင်းမရှိပေ။

အရှေ့ကျွန်း၌ ရှိနိုင်သည်ဆိုသည့်အချက်ကို လည်းပယ်သည်။

တစ်ချက်တည်းသာ ကျန်တော့သည်။

အရှေ့တောင်လေ တိုက်နေခြင်းဖြစ်၍ ရေစီးအတိုင်းသွားမည်ဆိုပါက အနောက်ကျွန်းသို့ ရောက်ရှိနိုင်သည်။

သို့သော် ထိုကျွန်းသည် ပြည်မနှင့်ဝေးကွာလှသည်။

မင်းပြစ် မင်းဒဏ်သင့်သူများကို ပို့သောကျွန်းဖြစ်၍ ခေါင်

လွှန်းလှသည်။

ထိုကျွန်းသို့ လီရှူးတို့ရောက်နေပါက ပြည်မသို့မည်သည့်နည်းနှင့်မျှ ပြန်မလာနိုင်။

ထို့ကြောင့် အနောက်ကျွန်းသို့သာ သူတို့ရောက်နိုင်သည်။

အဘိုးဟိုချူးက....

"အဲဒါတွေကတော့ ငါ့မှန်းဆချက်တွေပဲ၊ မင်းရဲ့ မှန်းဆချက်တွေကို ပြောပါဦး"

ထိုက်ပိုးရှန်က....

"ကျွန်တော်ကို အဘိုးနဲ့စာရင် အများကြီး ငယ်တာပဲ၊ ဘယ်မှန်းဆတတ်ပါ့မလဲ၊ အခု အဘိုးမှန်းဆတာတွေဟာ ယုတ္တိရှိပါတယ်၊ ကျွန်တော်တို့ အနောက်ကျွန်းကိုပဲ လိုက်ကြတာပေါ့"

သူတို့သည် အနောက်ကျွန်းသို့ ခရီးဆက်ထွက်ရန် ဆုံးဖြတ်လိုက်ကြပြီး ထိုကျွန်းသို့ခရီးထွက်ရန် ပြင်ဆင်ကြလေတော့သည်။

❖❖❖



(၁၂)

## လွမ်းသူ့ဖြစ်အင်

သူတို့သည် အနောက်ကျွန်းသို့ထွက်ရန် လှေတစ်စင်းငှားကြရတော့သည်။

စားနပ်ရိက္ခာ အပြည့်အစုံ၊ လှေသမားလေးယောက် ငှားကြရသည်။

ကုန်ကျငွေများကို အဘိုးဟိုချူးကပေးသည်။

အဘိုးဟိုချူးသည် တစ်သက်လုံး ငွေကြေးကိစ္စကို မကိုင်

တွယ်ခဲ့သော်လည်း ယခုတော့ ကိုင်တွယ်သုံးစွဲနေရပေပြီ။

မကြာမီ လှေကြီးလည်း ထွက်သည်။ သူတို့ကံကောင်းသည်။

မုန်တိုင်းလည်း မမိ၊ အခြားဒုက္ခများလည်း မကြုံပေ။

ဆိုက်ဆိုက်မြိုက်မြိုက်ပင် အနောက်ကျွန်းသို့ ရောက်ရှိသွားလေသည်။

ကျွန်းပေါ်သို့ရောက်သည်နှင့် လူစုလူဝေးကြီးကိုတွေ့ရလေ၏။

အဘိုးဟိုချူးနှင့်သွေးပလွေရှင်တို့သည် ထိုလူစုလူဝေးကြီးကို မကြောက်ပါ။

သူတို့သည် သိုင်းပညာရှင်များ ဖြစ်ကြသည်မဟုတ်ပါလား။

အဘိုးဟိုချူးက စုံစမ်းမေးမြန်းလိုက်သည်။

"ဒီကျွန်းကို လူငယ်တစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်မုန်တိုင်းမိပြီး ရောက်မလာကြဘူးလား၊ မင်းတို့ မတွေ့မိကြဘူးလား"

ထိုလူများကား အနောက်ကျွန်းကျွန်းကျေးကြီး၏ လူများဖြစ်နေကြသည်။

သူတို့သည် လီရှုရှုနှင့် ဝန်ဝေးစန်တို့နှင့်တွေ့ကြုံပြီး သင်ခန်းစာရထားသဖြင့် အဘိုးဟိုချူးနှင့် ထိုက်ပိုးရှန်တို့ကို ပမာမခန့်



မပြုဝံ့တော့ချေ။

"ဟာ... ရောက်လာတယ် ရောက်လာတယ် ခင်ဗျ၊ မိန်းကလေးတစ်ယောက်နဲ့ လူငယ်တစ်ယောက်လေ"

"အေး... အေး... ဟုတ်တယ်၊ တို့ကို လမ်းညွှန်ပေးပါကွယ်"

အဘိုးဟိုချူးက ဝမ်းသာအားရ ပြောလိုက်လေ၏။

"ကျွန်းထဲဝင်သွားပါ၊ ကျွန်းလယ်ကောင်မှာ အမြင့်ဆုံးတောင်တစ်လုံးကို တွေ့ရလိမ့်မယ်၊ အဲဒါ ဥဒေါင်းမောင်နှံတောင်ပါပဲ၊ အဲဒီတောင်ထိပ်မှာ သူတို့နေကြပါတယ်၊ အဲဒီတောင်ထိပ် ဂူတွေရှေ့မှာပဲ သိုင်းပညာလေ့ကျင့်ဖို့ နေရာလုပ်ထားပါသေးတယ်"

"ဟာ... ဟုတ်ပြီ ဟုတ်ပြီ၊ သိုင်းပညာလေ့ကျင့်ဖို့ဆိုရင် လီရှုရှုအတွက် လေ့ကျင့်ဖို့ပဲ၊ ကျေးဇူးတင်ပါတယ်ကွယ်"

ဤသို့ဖြင့် အဘိုးဟိုချူးနှင့်ထိုက်ပိုးရှန်တို့သည် ကျွန်းအလယ်ကောင်သို့ အလျင်အမြန် သွားကြ၏။

အဘိုးဟိုချူးသည် ရောင်လင်သိုင်းကျမ်းလီရှုရှုနှင့် အတူတကွ ရှိမရှိကိုသိလိုသည်။

ထို့ကြောင့် ချက်ချင်းပင် ခရီးဆက်ကြလေ၏။

သူတို့သည် တောကြီးကိုဖြတ်သန်းကာ တောင်ပေါ်သို့ တက်ကြ၏။

သစ်တောအတွင်း သစ်ခုတ်နေသော လူနှစ်ဦးကိုတွေ့ကြ

လေရာ သူတို့မေးမြန်းကြည့်ကြသည်။

"ဟေ့... ဥဒေါင်းမောင်နှံတောင်ဆိုတာ ရှေ့နားမှာလားကွယ့်"

"ဟုတ်ပါတယ်၊ ဒီမှာ တောင်တစ်လုံးပဲရှိတာယ်၊ အဲဒါဥဒေါင်းမောင်နှံတောင်ပဲခင်ဗျ၊ သစ်တောရဲ့အလယ်မှာရှိတဲ့ တောင်ကြီးပဲ၊ အဘိုးတို့တက်နေတာ လမ်းမှန်ပါပဲ၊ တက်ကြပါ... တက်ကြပါ"

"အေးကွယ်... ကျေးဇူးပါပဲ"

သူတို့သည် သိုင်းသမားများဖြစ်သည့် အားလျော်စွာ အခက်အခဲမရှိဘဲ တက်လာကြ၏။

လီရှူရှူတို့လေ့ကျင့်ရာ သိုင်းသင်ကွင်းသို့ ရောက်ရှိလာကြသည်။

တိုင်လုံးများ၊ ဝါးချွန်များ စိုက်ထားရာကွင်းသို့ ရောက်ရှိလာကြလေ၏။

"အင်း... ဒီအတိုင်းဆိုရင် ရှောင်လင်သိုင်းကျမ်း သူတို့လက်ထဲမှာ ရှိပြီကွ၊ သူတို့စိုက်ထားတဲ့ သစ်လုံးတွေ၊ ဝါးချွန်တွေဟာ ရှောင်လင်ကျောင်းရဲ့သိုင်းကွက်ခင်းတဲ့ ပညာတွေပဲ"

အဘိုးဟိုချူးသည် ဗဟုသုတများသူဖြစ်၍ ထိုက်ပိုးရှန်သည် ခေါင်းညိတ်နေရလေ၏။ သူကတော့ လီရှူရှူကို ဦးစွာတွေ့ချင်နေပေသည်။



လီရှူရှူသည် စွယ်စုံသိုင်းကျမ်းကြီးကို တတ်မြောက်သွားပြီး သူတို့အား ခင်မှခင်မင်တော့မည်လော။ ဘဝင်မြင့် သွေးကြီးသွားပြီလော။

ထိုက်ပိုးရှန်သည် အတွေးများဖြင့် ယောက်ယက်ခတ်နေ၏။

အဘိုးဟိုချူးကလည်း သိုင်းကျမ်းဓောရှိသည်။ ထိုက်ပိုးရှန်ကလည်း လီရှူရှူဓောရှိသည်။

သူတို့ အပြိုင်တက်ကြသည်။ ဤသို့ဖြင့် ဝန်ဝေးစန်းနှင့်လီရှူရှူတို့နေထိုင်သည့် ဂူရှေ့သို့ ရောက်ရှိသွားကြလေတော့၏။

သူတို့ရောက်ရှိသွားသောအချိန်တွင် လီရှူရှူက ဝန်ဝေးစန်း၏ ပေါင်ပေါ်တွင် မှေးစက်ရင်း ချစ်စကားများကို တွတ်တီးတွတ်တာ ပြောနေချိန်ဖြစ်၏။

ချစ်သူနှစ်ဦး၏ပုံစံမျိုးဖြစ်၍ ထိုက်ပိုးရှန်မှာ မျက်နှာပျက်သွားရာလေ၏။

"ဟာ... အဘိုးတို့ပါလား"

ဝန်ဝေးစန်းက လူးလဲထလေ၏။ ဝန်ဝေးစန်းသည် လီရှူရှူအား ထထိုင်ခိုင်း၏။

သူတို့အနေအထိုင်မဟုတ်သည်ကို အဘိုးဟိုချူးတို့ တွေ့မြင်သွားသဖြင့် ရှက်နေမိသည်။

လီရှူရှူမှာ တစ်ခေါင်းလုံး တောပန်းတောင်ပန်းများ ဝေနေ

သည်။

+++

သူမသည် အဘိုးဟိုချူးနှင့် ထိုက်ပိုးရှန်အား စိန်းစိန်းကြည့်နေလေ၏။

ထိုက်ပိုးရှန်ကမူ မျက်လွှာချထားသည်။

"လီရှူရှူ... အဘိုးဟိုချူးတို့ရောက်လာကြတာ ဝမ်းမသာဘူးလားဟင်"

လီရှူရှူက ခေါင်းခါပြလေ၏။

အေးပလွေရှင် ထိုက်ပိုးရှန်မှာ အကြီးအကျယ် မျက်နှာပျက်နေတော့သည်။

"ရှိရှာ... သူတို့က ဘယ်သူတွေလဲဟင်"

လီရှူရှူက ဝန်ဝေးစန်း၏ လက်မောင်းကို မှီတွယ်၍ မေးမြန်းလေ၏။

အဘိုးဟိုချူးမှာ အကြီးအကျယ် အံ့အားသင့်သွားသည်။ တစ်ခုခုတော့ ထူးပြီဟု သိလိုက်သည်။ ဘာထူးသည်ကိုတော့ သူမ



သိသေးချေ။

ဝန်ဝေးစန်းသည် လီရှူရှူမမြင်နိုင်အောင် အဘိုးဟိုချူးနှင့် ထိုက်ပိုးရှန်တို့အား ဦးခေါင်းကိုလက်ညှိုးထိုးပြပြီး ခေါင်းယမ်းပြလေ၏။

"ရှိရှာရဲ့ အသိလား"

"ဟုတ်တယ်... ရှိရှာရဲ့အသိတွေပဲ၊ သူတို့ဟာ ဧည့်သည်တွေ၊ သူတို့ကို ဧည့်ခံဖို့ ဘာအသီးအနှံပဲရရ ရှာခဲ့ပါမလျှို၊ ခုပဲ သွားရှာပါ"

ဝန်ဝေးစန်းက တွန်းတွန်းထိုးထိုးစေလွှတ်သဖြင့် လီရှူရှူသည် မထွက်သွားချင် ထွက်သွားချင်ဖြင့် ထွက်သွားရလေသည်။

လီရှူရှူ မရှိသောအခါမှ ဝန်ဝေးစန်းသည် ဖြစ်ကြောင်းရယ် **ကုန်စင်ကို** ပြောပြရတော့၏။

"ရှောင်လင်ဗွယ်စုံသိုင်းကျမ်းကြီး လေ့ကျင့်ပြီးတဲ့ တစ်လပြည့်တဲ့နေ့မှာပဲ ခုလိုစိတ်နှောက်သွားတာပဲ အဘိုး"

အဘိုးဟိုချူးက စဉ်းစဉ်းစားစားပြော၏။

"ဒါဆို ရှောင်လင်သိုင်းကျမ်းရဲ့ချွတ်ယွင်းမှုတစ်ခုခုပဲ ဖြစ်ရမယ်၊ တစ်ခုခုမှားနေလို့ အဲဒီလိုဖြစ်ရတာ"

"ဟုတ်မယ် ထင်တယ်... ပထမတော့ တောစောင့်နတ်တောင်စောင့်နတ်တွေ မကြိုက်လို့ဖြစ်တယ်လို့ ကျွန်တော်က ထင်ခဲ့မိ

တယ်၊ အခု သေသေချာချာ စဉ်းစားတော့ အဘိုးပြောသလိုပဲ ဖြစ်နိုင်ပါတယ်"

ထိုက်ပိုးရှန်ကား ယခုအထိ စကားတစ်လုံးမျှ မပြောသေးပေ။

မျက်မှောင်ကြီးသာ ကုပ်ထားလေ၏။

အဘိုးဟိုချူးက....

"အေး... တို့ပြည်မှာလဲ ပြဿနာပေါ်နေတယ်ကွ၊ မီးလက်ဝါးက ရှောင်လင်စွယ်စုံသိုင်းကျမ်း သူ့ဆီအပ်ရမယ်၊ မအပ်ရင် မြကန်ဒေဝီကို သတ်ပစ်မယ်ဆိုပြီး ငါ့ကို စာပေးခိုင်းလိုက်တယ်၊ တို့လဲ ဘာလုပ်ရမှန်းမသိဘူး၊ သိုင်းကျမ်းကလဲ လီရှူရှူလက်ထဲ ကျန်ရစ်ခဲ့တာဆိုတော့ ခက်နေတာပေါ့ကွာ၊ ငါတို့ကလဲ အသေအချာတွက်ချက်ပြီး အနောက်ကျွန်းကို လိုက်လာခဲ့တာပဲ"

အဘိုးဟိုချူးက သူနှင့်ထိုက်ပိုးရှန်တို့ လေမုန်တိုင်းဒဏ်အတွင်းမှ မည်ကဲ့သို့လွတ်မြောက်ခဲ့ပုံကို ရှင်းပြသည်။

"ဒါနဲ့ ငါမသိလို့ မေးပါရစေဦး၊ မင်းနာမည်က ဘာဖြစ်လို့ ရှီရှာဖြစ်သွားရတာလဲ၊ လီရှူရှူကလဲ ဘာဖြစ်လို့ မေလျှံလို့ ဖြစ်သွားတာလဲ၊ မင်းတို့မှာ အရင်နာမည်တွေ မရှိကြတော့ဘူးလား"

ဝန်ဝေးစန်းက အနောက်ကျွန်း ကျားကြီးပြောပြသည့် ဥဒေါင်းမောင်နှံဒဏ္ဍာရီအား ပြန်လည်ပြောပြရလေ၏။



"အဲဒီပုံပြင်ထဲက ဥဒေါင်းဖိုလေးရှီရှာကို ကျွန်တော်လို့ထင်ပြီး ဥဒေါင်းမလေးမေလျှံကို သူလို့ထင်နေပါတယ်၊ သူ့အတိတ်က အဖြစ်အပျက်တွေကို သူ ဘာမှမသိတော့ဘူး အဘိုး"

ထိုစဉ် လီရှူရှူသည် သစ်သီးဝလံများကို သယ်ဆောင်ပြီး ရောက်ရှိလာ၏။

ထိုက်ပိုးရှန်က လီရှူရှူအား လိုက်ကြည့်နေရာ လီရှူရှူက သဘောမကျဟန်ဖြင့် မျက်စောင်းထိုးလေ၏။

ထိုက်ပိုးရှန်မှာ တစ်ဘက်သို့ မျက်နှာလွှဲသွားရလေတော့သည်။

လီရှူရှူသည် ငှက်ပျောသီးခွဲနွာ၍ ဝန်ဝေးစန်းအား ကျွေးမွေးနေသည်။

"ရှီရှာ... ဒီငှက်ပျောသီးလေး စားကြည့်စမ်း၊ အရမ်းချိုတာပဲ"

ထိုက်ပိုးရှန်ကား လီရှူရှူအား မကြည့်၊ အဝေးသို့ ငေးမျှော်ကြည့်နေ၏။

"မင်း ဘယ်လိုဆုံးဖြတ်မလဲ ဝန်ဝေးစန်း"

အဘိုးဟိုချူးက မေးလိုက်၏။

"အဘိုးတို့က ကျွန်တော်တို့ရဲ့အကြီးအကဲပဲလေ၊ အဘိုးတို့ စီမံရာ နာခံရမှာပေါ့၊ ပြောပါ... အဘိုးတို့ ဘာလုပ်ချင်သလဲ"

ဝန်ဝေးစန်းက ပြောသည်။

အဘိုးဟိုချူးက....

"ဒါဆိုရင် တို့အားလုံး ပြည်မကို ပြန်ကြမယ်၊ ဟိုကျမှ မီးစဉ်ကြည့်ကကြမယ်"

ဝန်ဝေးစန်းက ခေါင်းညိတ်၏။

✣✣✣

"ကောင်းပါတယ် အဘိုး၊ အဘိုးရဲ့အစီအစဉ်အတိုင်း အားလုံး ပြည်မကို ပြန်ကြတာပေါ့"

အဘိုးဟိုချူးက လီရှုရှုအား မေးထိုးပြလေ၏။ ဝန်ဝေးစန်းသည် အဘိုးဟိုချူး၏ဆိုလိုချက်ကို ရိပ်မိ၏။

ဝန်ဝေးစန်းက လီရှုရှုအား ပြောသည်။

"မေလျှံ... တို့ အဘိုးတို့အရပ်ကို သွားကြရအောင်၊ သိပ်ပျော်စရာကောင်းတယ် သိလား"

လီရှုရှုက....

"ဘယ်တော့သွားမှာလဲဟင်"



သူမက ခပ်သွက်သွက် မေးမြန်းလေ၏။

ဝန်ဝေးစန်း ဝမ်းသာသွားသည်။

လီရှုရှု၏စိတ်ထဲတွင် ဥဒေါင်းမောင်နှံတောင်ထိပ်တွင် တစ်သက်လုံးနေမည်ဟု စိတ်ထဲတွင် စွဲမထားကြောင်း ထင်ရှားနေလေပြီ။

"ဟာ... ပျော်စရာတွေကတော့ အများကြီး၊ သွားမယ်ဆိုရင် ခုပဲသွားကြရမယ်၊ လှေလဲ အဆင်သင့်ရှိနေပြီ"

လီရှုရှုက....

"မနက်ဖြန်မှသွားရင် ကောင်းမယ်၊ ကျွန်းက ယူသွားစရာလက်ဆောင်တွေလဲ ရှိသေးတယ်လေ"

လီရှုရှု၏သဘောတူညီချက် ရလေပြီ။

ဝန်ဝေးစန်းသည် အဘိုးဟိုချူးအား လှမ်းကြည့်လိုက်လေသည်။

လီရှုရှုက သဘောမတူလျှင် သူတို့သည် အတင်းအကျပ်ပြန်ကြရမည်ဖြစ်သည်။

အကြောပိတ်ပြီး ခေါ်ဆောင်သွားရမည်ဖြစ်သည်။

ယခုတော့ အတင်းအဓမ္မ မခေါ်ဆောင်ရသဖြင့် အဆင်ပြေသွားသည်။

အဘိုးဟိုချူးက ဝန်ဝေးစန်းအား ခေါင်းညိတ်ပြလိုက်လေ၏။

"ကောင်းပြီ၊ ဒီလိုဆိုရင် ငါတို့လှေကို အဆင်သင့်ပြင်ဆင်ထားရုံပေါ့၊ မနက်ကျရင် လှေပြန်ထွက်ရုံပဲ"

"အဘိုးဟိုချူးတို့ ခရီးပန်းလာတယ်၊ အနားယူကြပါဦး"

ထိုက်ပိုးရှန်သည် တောတောင်များအား လိုက်ကြည့်ရှုဦးမည်ဆိုတာ တောင်ပေါ်မှ ဆင်းသွားသည်။

အဘိုးဟိုချူးသည် လီရှူရှု ခူးဆွတ်လာသည့် သစ်သီးဝလံမျိုးစုံအား တစ်မျိုးပြီးတစ်မျိုးစားသောက်ပြီး ထိုနေရာမှာပင် တခါခါ အိပ်ပျော်သွားလေ၏။

စိတ်အေးလက်အေး အိပ်ရသည်ဖြစ်သောကြောင့် အဘိုးဟိုချူးသည် အိပ်မောကျ အိပ်ပျော်သွားခဲ့သည်။

ညနေ ဆည်းဆာအချိန်ကျမှ နိုးလာသည်။

+++

ထိုအချိန်တွင် ဝန်ဝေးစန်းနှင့် လီရှူရှုတို့သည်လည်း ရေချိုးပြီး ဂူဆီသို့ ပြန်လည်ရောက်ရှိလာကြသည်။

"ထိုက်ပိုးရှန် ပြန်မရောက်သေးဘူးလားအဘိုး"



"အေးကွာ... ပြန်မရောက်သေးဘူး၊ သူ တောင်အောက်ဆင်း သွားတာပဲ၊ သစ်ပင်တောတောင်တွေကို လျှောက်ကြည့်မယ်ပြောတာပဲ"

"ဒါဆိုရင်တော့ ပြန်လာမှာပေါ့"

သို့ရာတွင် ထိုက်ပိုးရှန်ကား မိုးသာချုပ်သွားသည်။ တောင်ပေါ်သို့ ပြန်တက်မလာတော့ချေ။

အဘယ်သို့ဖြစ်သနည်း။

ဤတောဤတောင်မှာ သိုင်းသမားတစ်ဦးအဖို့ သွားလာရန် မပြောပလောက်ချေ။

တစ်နာရီအတောအတွင်း တောင်ပေါ်သို့ ရောက်နိုင်ပေသည်။

အဘိုးဟိုချူးက....

"အင်း... မနက်ကျမှ ကမ်းခြေက စောင့်နေမယ်ထင်တယ်"

ဝန်ဝေးစန်းက သူ့စိတ်ထင်ကိုပြောလိုက်သည်။

"အေးလေ... သူလဲ ခရီးပန်းလာရောပေါ့၊ ဘယ်ပြန်တက်နိုင်ပါတော့မလဲ"

သူတို့သည် သိုင်းသမားတစ်ယောက်အတွက် စိတ်ပူပန်မှုမရှိကြချေ။

ဝန်ဝေးစန်းက....

"အဘိုးမအိပ်ခင် တစ်ခုခု စားပါဦးလား"

"မစားတော့ပါဘူးကွာ၊ စားလို့လဲ ဝနေပါပြီ"

သူတို့သည် တောင်ပေါ်ဂူများထဲ၌ အိပ်စက်ကြလေ၏။

မနက်လင်းသောအခါ အားလုံးပင် ကမ်းခြေသို့ ရောက်ရှိလာကြ၏။

သွေးပလွေရှင် ထိုက်ပိုးရှန်အား အစအနပင် ရှာမတွေ့တော့ချေ။

သွေးပလွေရှင်သည် အတောင်ပေါက်၍ မိုးပျံသွားပြီလော။ နဂါးဖြစ်၍ မြေလျှိုးသွားပြီလော။

✣✣✣



(၁၃)

ကုထုံး

အဘိုးဟိုချူး၊ အရှေ့ကျွန်းမင်းသားလေး ဝန်ဝေးစန်းနှင့် စိတ်မမှန်သော လီရှုရှုတို့သည် သိုင်းမျှော်ကြီးကိုယူကာ ရှောင်လင်ဂိုဏ်းချုပ်ကြီးထံသို့ သွားကြလေ၏။

ရှောင်လင်ဂိုဏ်းချုပ်ကြီးက သူတို့အား ကောင်းမွန်စွာ ဧည့်ခံသည်။

အဘိုးဟိုချူးက ရှောင်လင်စွယ်စုံသိုင်းကျမ်းကြီး မည်သို့

မည်ပုံရှိခဲ့သည်တို့ကို အကျဉ်းချုပ်၍ ပြောပြလိုက်၏။

ထို့နောက် ထိုသိုင်းကျမ်းကြီးကို ပြန်လည်အပ်နှံလိုက်လေသည်။

ရောင်လင်ဂိုဏ်းချုပ်ကြီးက....

"ဒီလို ရောင်လင်စွယ်စုံသိုင်းကျမ်းကြီးကို အပ်နှံခဲ့တဲ့အတွက် ရောင်လင်ကျောင်းက ကျေးဇူးတင်ပါတယ်၊ ဒါကြောင့် ကျုပ်ကလဲ ပြန်ပြီး ဆုချီးမြှင့်ပါရစေ၊ ဒကာကြီးဟိုချူး လိုချင်တဲ့ဆုကို တောင်းပါ"

အဘိုးဟိုချူးက မတ်တတ်ရပ်လိုက်၏။

"တပည့်တော်တို့တောင်းတဲ့ဆုကို အရှင်ဘုရားတို့ပေးမှာလား ဘုရား"

ရောင်လင်ဂိုဏ်းချုပ်ကြီးက....

"ဖြစ်နိုင်တာမှန်သမျှ ချီးမြှင့်ပေးရမှာပါ၊ မဖြစ်နိုင်တာတော့ မတောင်းနဲ့ပေါ့"

"ဖြစ်နိုင်တာပဲ တောင်းမှာပါ"

"ရပါတယ်... တောင်းပါ"

"တပည့်တော်တို့ရဲ့ ဟောဒီကလေးမကလေးဟာ သိုင်းပညာပါရမီရှိပါတယ် ဘုရား၊ သိုင်းပညာသင်ရာမှာလဲ အင်မတန် လွယ်လွယ်ကူကူနဲ့ တတ်မြောက်ပါတယ် ဘုရား၊ ဂိုဏ်းချုပ်ကြီးတို့ရဲ့ ရောင်လင်စွယ်စုံသိုင်းကျမ်းကြီး လက်ထဲရထားတဲ့အခိုက်မှာ ဒီမိန်းကလေးဟာ စွယ်စုံသိုင်းကျမ်းထဲက ပညာတွေကိုလေ့ကျင့်ပါတယ်၊ သိုင်းကျမ်းသင်ရိုးတွေလဲကုန်ရော ဒီကလေးမဟာ ရူးသွပ်သလိုဖြစ်သွားပါတယ်၊ သူ့အတိတ်ကိုမေ့ပြီး တခြားဘဝတစ်ခုထဲက ဇာတ်ကောင်တစ်ခုလို့ သူ့ကိုယ်သူ ထင်နေပါတယ်၊ အဲဒီကိစ္စကို အရှင်ဘုရား ဖြေရှင်းပေးစေချင်ပါတယ်"

ထိုအခါ ရောင်လင်ဂိုဏ်းချုပ်ကိုယ်တော်ကြီးသည် တဟားဟား ရယ်လေတော့၏။

အားရအောင်ရယ်မောပြီးမှ....

"အင်း... သနားစရာကောင်းတဲ့ ဒကာမလေးပါပဲ၊ တကယ်တော့ ကျုပ်တို့ရောင်လင်သိုင်းကျမ်းတွေက အခြေခံလျှို့ဝှက်ချက်တွေကို တစ်ကွက်စီချန်ပစ်ခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခုလို အမှုအခင်းကိစ္စအဝဝတွေ တစ်နေ့ပေါ်ပေါက်လာရမယ်လို့ ကြိုတင်တွက်ထားမိခဲ့လို့ပဲ၊ အဲဒီလို ကြိုတင်တွက်ထားလို့ ဒကာကြီးတို့ ဒုက္ခရောက်ကြရတာပေါ့၊ ပေးကားပေး၏ မရဆိုသလို ဖြစ်သွားတာပေါ့"

ဝန်ဝေးစန်းက စိုးရိမ်သွားလေ၏။

"တပည့်တော်တို့တောင်းတဲ့ဆုနဲ့ ပတ်သက်ပြီး မဖြည့်ဆည်းပေးဘူးဆိုတဲ့ သဘောများလား ဘုရား"

ရောင်လင်ဂိုဏ်းချုပ်ကြီးက ပြုံးသည်။

"အဲသလို မဟုတ်ပါဘူး ဒကာလေး၊ ကျုပ်တို့က လူကိုလဲ

အကဲခတ်ပါသေးတယ်၊ အမိကကတော့ အထက်လမ်းသိုင်းသမား ဖြစ်မလား၊ အောက်လမ်းသိုင်းသမားဖြစ်မလားဆိုတဲ့အချက်ပဲပေါ့၊ ကျုပ်တို့ရှောင်လင်ကျောင်းက ပညာတွေ အောက်လမ်းသိုင်းသမား လက်ထဲ ရောက်သွားလို့ဖြစ်ပါ့မလား"

"အင်း... ဒကာကြီးတို့က သိုင်းကျမ်းကိုပြန်အပ်ထားတဲ့အတွက် ဒကာကြီးတို့ကိုတော့ တစ်မျိုးစဉ်းစားရတာပေါ့၊ ဒီမိန်းကလေးကို သွေးကြောပြန်လည်ပြုပြင်ပေးလိုက်ရင် မူလစိတ်ရင်းကို ပြန်လည်ရရှိမှာပါ၊ သွေးကြောလေကြောတွေ ဖောက်ပြန်ပြောင်းလဲသွားလို့ ဒီလိုဖြစ်သွားတာပါ"

"ဟာ... ဝမ်းသာလိုက်တာ ဂိုဏ်းချုပ်ကြီးရယ်"

အဘိုးဟိုချူးက ဝမ်းသာအားရ ပြောလေသည်။

ဝန်ဝေးစန်းကလည်း....

"ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီး"

အဘိုးဟိုချူးနှင့်ဝန်ဝေးစန်းတို့သည် ဂိုဏ်းချုပ်ကြီးအား အထပ်ထပ် ကျေးဇူးတင်စကား ပြောကြလေသည်။

ထို့နောက် ဂိုဏ်းချုပ်ကြီးသည် လီရှုရှုအား ကြည့်ရှုစစ်ဆေးလေသည်။

"ဟုတ်ပါတယ်၊ သွေးကြောလေကြောတွေ မှားယွင်းစီးဆင်းကုန်တာပါပဲ၊ ဒါကလဲ သိုင်းကျမ်းမှာ လျှို့ဝှက်ထားတဲ့အချက် တွေရှိလို့ပါ၊ ကျုပ်အကြော ကိုင်ပေးလိုက်ပါမယ်"



ဂိုဏ်းချုပ်ကြီးသည် လီရှုရှုအ၏ဇက်ကို တစ်ချက်နှိပ်ပြီး ကျောကို တစ်ချက်နှိပ်သည်။

ထိုမျှသာ အကြောကိုင်၏။ ထွေထွေထူးထူး ဘာမျှမလုပ်ချေ။

လီရှုရှုမှာ မေ့သွားလေသည်။

ဝန်ဝေးစန်းမှာ စိုးရိမ်သွားသည်။ ဂိုဏ်းချုပ်ကြီးက ပြုံးပြုံး ပြောလေသည်။

"ဘာမှမစိုးရိမ်ပါနဲ့ မကြာခင် ပြန်သတိရလာမှာပါ"

ဂိုဏ်းချုပ်ကြီးပြောသည့်အတိုင်း လီရှုရှုသည် ပြန်လည်သတိရလာသည်။

+++

"ဟင်... အဘိုးဟိုချူး၊ ဝန်ဝေးစန်း"

သူမသည် သတိရလျှင်ရချင်း ဟိုချူးနှင့် ဝန်ဝေးစန်းတို့ကို မှတ်မိလေသည်။

အဘိုးဟိုချူးက....

"သမီး... သမီးဟာ စွယ်စုံသိုင်းကျမ်းကြီး လေ့ကျင့်ပြီးကတည်းက အတိတ်မေ့သွားလိုက်တာ အခုအထိပါပဲ၊ အခု ဂိုဏ်းချုပ်ဆရာတော်က သမီးရဲ့သွေးကြောလေကြောတွေ ပြုပြင်ပေးလိုက်လို့ သမီး သတိပြန်ရလာတာ၊ ဆရာတော်ကို ရှိခိုးလိုက်ပါသမီး"

လီရှုရှုသည် ဆရာတော်ကို ရှိခိုးဦးခိုက်လေသည်။

ရောင်လင်ဂိုဏ်းချုပ်ကြီးက....

"ကဲ... ဒကာမလေး၊ အိမ်ပြန်ရောက်တဲ့အခါ သမီးလေ့ကျင့်ထားတဲ့ ရောင်လင်သိုင်းကွက်တွေကို ပြန်လေ့ကျင့်ပေတော့၊ သွေးကြောလေကြောတွေအားလုံး နေသားတကျဖြစ်သွားပါပြီ၊ ဒကာမလေးဟာ အစဉ်အမြဲ အထက်လမ်းသိုင်းလောကတစ်ဦး ဖြစ်ပါစေကွယ်"

ဂိုဏ်းချုပ်ကြီးက ဆုပေးလိုက်သည်။

အားလုံးဦးချကန်တော့ပြီး ရောင်လင်ကျောင်းမှ ပြန်ခဲ့လေတော့သည်။

လီရှုရှုသည် မူလလီရှုရှုဘဝသို့ ရောက်သွားခဲ့ပေပြီ။

လီရှုရှုသည် ရှိရှာနှင့်မေလျှံတို့၏ဘဝကို မေ့သွားပေပြီ။ ထို့ကြောင့် ဝန်ဝေးစန်းအား ရှိရှာမထင်တော့သလို သူ့ကိုယ်သူလည်း မေလျှံဟု မထင်တော့ပေ။



ထို့ကြောင့် ဝန်ဝေးစန်းအား ရှိရှာအမှတ်ဖြင့် မဆက်ဆံတော့ပေ။

ဝန်ဝေးစန်းမှာ သူ့အား ရှိရှာအမှတ်ဖြင့် မဆက်ဆံတော့သဖြင့် ထိုဘဝကို လွမ်းမိသလိုလိုရှိလေသည်။

သို့သော် လီရှုရှုကို တစ်ခုတော့ မျှော်လင့်စရာရှိသေးသည်။ လီရှုရှုသည် သိုင်းလောက လူစွမ်းကောင်းတစ်ဦးအဖြစ် အစွမ်းပြနိုင်မည့် အချိန်ကိုတည်း။

အဘိုးဟိုချူးက လီရှုရှု သတိမေ့နေစဉ်အတွင်း ဝန်ဝေးစန်းက ညီမလေးတစ်ယောက်ပမာ စောင့်ရှောက်ခဲ့ရကြောင်း ပြန်လှန်ပြောပြလေသည်။

အဘိုးသည် ရှိရှာနှင့်မေလျှံအကြောင်း စကားစ၍ပင် မပြောချေ။

လီရှုရှုက....

"ကျွန်မကို နှမလေးတစ်ဦးလို စောင့်ရှောက်တဲ့အတွက် ဝန်ဝေးစန်းကို အများကြီးကျေးဇူးတင်ပါတယ်ရှင်"

ဝန်ဝေးစန်းက....

"တို့တွေ လီရှုရှုကို စောင့်ရှောက်ရတာကို ဂုဏ်ယူပါတယ်၊ နောင်လဲ စောင့်ရှောက်မှာပါ၊ လီရှုရှုဟာ ထိပ်သီးသိုင်းလောကသားတစ်ယောက် ဖြစ်လာတာကို တို့မြင်ချင်ပါတယ် လီရှုရှု"

"စိတ်ချပါ ကျွန်မကြိုးစားပါ့မယ်"

လီရူရူ၏မျက်ဝန်းတွင် မျှော်လင့်ချက် အရိပ်အယောင်များ ပြည့်နှက်နေခဲ့လေ၏။

+++



(၁၄)

လူမိုက်နိဂုံး

မြကန်ဒေဝီပုလွန်သည် မီးလက်ဝါး၏ဖမ်းဆီးခြင်းကို ခံနေရသည်။

စွယ်စုံသိုင်းကျမ်းနှင့်လဲလှယ်ရန် သူမအား မီးလက်ဝါးက ဖမ်းဆီးထားခြင်းဖြစ်သည်။

သူတို့သည် သတင်းစုံ သိပြီးသူများဖြစ်သည်

အဘိုးဟိုချူးတို့ အနောက်ကျွန်းမှ ပြန်ရောက်လာသည့်သ

တင်းကိုလည်း သိပြီးဖြစ်သည်။

ရောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီးထံသို့ သွားရောက်ပြီး စွယ်စုံသိုင်းကျမ်းကြီးကို ပြန်လည် အပ်နှံလိုက်ကြောင်းကိုလည်း သတင်းရရှိခဲ့ပြီးဖြစ်သည်။

ထိုသတင်းကို မီးလက်ဝါး၊ မြောက်ကျွန်းဘီလူးနှင့်ရွှေပိတုန်းအဘွားတို့အားလုံး သိပြီးဖြစ်သည်။

မြကန်ဒေဝီကိုလည်း ယခု တိုင်ဖမ်းထားခြင်းမှာ အဓိပ္ပာယ်မရှိဟု မြောက်ကျွန်းဘီလူးက ထင်သည်။

သူသည် မီးလက်ဝါးကို မကျေမနပ်ဖြစ်နေသည်။

အဘိုးဟိုချူးတို့ ရောင်လင်ကျောင်းကိုသွားရောက်ပြီဆိုကတည်းက မြောက်ကျွန်းဘီလူးက ပုလွန်အား သတ်ပစ်လိုက်သည်။

"ဒီမှာ မီးလက်ဝါး၊ ခင်ဗျားက ကျုပ်တို့ကိုရောင်လင်စွယ်စုံသိုင်းကျမ်းနဲ့ မက်လုံးပေးပြီး ခင်ဗျားရဲ့ရန်သူတွေကို ဖြိုခွင်းနိုင်းခဲ့တယ်၊ ကျုပ်တို့ကလဲ ဖြိုခွင်းပေးခဲ့တယ်၊ ခု ဘယ်မှာလဲ သိုင်းကျမ်း၊ ရလာတော့လဲ အတုကြီး၊ အစစ်ရလာတဲ့လူဆီကလဲ ခင်ဗျား မလုနိုင်ဘူး၊ စွယ်စုံသိုင်းကျမ်းကို ရရင်ရ မရရင် ခင်ဗျားဖမ်းလာတဲ့ ပုလွန်ကို ကျုပ်တို့သတ်မယ်"

မီးလက်ဝါးက မြောက်ကျွန်းဘီလူးကို စိုးစိုက်ကြည့်သည်။

"ဒီမှာ မြောက်ကျွန်းဘီလူး... ဒါဟာ ငါ့ရဲ့ကိုယ်ရေးကိုယ်



တာကွ၊ မင်း တို့ကိစ္စမှာ အဲဒီလောက်မပါသင့်ဘူး၊ ပုလွန်ကို ငါသတ်ချင်သတ်မယ် လွှတ်ချင်လွှတ်မယ်... ဒါပဲ"

မီးလက်ဝါးက မာရေကျောရေပြောသည်။ ထို့နောက် သူသည် ထွက်သွားလေသည်။

ထိုအခါ မြကန်ဒေဝီနှင့် အစောင့်ဖြစ်သော မြောက်ကျွန်းဘီလူးတို့သာ ကျန်ရစ်ခဲ့တော့သည်။

ပန်တွေးကုန်သည် အကျိုးမရှိတော့သည့်အဆုံး၌ ပုလွန်ကို သတ်လိုသည်။

မြကန်ဒေဝီကို အရှင်ထားလိုသည် သတ်လိုသည်ဆိုရာ၌အကျိုးရှိမရှိဆိုသည့် အလုပ်သဘောကိုသာ ကြည့်သည်။

⁂

လေသည် တဟူးဟူး တိုက်ခတ်နေသည်။

သူသည် ပုလွန်ရှေ့သို့ သွားရပ်သည်။

"ပုလွန်... ခင်ဗျားကြောင့် ကျုပ်တို့အချင်းချင်း သွေးကွဲကုန်ပြီဗျ"

ပန်တွေးကုန်သည် ပုလွန်အား စိန်းစိန်းကြည့်ရှုပြီး....

"ခင်ဗျားရဲ့ရည်းစားဟောင်းက ခင်ဗျားကို သိုင်းကျမ်းနဲ့လဲ လှယ်မလို့တဲ့၊ ခင်ဗျား သဘောပေါက်ရဲ့လား"

"ပေါက်တယ်၊ ရှင် ဘာမှပြောစရာမလိုဘူး၊ ရှင်တို့ဟာ ဝံ ပုလွေနဲ့မြေခွေးနဲ့ စပ်ကျထားတဲ့ဟာတွေပဲ"

ပန်တွေးကုန်က....

"သူက သူ့ကိုယ်သူ သိုင်းလောကရဲ့ဘုရင်တစ်ပါးလို့ ထင် နေတယ်၊ မဟာမြိုင်တောထဲမှာ တိုက်ခိုက်ကြတုန်းက ရေထဲကို တ ဗွမ်းဗွမ်း သူကျနေတာပဲ၊ ရက်စရာကောင်းလိုက်တာ၊ သူက မရှက် ဘူး"

ပုလွန်က....

"အဲဒါ ဘာဖြစ်လို့ ကျွန်မကို လာပြောနေရတာလဲ၊ ရှင့်ပ ထွေးကို သွားပြောပါလား"

ပုလွန်သည် အသက်လေးဆယ်ကျော်နေပြီဖြစ်သော်လည်း ငယ်မူငယ်သွေးများ ကျန်ရှိနေသေးသည်။

ပန်တွေးကုန်က....

"ခင်ဗျား ကျူပ်အလိုကို လိုက်မယ်ဆိုရင် ခင်ဗျားကိုလွှတ် ပေးမယ်"

သူက ပြုံးယောင်ပြုံးတုံ့ဖြင့် ပုလွန်အား ပြော၏။



"ထို"

ပုလွန်မှာ ပန်တွေးကုန်ကို ကြည့်မရတော့သဖြင့် တံတွေး နှင့် ထွေးလိုက်သည်။

ပန်တွေးကုန်၏မျက်နှာတွင် တံတွေးများပေကုန်သည်။ မြောက်ကျွန်းဘီလူး လွန်စွာ စိတ်ဆိုးသွား၏။

"ဒီလောက်တောင်ဖြစ်လှတဲ့ ဟာမ၊ ကဲကွာ... ကဲကွာ"

"ဖြန်း"

"ဖြန်း"

သူသည် နှစ်ချက်ဆင့်ရိုက်ပစ်၏။

⁘⁘⁘

မြကန်ဒေဝီ၏ပါးစပ်မှ သွေးတို့ ယိုစီးထွက်လာသည်။

မြကန်ဒေဝီကို ကြိုးနှင့်တုပ်ထားပြီး ခုံတစ်ခုံနှင့် ချည်နှောင် ထားသဖြင့် ရုန်းလျှား၍ရသည်။

မြကန်ဒေဝီသည် လွတ်နေသော ခြေတစ်ချောင်းဖြင့် မြောက်ကျွန်းဘီလူး၏ပေါင်ကြားသို့ ကန်ထည့်လိုက်၏။

"အင့်"

မြောက်ကျွန်းဘီလူးသည် ခါးကုန်း၍ ညည်းနေမိသည်။ ကျားနာကြီးတစ်ကောင်ကဲ့သို့ သူမအား ပေ၍ ကြည့်လိုက်သည်။

"ကဲကွာ... ဒီလောက်ခေါင်းမာတဲ့ မိန်းမ"

"ဝုန်း"

မြကန်ဒေဝီမှာ ကုလားသိုင်ရော လူပါ လွင့်ကျသွားသည်။ မြကန်ဒေဝီ၏အဖြစ်မှာ ဆိုးရွားလှသည်။

မြောက်ကျွန်းဘီလူးမှာ တဟားဟား ရယ်မောရင်း သဘောကျနေလေ၏။

မြကန်ဒေဝီမှာ သူ့ရယ်မောသံများကို မကြားနိုင်တော့ပါ။ လည်မျိုအား ရိုက်မိသဖြင့် ပုလွန်မှာ သေဆုံးသွားခဲ့ပါပြီ။

မြောက်ကျွန်းဘီလူးကတော့ ပုလွန်သေဆုံးပြီဟု မထင်ချေ။

ဒဏ်ရာရပြီး မေ့နေသည်ဟုသာထင်သည်။ သူသည် ပုလွန်ကို ထိုအတိုင်း ပစ်ထားခဲ့လေ၏။

သူသည် အရက်တစ်အိုးယူပြီး စည်းစိမ်ယစ်နေလေ၏။

ညနေစောင်း၍ မီးလက်ဝါးရောက်ရှိလာသည့်အချိန်တွင် သူသည် အရက်မူးပြီး အိပ်ပျော်လျက် ရှိနေလေပြီ။

မီးလက်ဝါး ဒေါသူပုန် ထတော့၏။



အဘယ့်ကြောင့်ဆိုသော် ပုလွန်မှာ အသက်ပျောက်နေပြီမ ဟုတ်ပါလား။

သူသည် အရက်မူးပြီး အိပ်ပျော်နေသော မြောက်ကျွန်းဘီလူးအား ဒေါသဖြင့် ကန်လိုက်၏။

"ဝုန်း"

မြောက်ကျွန်းဘီလူး သုံးလေးပတ် လိမ့်သွား၏။

အိပ်ရာမှနိုးနိုးချင်း မြောက်ကျွန်းဘီလူး သဘောပေါက်သွား၏။

မီးလက်ဝါးမျက်နှာ၌ သူ့အား အသေသတ်မည့်အသွင်မျိုး ပေါက်နေခဲ့သောကြောင့်တည်း။

သူသည် မီးလက်ဝါးကို ယှဉ်ပြိုင်တိုက်သင့် မတိုက်သင့် စဉ်းစားလိုက်သည်။

မတိုက်သင့်ဟု အဖြေထွက်လာသည်။ မီးလက်ဝါး၏ အတွင်းအားကို သူယှဉ်၍မရနိုင်။ အနီးကပ်ပူးသတ်မှသာ ရနိုင်မည်။

မီးလက်ဝါးဒေါသဖြင့် အော်လိုက်သည်။

"မင်းက ငါ့ကို သက်သက်မဲ့ရွဲ့ပြီး သတ်ပစ်လိုက်တာပေါ့လေ"

"မဟုတ်ဘူး မီးလက်ဝါး၊ သူက ကျုပ်ကိုတံတွေးနဲ့ ထွေးတယ်၊ ဒါနဲ့စိတ်ဆိုးပြီး ကျုပ်ကရိုက်လိုက်တာ၊ ကျုပ်ကမေ့နေတယ်လို့

ပဲ ထင်မိတယ်၊ ကျုပ် သူ့ကိုသတ်တာ မဟုတ်ပါဘူး"

"သတ်တာ မဟုတ်ဘဲနဲ့ သူ သေမလားကွ"

မီးလက်ဝါးသည် ရှေ့သို့တိုးလာလေ၏။

"မင်းကို ငါသတ်မယ်"

မြောက်ကျွန်းဘီလူးသည် နောက်ဆုတ်သွားလေ၏။

"ကျုပ်... ကျုပ် ရှင်းပြပါရစေဦး"

"မရှင်းနဲ့ မင်းဟာ ငါ့ကိုမကျေမနပ်ဖြစ်ပြီး သူ့ကိုသတ်လိုက်တာ"

မီးလက်ဝါးသည် လွှားခနဲ ခုန်ဝင်လိုက်၏။

သူသည် မြောက်ကျွန်းဘီလူးကို ရေမြွေတစ်ကောင်ဟု ထင်နေခဲ့သည်။

သူ့အား ဘာမျှမလုပ်နိုင်ဟု ထင်နေခဲ့သည်။

သူခုန်ဝင်လိုက်သည့် တစ်ခဏ၌ လက်နက်ပုန်းတစ်ခုသည် ဝှစ်ခနဲဝင်လာပြီး သူ့လည်မျိုသို့လာစိုက်လေ၏။

"အ... အ"

သူ့လက်ဝါးရိုက်ချက်သည် အားမရှိတော့ချေ။ လက်သည် လုံးဝအရှိန်မရှိတော့ဘဲ အောက်သို့ ကျသွားခဲ့၏။

မြောက်ကျွန်းဘီလူးသည် သူ့အခြေအနေကောင်းသွားပြီကို ချက်ချင်း သိလိုက်၏။



သူသည် ပေါက်ဓားကိုယူပြီး တစ်ရှိန်ထိုး ပစ်လွှတ်လိုက်၏။

"ဝှစ်"

"ဒုတ်"

မြောက်ကျွန်းဘီလူး၏ပေါက်ဓားများသည် မည်သည့်အခါ ပစ်ပစ်ထုတ်ချင်းခတ် ပေါက်သွားသည်သာ ဖြစ်ပါ၏။

ယခုလည်း မီးလက်ဝါး၏ရင်ညွန့်မှဝင်ပြီး ကျောမှဖောက်ထွက်သွားသည်။

"ဝုန်း"

မီးလက်ဝါးသည် ပစ်ကျသွားပြီး ရင်ဝနှင့်လည်ပင်းမှ သွေးပေါက်ပေါက်ကျဆင်းနေတော့သည်။

ထိုအချိန်မှာပင် ရွှေပိတုန်းအဘွားသည် အိမ်ထဲသို့လှမ်းဝင်လာခဲ့လေ၏။

"ငါ ရိပ်မိတယ်... ဒီကောင် မင်းကိုလုပ်တော့မယ်ဆိုတာ၊ ဒါကြောင့် ငါ သူ့ကိုစိတ်မချခဲ့ဘူး၊ သူ့နောက်က အမြဲလိုက်နေတာ၊ ငါ နည်းနည်းလေးနောက်ကျသွားတယ်၊ ဒါပေမယ့် တော်ပါသေးရဲ့ မင်းက လက်ဦးသွားပေလို့"

မြောက်ကျွန်းဘီလူးသည် မီးလက်ဝါး၏ကိုယ်လုံးကြီးအား ပစ်ကန်လိုက်၏။

(၁၅)

**ချစ်လျက်နှင့်ဝေး**

"သူ့ကောင်မကိုသတ်လို့ သူက ကျုပ်ကိုသတ်မလို့တဲ့ အစ်မရဲ့၊ ဟား... ဟား... ဟား... သူက ကျုပ်ကိုမသတ်နိုင်ဘဲ ကျုပ်က သူ့ကိုသတ်နိုင်လိုက်ပြီ၊ ခုတော့ နှစ်ယောက်စလုံး ကိစ္စချောကုန်ပြီ"

ရွှေပိတုန်းအသွားက....

"ကောင်းတယ်၊ သူတို့နှစ်ယောက်ကို တစ်ယောက်မှ ငါ ကြည့်လို့မရဘူး၊ ဒီကောင် မီးလက်ဝါးကိုလဲ ငါက ပေါင်းချင်လို့ ပေါင်းနေတာ မဟုတ်ဘူး၊ ဟိုဘက်က သိုင်းထိပ်သီးတွေကို ကြောက်လို့ကွ၊



အခုတော့ သိုင်းထိပ်သီးတွေ ကုန်သလောက်ရှိပါပြီ၊ ယန်စီလောက်ပဲ ကျန်တော့တယ်၊ ယန်စီကို မင်းနဲ့ငါ ဝိုင်းရှင်းပြီးရင် သိုင်းလောကကို တို့မောင်နှမ အပိုင်းစီလိုက်ကြတာပေါ့"

"ဟား... ဟား... ဟား"

မြောက်ကျွန်းဘီလူးသည် အားရပါးရ ရယ်မောလိုက်ရာ ထိုနေရာတစ်ဝိုက်၌ ပဲ့တင်ထပ်သွားလေတော့၏။

ထိုစဉ် အဝေးမှ လူရိပ်တစ်ရိပ် ပြေးလွှားရောက်ရှိလာလေ၏။ ထိုသူ မည်သူနည်း။

လူရိပ်သည် မကြာမီပင် မြောက်ကျွန်းဘီလူးနှင့်ရွှေပိတုန်းအသွားတို့ ရှေ့သို့ရောက်ရှိလာပေ၏။

ထိုသူကား လူငယ်တစ်ယောက်တည်း။ ကျောက်စိမ်းပလွေ ကိုင်ထားသည်။

ထိုလူငယ်က....

"ကျုပ်ဆရာမတိမ်ပလွေကိုသတ်တာ ခင်ဗျားတို့မောင်နှမ ဟုတ်လား"

လူငယ်လေးတစ်ဦးက မာမာထန်ထန်ဆက်ဆံလာသည်ကို ကြည့်ပြီး သူတို့ရယ်ချင်မိကြသည်။

"ဟုတ်တယ်လို့ပြောရင် မင်းက တို့ကိုဘာလုပ်မှာလဲ"

ရွှေပိတုန်းအသွားက မထီမဲ့မြင်ပြောလိုက်လေ၏။

မြောက်ကျွန်းဘီလူးသည် သေွးပလွေရှင်အား စိတ်အချဉ် ပေါက်၍ ကြည့်နေမိလေ၏။

“ဘာလုပ်ရမှာလဲ၊ ခင်ဗျားတို့မောင်နှမကို ကျုပ်လက်စား ချေရမှာပေါ့”

“ဟား... ဟား... ဟား”

မြောက်ကျွန်းဘီလူးသည် တဟားဟား ရယ်လိုက်၏။

“ဘာနဲ့ချေမှာလဲကွယ့်”

သွေးပလွေရှင်၏မျက်လုံးများသည် အရောင်တလက်လက် ထွက်လာ၏။

တိမ်ပလွေအဘွားသည် မသေဆုံးခင် ကျောက်ပလွေကို မှတ်ရန်ကြိုးစားခဲ့သည်။

ထိုအချိန်က သူ အေးအေးဆေးဆေးပင် ကြည့်နေမိသည်။ မီးလက်ဝါးက ဝင်ရောက်တိုက်ခိုက်၍သာ သူ့အသက်မသေခဲ့ခြင်း ဖြစ်သည်။

ယခု တစ်ယောက်လာပြန်ချေပြီ။

မြောက်ကျွန်းဘီလူးသည် ဒုတိယအကြိမ် အခွင့်အရေးမ ပေးတော့ပေ။

သွေးပလွေရှင်နှုတ်ခမ်းကို ကျောက်စိမ်းပလွေနှင့်တေ့ လိုက်သည်နှင့် မြောက်ကျွန်းဘီလူးသည် လွှားခနဲ ခုန်ကန်လိုက်



သည်။

“ဝုန်း”

“ဒေါင်”

ကျောက်စိမ်းပလွေသည် လွင့်ထွက်သွားလေသည်။

ကျောက်စိမ်းပလွေကို ကောက်ယူရန် ထိုက်ပိုးရှန်သည် ခုန် ၍ လိုက်သွား၏။

“ဟား... ဟား... ဟား”

“ဝုန်း”

ရွှေပိတုန်းအဘွားသည် ကျောက်စိမ်းပလွေအနီးသို့ရောက် နှင့်နေကာ ထိုက်ပိုးရှန်အား ကန်ထုတ်ပစ်လိုက်၏။

ထိုက်ပိုးရှန်မှာ လွင့်ထွက်ပြီး မြောက်ကျွန်းဘီလူးအနီးသို့ ရောက်သွားသည်။

မြောက်ကျွန်းဘီလူးက ဆီးကန်လိုက်သည်။

“ခုန်း”

ထိုက်ပိုးရှန် လွင့်ထွက်သွားပြန်၏။

ရွှေပိတုန်းအဘွားသည် လိမ့်ထွက်သွားသော ထိုက်ပိုးရှန်၏ ရင်ခွင်သို့ အဆိပ်ကြယ်လက်နက်ပုန်းဖြင့် အပြီးသတ်ပစ်ခတ်လိုက် သည်။

“ဒုတ်”

အဆိပ်ကြွယ်လက်နက်ပုန်းသည် ထိုက်ပိုးရှန်၏ရင်ညွန့်တွင် လာစိုက်၏။

"အား"

"ဟား... ဟား... ဟား"

ရွှေပိတုန်းဘွားဘွားသည် တဟားဟားနှင့် ရယ်တော့သည်။

+++

ထိုက်ပိုးရှန်ကား သူ့တွင် အဆိပ်လက်နက်ပုန်းလာထိပြီကို သိလိုက်၏။

သူသည် သတိမလစ်သေးချေ။

အဆိပ်လက်နက်ပုန်းကိုဆွဲနုတ်ကာ ရွှေပိတုန်းအဘွားထံသို့ ပြန်လည်ပစ်လွှတ်လိုက်၏။

"ဟား... ဟား... ဟား... နှင့်အင်အားကလေးနဲ့ ပစ်တော့ ငါက အသားကလေးဖမ်းလိုက်တာပေါ့"

အဆိပ်ကြွယ်ကား သွေးစွန်းနေလေ၏။



ရွှေပိတုန်းအဘွားသည် အဆိပ်ကြွယ်ကိုဖမ်းယူလိုက်ပြီးနောက် သွေးများကို သူမ၏နီကြောင်ကြောင် ဆံပင်နှင့်သုတ်လိုက်၏။

ထိုက်ပိုးရှန်ကား မျက်လုံးများ ဝေဝါးလာကာ လဲကျသွားလေ၏။

"ဝုန်း"

သူသည် သူ့ဆရာအတွက် လက်စားမချေနိုင်ဘဲ ဖြစ်သွားသည်။

ထိုစဉ် လူတစ်စုရောက်ရှိလာလေ၏။

ဘိုးဘိုးဟိုချူး၊ ဝန်ဝေးစန်းနှင့်လီရှူရှူတို့ ဖြစ်ကြ၏။

ထိုလူစုကိုတွေ့သောအခါ မြောက်ကျွန်းဘီလူးနှင့်ရွှေပိတုန်းဘွားဘွားသည် အနည်းငယ်ဖြူသွားကြ၏။

သူတို့သည် ပထမဆုံးအကြိမ် မီးလက်ဝါးကို ပြန်လည်တမ်းတမိကြသည်။ သူတို့စိတ်ထဲ၌ လေးသွားကြသည်။

"ဩော်... ဒီနေ့တော့ လူစုံတက်စုံပါပဲလား"

မြောက်ကျွန်းဘီလူးသည် တုန်လှုပ်သွားသောစိတ်ကို ကြိုးစားဖျောက်ရင်း အော်ဟစ်မေးလိုက်လေ၏။

ဘိုးဘိုးဟိုချူးက....

"ဟုတ်တယ်ဟေ့၊ ဒီနေ့ မြောက်ကျွန်းသားတွေကို ငရဲပို့မလို့

ရောက်လာကြတာကွ"

ရွှေပိတုန်းအဘွားက....

"အေး... နင်တို့က ငါတို့ကို ငရဲပို့နိုင်မလား၊ ငါတို့က နင်တို့ကို ငရဲပို့နိုင်မလားဆိုတာ ကြည့်ကြသေးတာပေါ့၊ ငါကတော့ ဟိုမှင်စာမလေးနဲ့တွေ့လို့ သိပ်ဝမ်းသာသွားပြီ"

ရွှေပိတုန်းအဘွားပြောသော မှင်စာမလေးဆိုသည်မှာ လီရှုရှုဖြစ်သည်။

သူမသည် ရေခဲတောင်ကျွန်ဟင်းအား တိုက်ခိုက်ပြီး လီရှုရှုနှင့်တိုက်ခိုက်ခဲ့သည်။

ထိုစဉ်ကပင် လီရှုရှုအား မှင်စာမလေးဟု ခေါ်ခဲ့ပေသည်။

သူမသည် လီရှုရှုအား အခဲမကျေနိုင်ပေ။

လီရှုရှုနှင့်ပထမအကြိမ်တွေ့ခဲ့ရစဉ်ကပင် သူမထွက်ပြေးခဲ့ရသည် မဟုတ်ပါလော။

သူမသည် လက်ဦးမှုရယူထားရမည်ဟူသောအတွေးက သူမ၏ဦးနှောက်၌ ကြီးစိုးနေ၏။

ထို့ကြောင့် လှစ်ခနဲလက်ကို လှုပ်ရှားလိုက်၏။

အဆိပ်ကြယ်လက်နက်ပုန်းသည် လှစ်ခနဲ ပြေးဝင်လာသည်။ ထိုလက်နက်ပုန်းကို လီရှုရှုက လှစ်ခနဲဖမ်းလိုက်၏။

ရွှေပိတုန်းဘွားဘွားက မှင်တက်မိသွားသည်။ သူ့လက်နက်



မြောက်ကျွန်းဘီလူးသည် ဓားကောက်ပြားကြီးကိုဆွဲကာ တဗိုးဗိုး ဝှေ့ယမ်းရင်း ရှေ့သို့တက်လာ၏။

အရှေ့ကျွန်းမင်းသားလေး ဝန်ဝေးစန်းသည် ထိုဓားကောက်ပြားခုတ်ကွင်းအတွင်းသို့ လွှားခနဲခုန်ဝင်သွား၏။

လူများသည် ဟာခနဲ ဖြစ်ကုန်သည်။

+++

သို့သော် တခဏ်အတွင်း ဝန်ဝေးစန်း၏တိုက်ကွက်ကို သိလိုက်ကြရသည်။

မြောက်ကျွန်းဘီလူးကား အကြောပိတ်ခံလိုက်ရသဖြင့် လက်ကြီးမြှောက်နေသည်။

ကျောက်ရုပ်ကြီးတစ်ရုပ်အလားပင်။ ဓားကောက်ပြားကြီးကား လွတ်ကျလေ၏။

ဝန်ဝေးစန်း၏တိုက်ကွက်မှာ အလွန်ဆန်းကြယ်သည်။ အရှေ့ကျွန်းမှ တိုက်ကွက်ဆန်းပင်။

ရွှေပိတုန်းအဘွားမှာ သူတို့အခြေမလှသည်ကို ရိပ်စားမိ

ပုန်းကို မည်သူမျှ မဖမ်းနိုင်ပေ။ ယခုလီရှုရှုက ဖမ်းထားပေပြီ။

"ဗိုး"

လီရှုရှုသည် သူမဖမ်းထားသည့်လက်နက်ပုန်းအား ပြန်လည်ပစ်လွှတ်လိုက်၏။

ရွှေပိတုန်းအဘွားမှာ ခွေးပြေးဝက်ပြေးရှောင်တိမ်းလိုက်ရသည်။

မြောက်ကျွန်းဘီလူးသည် သူ့အစ်မ အရေးနိမ့်နေသည်ကို မြင်သောအခါ မနေနိုင်တော့ပေ။

သူ၏ပေါက်တားကို ထုတ်ယူ၍ လီရှုရှုအား ပစ်လိုက်လေ၏။

"ဝှစ်"

လီရှုရှုသည် ထိုပေါက်တားကို လှစ်ခနဲ ဖမ်းယူလိုက်သည်။

ဖမ်းမိသည်နှင့် သူမသည် လှစ်ခနဲ ပြန်ပစ်လိုက်သောအခါ မြောက်ကျွန်းဘီလူး မရှောင်နိုင်တော့ပေ။

"အား"

ပေါက်တားသည် လက်မောင်းတွင် လာစိုက်နေ၏။

မြောက်ကျွန်းဘီလူးသည် ကိုယ့်အတတ်နှင့်ကိုယ်စူးသကဲ့သို့ ကိုယ့်လက်နက် ကိုယ့်လာစိုက်သောအခါ အကြီးအကျယ်တုန်လှုပ်ချောက်ချားသွားလေ၏။

သူသည် ထိုတားကိုဆွဲနှုတ်ပြီး လွှင့်ပစ်လိုက်သည်။



လိုက်၏။

သူသည် သူ့မောင်၏အသက်ကို ကယ်တင်ရန်မကြိုးစားတော့ဘဲ ကိုယ်လွတ်ရုန်းကာ လှည့်ထွက်ပြေးရန် ကြိုးစားတော့သည်။

"ဟိတ်"

သူမအလှည့်တွင် သူမရှေ့သို့ လီရှုရှု ခုန်ပျံရောက်ရှိလာသဖြင့် သူမ ထိတ်လန့်သွားသည်။

သူသည် လီရှုရှုကို ကြောက်လန့်သဖြင့် နောက်ဆုတ်နောက်ဆုတ်ဖြင့် နောက်ဆုတ်နေသည်။

"ဒီအဘွားကြီး ဘယ်ကိုဆုတ်တာလဲ"

"ဝုန်း"

အဘိုးဟိုချူးသည် ကြောက်အားလန့်အားဖြင့် နောက်ဆုတ်လာသော ရွှေပိတုန်းအဘွား၏ကျောပြင်အား ပြင်းထန်စွာ ရိုက်ချလိုက်၏။

အဘွားကြီးမှာ လိမ့်ဆင်းသွားတော့သည်။

တစ်ချက်တည်းနှင့် အသက်ထွက်သွား၏။ အဘိုးဟိုချူး၏လက်ဝါးရိုက်ချက်ကား တကယ်ပြင်းထန်လှ၏။

အရှေ့ကျွန်းမင်းသားလေးသည် ရန်ကြွင်းကို မထားလိုသဖြင့် မြောက်ကျွန်းဘီလူး၏ရင်ဘတ်အား ရိုက်ချလိုက်သည်။

"ဝုန်း"

မြောက်ကျွန်းဘီလူးမှာ တစ်ချက်တည်းဖြင့် အသက်ထွက်သွားသည်။

ထိုအချိန်မှာပင် သိုင်းအဓိပတိ အဘိုးယန်စီနှင့် နဂါးစားလီယုချိန်တို့ရောက်ရှိလာလေ၏။

အဘိုးယန်စီသည် တိုက်ပွဲအခြေအနေကို သိလိုက်လေပြီ။ သူတို့ပါဝင်ရန် မလိုတော့ကြောင်း သိလိုက်လေပြီ။

"ဖေဖေ"

"သမီး"

လီရှုရှုသည် သူမ၏မွေးစားဖခင် လီယုချိန်ကိုပြေးဖက်လေ၏။

ဝန်ဝေးစန်းသည် သွေးပလွေရှင် ထိုက်ပိုးရှန်အား ကြည့်ရှုလိုက်သည်။

ထိုက်ပိုးရှန်သည် မသေသေးပေ။ အဆိပ်တက်နေခြင်း ဖြစ်သည်။

ထိုအခါ ဝန်ဝေးစန်းက အဆိပ်ဖြေဆေး ဆေးလုံးများကို ထုတ်ကာ ဒဏ်ရာကို အဆိပ်ဖြေဆေးသိပ်လိုက်၏။

ပါးစပ်ကိုလည်း အတင်းဟကာ အဆိပ်ဖြေဆေးတစ်လုံး တိုက်ကျွေးသည်။



"အဘိုးဟိုချူး... ထိုက်ပိုးရှန် အဆိပ်မိနေတယ်၊ အဆိပ်ဖြေဆေး ကျွန်တော်တိုက်ထားတယ်၊ သူ့ကို ရေများများတိုက်ပေးပါ၊ သူ ရေသောက်နိုင်တဲ့အခါ တစ်ရက်ကျော်တာနဲ့ သူ့အဆိပ်တွေ လုံးဝကျ ဆင်းသွားပါလိမ့်မယ်"

အဘိုးဟိုချူးက....

"မင်းက ငါ့ကိုမှာနေရအောင် မင်းက ဘယ်သွားမလို့လဲ"

"ကျွန်တော် အရှေ့ကျွန်းကို ပြန်ရတော့မှာပါ"

"ဟေ"

ဝန်ဝေးစန်းသည် လီရှုရှုကို နှုတ်ဆက်လိုက်သည်။

"လီရှုရှု... တို့သွားတော့မယ်နော်"

"ရှင်"

လီရှုရှုမှာ အံ့သြလွန်းသဖြင့် ထိုမျှသာ ပြောနိုင်သည်။

ဝန်ဝေးစန်းသည် ချာခနဲ လှည့်ထွက်သွားလေတော့သည်။

သူသည် အဘိုးဟိုချူး၊ အဘိုးယန်စီကို ဂါရဝပြုပြီး သူ့အားသွားခွင့်ပြုရန် ပန်ကြားသည်။

"အဘိုး၊ ကျွန်တော့်တာဝန် ကုန်ပါပြီခင်ဗျာ၊ သွားခွင့်ပြုပါတော့"

"အေး... အေး... အရှေ့ကျွန်းရောက်ရင် အရှေ့ကျွန်းသားတွေ သာသာယာယာ ချမ်းချမ်းမြေ့မြေ့ ရှိပါစေကွယ်"

"ဟုတ်ကဲ့ပါ အဘိုး"

သူသည် နဂါးစေးလီယုချိန်အား ဂါရဝပြုနှုတ်ဆက်ပြီး ပြေးထွက်သွားလေတော့သည်။

+++

ထိုစဉ် လီရှုရှုလည်း ဖျတ်ခနဲသတိရကာ ပြေးလိုက်သွားသည်။

"ဝန်ဝေးစန်း... ဝန်ဝေးစန်း"

လီရှုရှုအော်သံသည် ဝန်ဝေးစန်းအား တုံ့ခနဲ ရပ်ဆိုင်းသွားစေလေသည်။

"ပြောစရာရှိလို့ ခဏ"

ဝန်ဝေးစန်းသည် လီရှုရှုဘက်သို့ လှည့်လာလေသည်။

"လီရှုရှု... ဘာပြောမလို့လဲ"

လီရှုရှုက ငိုမလိုမျက်နှာထားနှင့် ပြောသည်။

"ရှင်... ရှင်... တကယ်ပြန်မလို့လား"

"တကယ်ပြန်မှာပါ၊ အရှေ့ကျွန်းက သတင်းပို့လာတယ်လေ၊ ကျွန်းရဲ့အကြီးအကဲနေရာကို ဆက်ခံပါ၊ အကြီးအကဲရဲ့ကြင်ဖက်ကို ရွေးချယ်ပြီးပါပြီလို့ သတင်းလာတယ်၊ ဒါကြောင့် ပြန်ရတာပါ"

"သြော်"

လီရှုရှု ရင်ထဲ၌ နာကျင်သွားသည်။

သူချစ်ပါသည်ဟု ပြောမည့်ဆဲဆဲဖြစ်သည်။

ယခုတော့ ကြင်ဖက်ကိုရွေးချယ်ပြီးပြီဟု သူပြော နေလေပြီ၊ ကြင်ဖက်ရွေးမည်ဟု သိထားပါလျက်နှင့် အဘယ်ကြောင့် သူမကို ချစ်ရေးဆိုခဲ့ရပါသနည်း။

သူမ သူ့ကိုစိတ်ညွတ်နေသည်ကို သူ မသိပါသလော။ လီရှုရှု အသည်းနာလှပါသည်။

"လီရှုရှု... တို့သွားမယ်နော်"

လီရှုရှုမှာ ဘာမျှမဖြေနိုင်။ တွေးတောငေးမောလျက်သာ ရှိနေလေသည်။

ဝန်ဝေးစန်းသည် တစ်လှမ်းချင်း ထွက်ခွာသွားသည်။

ထွက်ခွာသွားသည့် ဝန်ဝေးစန်းသည် အဘိုးဟိုချူး၏စကားများကို ကြားယောင်နေခဲ့သည်။

"ဝန်ဝေးစန်း... ထိုက်ပိုးရှန်ဟာ လီရှုရှုကို အသက်ပေးပြီး ချစ်ခဲ့တဲ့လူကွ၊ မင်းအရင် လီရှုရှုကိုတွေ့ပြီး မင်းအရင် လီရှုရှုကို ချစ်ရေး ဆိုခဲ့တဲ့လူ၊ အဲဒါ မင်းသဘောပေါက်ရင် မင်းဟာ လုပ်သင့်တယ်ဆိုတာကို မင်းစဉ်းစားမိမှာပါကွာ"

ဝန်ဝေးစန်းသည် အဘိုးပုဂ္ဂိုလ်ချုံး၏စကားများကို ပွဲတင်ထပ်မျှ ကြားနေရပါသည်။

သူသည် တိုးတိုးကလေး ရွတ်ဆိုလိုက်သည်။

"လီရှူရှူရယ်... ဒီဘဝ မပေါင်းရပေမယ့် နောက်ဘဝတော့ ပေါင်းရမှာပေါ့ကွယ်"

ဝန်ဝေးစန်းကား တဖြည်းဖြည်း ဝေးဝေးသွားလေ၏။

ပြီး၏။

တက္ကသိုလ် နေလင်းအောင်